ကန့်သတ်

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
# ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာန
# သစ်တောဦးစီးဌာန










## ခရိုင်သစ်တောအုပ်ချုပ်လုပ်ကိုင်မှုစီမံကိန်း

## တမူးခရိုင်၊ စစ်ကိုင်းတိုင်းဒေသကြီး

## ၂၀၁၆ – ၂၀၁၇ ခုနှစ်မှ ၂၀၂၅ – ၂၀၂၆ ခုနှစ်အထိ

## စီမံကိန်း အပိုင်း(၁)

ပြုစုသူ
ဦးကြည်မင်း *B.Sc(Forestry)*
လက်ထောက်ညွှန်ကြားရေးမှူး

မတ်လ၊ ၂၀၁၆ ခုနှစ်

ကန့်သတ်

# သစ်တောအုပ်ချုပ်လုပ်ကိုင်မှုစီမံကိန်း

## မာတိကာ


| စဉ် | အကြောင်းအရာ | စာမျက်နှာ | |
|---|---|---|---|
| | | မှ | ထိ |
| | စီမံကိန်းအကျဉ်းချုပ် | ၁ | ၆ |
| | အပိုင်း (၁) လက်ရှိအခြေအနေ | | |
| ၁ | **နိဒါန်း** | ၇ | ၈ |
| ၂ | **အခြေခံအချက်အလက်များ** | | |
| | ၂.၁ ဇီဝရူပဆိုင်ရာအချက်အလက်များ | ၈ | ၁၇ |
| | ၂.၂ မြေအသုံးချမှု | ၁၇ | ၂၀ |
| | ၂.၃ သစ်တောသယံဇာတအရင်းအမြစ် | ၂၁ | ၂၁ |
| | ၂.၃.၁ သစ်တောအမျိုးအစားများနှင့်ဧရိယာအကျယ်အဝန်း | ၂၁ | ၂၅ |
| | ၂.၃.၂ သစ်ပင်ပေါက်ရောက်မှုအခြေအနေ | ၂၅ | ၂၅ |
| | ၂.၃.၂.၁ ကြိုးဝိုင်းတောများ | ၂၅ | ၂၉ |
| | ၂.၃.၂.၂ ကြိုးပြင်ကာကွယ်တောများ | ၂၉ | ၃၄ |
| | ၂.၃.၂.၃ ကြိုးပြင်တောများ (သစ်တော ဖုံးလွှမ်းလျှက်ရှိသည့် အစိုးရမြေ) | ၃၄ | ၃၇ |
| | ၂.၃.၃ သစ်မဟုတ်သည့်သစ်တောထွက်ပစ္စည်းများ | ၃၇ | ၃၈ |
| | ၂.၃.၄ သဘာဝထိန်းသိမ်းရေးနယ်မြေများ | ၃၈ | ၃၉ |
| ၃ | **လူဦးရေဆိုင်ရာအချက်အလက်များ** | ၃၉ | ၄၀ |
| ၄ | **ယခင်အုပ်ချုပ်လုပ်ကိုင်ခြင်း** | ၄၀ | ၄၀ |
| | ၄.၁ ထုတ်လုပ်ခြင်း | ၄၀ | ၄၀ |
| | ၄.၂ သစ်တောစိုက်ပျိုးပြုစုခြင်းနှင့်အုပ်ချုပ်လုပ်ကိုင်ခြင်း | ၄၀ | ၄၀ |
| | ၄.၃ လုပ်ငန်းဖွဲ့စည်းပုံနှင့်စီမံခန့်ခွဲခြင်း | ၄၀ | ၄၂ |
| | ၄.၄ လေ့ကျင့်ရေး၊ သုတေသနနှင့်ဖွံ့ဖြိုးရေး | ၄၃ | ၄၃ |
| | ၄.၅ အခွန်တော်ငွေနှင့်အသုံးစရိတ် | ၄၃ | ၄၄ |
| ၅ | **ယခင်လုပ်ငန်းဆောင်ရွက်မှုများအပေါ် သုံးသပ်ခြင်း** | ၄၅ | ၄၅ |
| | ၅.၁ ရည်မှန်းချက်များအကောင်အထည်ဖော်နိုင်မှု | ၄၅ | ၄၅ |

| စဉ် | အကြောင်းအရာ | စာမျက်နှာ | |
|---|---|---|---|
| | | မှ | ထိ |
| | ၅.၂ လူမှုရေးနှင့်လူ့အဖွဲ့အစည်းဆိုင်ရာပြဿနာများ | ၄၅ | ၄၅ |
| | ၅.၃ အုပ်ချုပ်လုပ်ကိုင်မှုလုပ်ငန်းများ | ၄၅ | ၄၅ |
| | ၅.၄ အဖွဲ့အစည်း၊ လုပ်ထုံးလုပ်နည်းဥပဒေနှင့် စည်းမျဉ်းစည်းကမ်းများဆိုင်ရာ စီစဉ်ခန့်ခွဲမှု | ၄၅ | ၄၆ |
| | ၅.၅ ပြင်ပအကြောင်းရင်းများမှ အကျိုးသက်ရောက်မှု | ၄၆ | ၄၆ |
| | ၅.၆ လိုအပ်ချက်နှင့်ဖြည့်ဆည်းပေးနိုင်မှု | ၄၆ | ၄၆ |
| | ၅.၇ အခွန်တော်ငွေနှင့်အသုံးစရိတ် | ၄၆ | ၄၆ |
| | ၅.၈ လုပ်ငန်းဆိုင်ရာအခက်အခဲအတားအဆီးများ | ၄၇ | ၄၇ |
| | ၅.၉ အထွေထွေ | ၄၇ | ၄၇ |
| ၆ | **နိဂုံး** | ၄၇ | ၄၈ |
| | အပိုင်း (၂) လက်ရှိအခြေအနေ | ၄၉ | ၄၉ |
| ၇ | **သစ်တောမူဝါဒ** | ၄၉ | ၅၀ |
| ၈ | **အုပ်ချုပ်လုပ်ကိုင်မှု ဦးတည်ချက်များနှင့် ရည်ရွယ်ချက်များ** | ၅၁ | ၅၁ |
| | ၈.၁ အုပ်ချုပ်လုပ်ကိုင်မှု ဦးတည်ချက်များ (၁၀ နှစ်ကာလအတွက်) | ၅၁ | ၅၁ |
| | ၈.၂ အုပ်ချုပ်လုပ်ကိုင်မှု ရည်ရွယ်ချက်များ | ၅၁ | ၅၂ |
| ၉ | **အုပ်ချုပ်လုပ်ကိုင်မှု စီမံကိန်းရေးဆွဲခြင်း** | ၅၂ | ၅၂ |
| | ၉.၁ ထုတ်လုပ်ရေးသဘာဝသစ်တောများ | ၅၂ | ၅၂ |
| | ၉.၁.၁ အုပ်ချုပ်လုပ်ကိုင်မှု ရည်ရွယ်ချက်များ | ၅၂ | ၅၂ |
| | ၉.၁.၂ အုပ်ချုပ်လုပ်ကိုင်မှုနည်းလမ်းများ | ၅၃ | ၅၃ |
| | ၉.၁.၂.၁ ထုတ်လုပ်ရေးအလုပ်တိုက်နယ် | ၅၃ | ၆၂ |
| | ၉.၂ ထုတ်လုပ်ရေးသစ်တောစိုက်ခင်းများ | ၆၂ | ၆၂ |
| | ၉.၂.၁ အုပ်ချုပ်ရေးလုပ်ကိုင်မှုရည်ရွယ်ချက်များ | ၆၂ | ၆၂ |
| | ၉.၂.၂ အုပ်ချုပ်လုပ်ကိုင်မှုနည်းလမ်းများ | ၆၂ | ၆၂ |
| | ၉.၂.၂.၁ စိုက်ခင်းအလုပ်တိုက်နယ် | ၆၃ | ၇၇ |
| | ၉.၂.၃ အဖွဲ့အစည်း၊ လုပ်ထုံးလုပ်နည်း၊ ဥပဒေနှင့် စည်းမျဉ်းစည်းကမ်းများဆိုင်ရာ စီစဉ်ခန့်ခွဲမှု | ၇၇ | ၇၇ |
| | ၉.၂.၄ ဘတ်ဂျက်နှင့် ဘဏ္ဍာရေး | ၇၇ | ၇၈ |

| စဉ် | အကြောင်းအရာ | စာမျက်နှာ | |
|---|---|---|---|
| | | မှ | ထိ |
| | ၉.၃ ဒေသထောက်ပံ့ရေး/ဒေသခံပြည်သူအစုအဖွဲ့ပိုင်သစ်တောများ | ၇၈ | ၇၈ |
| | ၉.၃.၁ အုပ်ချုပ်လုပ်ကိုင်မှုရည်ရွယ်ချက်များ | ၇၈ | ၇၈ |
| | ၉.၃.၂ အုပ်ချုပ်လုပ်ကိုင်မှုနည်းလမ်းများ | ၇၈ | ၇၉ |
| | ၉.၃.၂.၁ ဒေသထောက်ပံ့ရေး/ဒေသခံပြည်သူအစုအဖွဲ့ပိုင်သစ်တောများ | ၇၉ | ၈၄ |
| | ၉.၃.၃ အဖွဲ့အစည်း၊ လုပ်ထုံးလုပ်နည်း၊ ဥပဒေနှင့် စည်းမျဉ်း စည်းကမ်းများဆိုင်ရာ စီစဉ်ခန့်ခွဲမှု | ၈၄ | ၈၄ |
| | ၉.၃.၄ ဘတ်ဂျက်နှင့် ဘဏ္ဍာရေး | ၈၄ | ၈၄ |
| | ၉.၄ ရေဝေရေလဲသစ်တောများ | ၈၅ | ၈၅ |
| | ၉.၄.၁ အုပ်ချုပ်လုပ်ကိုင်မှု ရည်ရွယ်ချက်များ | ၈၅ | ၈၅ |
| | ၉.၄.၂ အုပ်ချုပ်လုပ်ကိုင်မှု နည်းလမ်းများ | ၈၅ | ၈၅ |
| | ၉.၄.၂.၁ ရေဝေရေလဲသစ်တောများအလုပ်တိုက်နယ် | ၈၅ | ၈၈ |
| | ၉.၅ သစ်မဟုတ်သည့်သစ်တောထွက် ပစ္စည်းများ | ၈၈ | ၈၈ |
| | ၉.၅.၁ အုပ်ချုပ်လုပ်ကိုင်မှု ရည်ရွယ်ချက်များ | ၈၈ | ၈၈ |
| | ၉.၅.၂ အုပ်ချုပ်လုပ်ကိုင်မှု နည်းလမ်းများ | ၈၈ | ၈၈ |
| | ၉.၅.၂.၁ သစ်မဟုတ်သည့် သစ်တောထွက်ပစ္စည်းများ အလုပ်တိုက်နယ် | ၈၈ | ၉၁ |
| | ၉.၆ သဘာဝထိန်းသိမ်းရေး နယ်မြေများ | ၉၁ | ၉၂ |
| | ၉.၆.၁ ဂေဟစနစ်များ အုပ်ချုပ်လုပ်ကိုင်ခြင်း | ၉၂ | ၉၂ |
| | ၉.၆.၁.၁ အုပ်ချုပ်လုပ်ကိုင်မှု ရည်ရွယ်ချက်များ | ၉၂ | ၉၃ |
| | ၉.၆.၁.၂ အုပ်ချုပ်လုပ်ကိုင်မှု နည်းလမ်းများ/ အမျိုးအစား | ၉၃ | ၉၅ |
| | ၉.၆.၂ တောရိုင်းတိရစ္ဆာန်နှင့် သဘာဝအပင်များ အုပ်ချုပ်လုပ်ကိုင်ခြင်း | ၉၅ | ၉၇ |
| | ၉.၆.၃ အဖွဲ့အစည်း၊ လုပ်ထုံးလုပ်နည်း၊ ဥပဒေနှင့် စည်းမျဉ်း စည်းကမ်းများဆိုင်ရာ စီမံခန့်ခွဲမှု | ၉၇ | ၉၇ |
| | ၉.၆.၄ ဘတ်ဂျက်နှင့် ဘဏ္ဍာရေး | ၉၇ | ၉၇ |
| | ၉.၇ သစ်တောကာကွယ်ခြင်း | ၉၇ | ၉၇ |
| | ၉.၇.၁ နယ်နိမိတ် သတ်မှတ်ပြင်ဆင်ထိန်းသိမ်းခြင်း | ၉၇ | ၉၇ |
| | ၉.၇.၂ မီးကာကွယ်ခြင်း | ၈၄ | ၉၈ |
| | ၉.၇.၃ ပိုးမွှားနှင့် ရောဂါအန္တရာယ်ကာကွယ်ခြင်း | ၉၉ | ၉၉ |

| စဉ် | အကြောင်းအရာ | စာမျက်နှာ | |
|---|---|---|---|
| | | မှ | ထိ |
| | ၉.၇.၄ လှည့်လည်စစ်ဆေးခြင်း | ၉၉ | ၉၉ |
| | ၉.၇.၅ ကြိုးဝိုင်းတော၊ ကြိုးပြင်ကာကွယ်တောများ ဖွဲ့စည်းခြင်း | ၉၉ | ၁၀၀ |
| | ၉.၈ လေ့ကျင့်ရေး၊ သုတေသနနှင့် ဖွံ့ဖြိုးရေး | ၁၀၀ | ၁၀၀ |
| | ၉.၈.၁ လေ့ကျင့်ရေး | ၁၀၀ | ၁၀၀ |
| | ၉.၈.၂ သုတေသန | ၁၀၀ | ၁၀၀ |
| | ၉.၈.၃ ဖွံ့ဖြိုးရေး | ၁၀၁ | ၁၀၁ |
| | ၉.၉ သစ်တောအခြေခံလုပ်ငန်း | ၁၀၁ | ၁၀၁ |
| | ၉.၉.၁ ပြည်သူပိုင်ကဏ္ဍ | ၁၀၁ | ၁၀၁ |
| | ၉.၉.၂ သမဝါယမကဏ္ဍ | ၁၀၁ | ၁၀၁ |
| | ၉.၉.၃ ဖက်စပ်ပိုင်ကဏ္ဍ | ၁၀၁ | ၁၀၁ |
| | ၉.၉.၄ ပုဂ္ဂလိကကဏ္ဍ | ၁၀၂ | ၁၀၂ |
| | ၉.၁၀ သဘာဝဝန်းကျင်နှင့် ပတ်သက်၍ ထည့်သွင်းစဉ်းစားရမည့် အချက်များ | ၁၀၂ | ၁၀၄ |
| | ၉.၁၁ အခြေခံအဆောက်အဦး | ၁၀၄ | ၁၀၅ |
| | ၉.၁၂ ဝန်ထမ်းအင်အားနှင့် ဘတ်ဂျက် | ၁၀၆ | ၁၀၇ |
| | ၉.၁၃ ကြီးကြပ်စစ်ဆေးခြင်းနှင့် အကဲဖြတ်ခြင်း | ၁၀၇ | ၁၀၉ |
| | ၉.၁၄ အထွေထွေ | ၁၀၉ | ၉၃ |
| **၁၀** | **မြေပုံနှင့် နောက်ဆက်တွဲများ** | ၁၁၀ | ၁၁၀ |

# စီမံကိန်းအကျဉ်းချုပ်

## စီမံကိန်းအမည်

၁။ စစ်ကိုင်းတိုင်းဒေသကြီး၊ တမူးခရိုင်၊ တမူးမြို့နယ်အတွက် ရေးဆွဲထားသော တမူးခရိုင် သစ်တော အုပ်ချုပ်လုပ်ကိုင်မှုစီမံကိန်း ဖြစ်ပါသည်။

## စီမံကိန်းကာလ

၂။ စီမံကိန်းကာလမှာ (၁၀)နှစ် (၂၀၁၆-၁၇ ခုနှစ်မှ ၂၀၂၅-၂၆ ခုနှစ်အထိ) ဖြစ်ပါသည်။

## ရည်ရွယ်ချက်များ

၃။ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန၏ မူဝါဒတွင်နိုင်ငံတော်နှင့် နောင်လာ နောင်သားများ အနာဂတ်မျိုးဆက်သစ်တို့၏ အကျိုးစီးပွားဖြစ်ထွန်းစေရန် အလို့ငှာ သစ်တောသယံဇာတများကို မပျက်စီးစေဘဲထာဝစဉ် ထုတ်ယူသုံးစွဲရေးအတွက် စနစ်တကျစီမံ အုပ်ချုပ်ဆောင်ရွက်သွားရန်ဟူ၍ အလေးအနက် ဖော်ပြပါရှိပါသည်။

သစ်တောသယံဇာတ (Forest Resource) များသည် သဘာဝသယံဇာတ (National Resource) များဖြစ်ရုံသာမက ပတ်ဝန်းကျင်ဆိုင်ရာသယံဇာတ (Environment Resource) များလည်း ဖြစ်ကြပါသည်။ စီမံကိန်းရေးဆွဲခြင်းဖြင့် တမူးခရိုင်အတွင်းရှိ သစ်တောသယံဇာတ များကို စနစ်တကျ အုပ်ချုပ်လုပ်ကိုင်နိုင်ပြီး အထက်ဖော်ပြပါ မူဝါဒများကိုလည်း အကောင် အထည်ဖော်ရာ ရောက်ပါသည်။ သဘာဝအမွေအနှစ် များဖြစ်သော သစ်တောများကို ပျက်စီး ပြုန်းတီးမှုနည်းပါးစေရန် တည်တံ့ခိုင်မြဲစေရေးအတွက် ထိန်းသိမ်းကာကွယ်ရန်တို့ကို ဦးတည်ချက် များအဖြစ် ထားရှိပါသည်။ သစ်တောသယံဇာတများ တိုးပွားလာစေရန်အတွက် သစ်တော ဧရိယာများ တိုးချဲ့သတ်မှတ်ခြင်း၊ စိုက်ခင်းများတိုးချဲ့ တည်ထောင်ခြင်းတို့ကိုလည်း လုပ်ဆောင် သွားမည်ဖြစ်ပါသည်။

ယခုကဲ့သို့လုပ်ဆောင်ရာတွင် သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီး ဌာန၏ ရည်ရွယ်ချက်များအနက် တစ်ခုဖြစ်သော "ပြည်ပဈေးကွက်ဝင် သစ်တောစိုက်ခင်းများ၊ စက်မှုကုန်ကြမ်း စိုက်ခင်းများ တိုးချဲ့စိုက်ပျိုးသွားပြီး၊ ကျေးရွာသုံးသစ်၊ ဝါး၊ ထင်းနှင့်မီးသွေး ထုတ်လုပ်ရန်အတွက် ကျေးရွာသုံးသစ်တောစိုက်ခင်းများကို ဒေသခံများနှင့် ပူးပေါင်း၍တိုးချဲ့ စိုက်ပျိုးရန်" တို့ကိုလုပ်ငန်း လမ်းညွှန်အဖြစ် ချမှတ်ဆောင်ရွက်သွားမည်ဖြစ်ပါသည်။ ပြည်ပ ဈေးကွက်ဝင် သစ်တောစိုက်ခင်းများကိုလည်း တိုးချဲ့စိုက်ပျိုး သွားမည်ဖြစ်ပါသည်။ သစ်တော ထိန်းသိမ်းကာကွယ်ရေး လုပ်ငန်းများကို ပြည်သူလူထုနှင့် ပူးပေါင်း၍ တိုးချဲ့စိုက်ပျိုးသွားမည် ဖြစ်သကဲ့သို့ ပြည်သူလူထုတွင်မရှိမဖြစ် လိုအပ်သော ထင်း၊ မီးသွေး၊ ထုတ်လုပ်နိုင်ရေးအတွက်

ကျေးရွာသုံး ထင်းစိုက်ခင်းများကို ဒေသခံပြည်သူများနှင့် ပူးပေါင်း၍ တိုးချဲ့စိုက်ပျိုးသွားမည်ဖြစ်ပါသည်။

သစ်တောများထာဝစဉ် တည်တံ့စေရေးအတွက် သစ်တောသယံဇာတများ မပျက်စီးစေဘဲ ထာဝစဉ်ထုတ်ယူသုံးစွဲနိုင်ရေးအတွက် စနစ်တကျ စီမံအုပ်ချုပ်လုပ်ကိုင် သွားရမည်ဖြစ်ပါသည်။ ထာဝစဉ်ညီ တောထွက်ရရှိစေရန် နှစ်စဉ်တောထွက်ကိုမထိခိုက်စေဘဲ စနစ်တကျအုပ်ချုပ်လုပ်ကိုင် ထုတ်လုပ်စေရမည် ဖြစ်ပါသည်။ ထုတ်ယူရရှိသည့် သစ်တောသယံဇာတများကို ပြည်ပသို့တင်ပို့ ရောင်းချခြင်းဖြင့် နိုင်ငံခြားငွေရရှိပြီး တိုင်းပြည်၏ ခနအင်အား တိုးတက်လာမည် ဖြစ်ပါသည်။ ထို့အပြင် ပြည်တွင်း လိုအပ်ချက်များကို ဖြည့်ဆည်းပေးနိုင်သဖြင့် နိုင်ငံတော်၏ စီးပွားရေးကဏ္ဍ၊ လူမှုရေးကဏ္ဍများလည်း တိုးတက်လာမည်ဖြစ်ပါသည်။ သစ်သာမက သစ်တောထွက်ပစ္စည်းများကို စီမံကိန်းရေးဆွဲ၍ စနစ်တကျ အုပ်ချုပ်လုပ်ကိုင်ခြင်းဖြင့် ရေရှည်ထုတ်လုပ်နိုင်သည့်အပြင် နိုင်ငံတော်၏ အခွန်တော်ငွေများကို တိုးတက်ရရှိလာသကဲ့သို့ လုပ်သားပြည်သူများ၏ စီးပွားရေး ကဏ္ဍလည်း မြင့်မားလာမည် ဖြစ်ပါသည်။ လတ်တလော အကျိုးအတွက်သာ မျှော်ကိုး၍ သစ်နှင့် သစ်တောထွက်ပစ္စည်းကိုအလွန်အကျွံ ထုတ်ယူသုံးစွဲလျှင် ရေရှည် သစ်တောထိန်းသိမ်းအုပ်ချုပ်မှု နှင့်လိုက်လျောညီထွေမှု မဖြစ်စေဘဲ သစ်တောသယံဇာတများလျော့ပါး ပြုန်းတီးမှုနှင့် အစဉ်ထိပ်တိုက် ရင်ဆိုင်နေရမည် ဖြစ်ပါသည်။ ဤသို့မဖြစ်စေရန်အတွက် စနစ်တကျ ထုတ်လုပ်သုံးစွဲနိုင်ရန် ဤအုပ်ချုပ်လုပ်ကိုင်မှုစီမံကိန်းကို ရေးဆွဲလုပ်ကိုင်ရခြင်း ဖြစ်ပါသည်။

စီမံကိန်းရေးဆွဲ၍စနစ်တကျ အကောင်အထည်ဖော်ဆောင်ရွက်ခြင်းဖြင့် သစ်တောများကို မထိခိုက် စေဘဲ နှစ်စဉ်တောထွက်များကို ရေရှည်ထုတ်လုပ်သုံးစွဲနိုင်ခြင်း၊ ထုတ်လုပ်ရရှိသော သစ်နှင့် သစ်တောထွက် ပစ္စည်းများကို ပြည်တွင်းပြည်ပ ရောင်းချခြင်းဖြင့် စီးပွားရေးကဏ္ဍ တိုးတက်လာခြင်း၊ ဂေဟစနစ် မပျက်စီးရအောင် ထုတ်လုပ်မှုနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းမှုကို ဟန်ချက်ညီအောင် ရေးဆွဲခြင်းဖြင့် သစ်ပင်ပန်းမာန်များနှင့် သားငှက်တိရိစ္ဆာန်များ မျိုးသုဉ်းပျောက်ကွယ်မှုများ နည်းပါးစေခြင်း စသည့်အကျိုးကျေးဇူးများ ရရှိသည့်အပြင် လူမှုစီးပွားရေး ကဏ္ဍများလည်း တိုးတက်လာမည်ဖြစ်ပါသည်။

နိဂုံးချုပ်ဆိုရလျှင် သစ်တောထိန်းသိမ်းရေးနှင့် သစ်တောသယံဇာတများကို စနစ်တကျ ထုတ်ယူရေးကို စီမံချက်များချ၍ ဟန်ချက်ညီညီဆောင်ရွက်သွားရန် အထူးလိုအပ်ပါသည်။ သစ်တော ထိန်းသိမ်းကာကွယ်ရေးလုပ်ငန်းသည် အလွန်ကျယ်ပြန့်သည့်အလျှောက် ပတ်ဝန်းကျင် ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာန အောက်ရှိ သစ်တောဦးစီးဌာနမှ ဝန်ထမ်းအင်အား သက်သက်ဖြင့် အကောင်အထည်ဖော် ဆောင်ရွက်နိုင်မည် မဟုတ်ဘဲပြည်သူလူထုက လက်တွဲပြီး အသိစိတ်ရှိရှိဖြင့် အမျိုးသားရေး တာဝန်တစ်ရပ် အနေဖြင့် ဝိုင်းဝန်းကာကွယ် စောင့်ရှောက်ကြရန် အထူးလိုအပ်ပါသည်။ နိုင်ငံသားတိုင်းတွင် သစ်တောနှင့် သဘာဝဝန်းကျင်ကို ထိန်းသိမ်းကာကွယ် စောင့်ရှောက်ရန်မှာ မွေးရာပါတာဝန်တစ်ရပ် ဖြစ်သည်ဟူသော အသိခံယူ ထားကြစေလိုပါသည်။

## အခွင့်အာဏာ

၄။ ၁၉၉၂ ခုနှစ် သစ်တောဥပဒေပုဒ်မ (၁၀)အရ သစ်တောဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် သည် ဤသစ်တောအုပ်ချုပ်လုပ်ကိုင်မှု စီမံကိန်းကို သယံဇာတနှင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေး ဝန်ကြီးဌာန ဝန်ကြီး၏ သဘောတူခွင့်ပြုချက်ဖြင့် စီမံခန့်ခွဲမှု အခွင့်အာဏာများကို ကျင့်သုံးပြီး အကောင်အထည်ဖော် ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

၅။ ၁၉၉၅ ခုနှစ် မြန်မာ့သစ်တောမူဝါဒ၊ မူဝါဒသဘောထားကြေငြာချက် အခန်း ၃-၆ တွင် လည်း ယေဘုယျ လမ်းညွှန်ချက်များနှင့် ရည်မှန်းချက်များ ချမှတ်ပေးမည့် (၁၀)နှစ်စီမံကိန်း တစ်ရပ် ရေးဆွဲရန် မူဝါဒလုပ်ငန်းတစ်ရပ်အဖြစ် ချမှတ်ဖော်ပြထားပါသည်။

## အကျယ်အဝန်းနှင့်လူဦးရေ

၆။ တမူးခရိုင်တွင် တမူးမြို့နယ်တစ်ခု ဖြစ်ပါသည်။ (က)အဆင့် မြို့နယ်ဖြစ်ပါသည်။ မြို့သစ် မြို့နယ်နှင့် ခမ်းပါတ်မြို့နယ်တို့သည် ပူးတွဲမြို့နယ်များဖြစ်ကြပါသည်။ ခရိုင်၏ ဧရိယာအကျယ် အဝန်းမှာ (၃၂၇,၄၉၀) ဧက ဖြစ်ပါသည်။ လူဦးရေမှာ ၂၀၁၄ ခုနှစ်၊ သန်းခေါင်စာရင်းအရ (၁၁၄၈၂၇) ဦးဖြစ်ပါသည်။

## မြေမျက်နှာသွင်ပြင်

၇။ တမူးခရိုင်၏အရှေ့ဘက်ခြမ်းတွင် မင်းသမီးတောင်တန်းရှိပြီး အနောက်ဘက်ခြမ်းတွင် အိန္ဒိယနိုင်ငံ နှင့်ခွဲခြားထားသည့် တောင်တန်းကြီးတစ်ခုရှိပါသည်။ သို့ဖြစ်ပါ၍တမူးခရိုင်သည် ၎င်းတောင်တန်း နှစ်ခုအကြား ချိုင့်ဝှမ်းတစ်ခုအဖြစ် တည်ရှိပါသည်။ အဓိကကျသော ယူးချောင်း သည် မြောက်ဘက်မှ တောင်ဘက်သို့ စီးဆင်းလျှက်ရှိပါသည်။ မင်းသမီးတောင်တန်းဘက်မှ ချောင်းငယ်များသည် အရှေ့ဘက်မှ ယူးချောင်းအတွင်းသို့ စီးဆင်းလျှက် အိန္ဒိယဘက်မှ စီးဆင်းသည့် ချောင်းငယ်များသည် အနောက်ဘက်မှ ယူချောင်းအတွင်းသို့ စီးဝင်ပါသည်။

တမူးခရိုင်၏ တောင်ဘက်ခြမ်းတွင် အတွင်းရိုးမတောင်တန်းသည် ချိုင့်ဝှမ်းအတွင်းသို့ တဖြည်းဖြည်း နိမ့်ဆင်းလျှက် ရှိပါသည်။

## ရာသီဥတု

၈။ တမူးခရိုင်သည် ပူအိုက်စွတ်စိုသော ရာသီဥတုရှိပြီး တစ်နှစ်ပတ်လုံး ပျမ်းမျှမိုးရေချိန်မှာ (၈၅.၉၈) လက်မ ဖြစ်ပါသည်။ အမြင့်ဆုံးအပူချိန်မှာ (၄၀.၇) ဒီဂရီစင်တီဂရိတ်ဖြစ်ပြီး အနိမ့်ဆုံး အပူချိန်မှာ (၃.၃) ဒီဂရီစင်တီဂရိတ် ဖြစ်ပါသည်။

တမူးခရိုင်တွင် မိုးရွာသွန်းမှုများသော လများမှာ ဇွန်၊ ဇူလိုင်၊ ဩဂုတ်၊ စက်တင်ဘာ၊ အောက်တိုဘာလများ ဖြစ်ကြောင်းတွေ့ရှိရပါသည်။

တမူးခရိုင်၏ လအလိုက် ရာသီဥတုဆိုင်ရာ ကိန်းဂဏန်းများကို ဇယား(၂.၁.၄)တွင် ဖော်ပြထားပါသည်။

**သစ်တောမြေအသုံးချမှု**

၉။ ၂၀၁၀ ခုနှစ်၊ သစ်တောမြေအသုံးချမှုအခြေအနေမှာ အောက်ပါအတိုင်း ဖြစ်ပါသည်။

| စဉ် | အမျိုးအစား | အရေအတွက် | ဧရိယာ (ဧက) |
|---|---|---|---|
| (၁) | (၂) | (၃) | (၄) |
| ၁။ | ကြိုးဝိုင်းတော | ၂ | ၁၂၄၇၆၇ |
| ၂။ | ကြိုးပြင်ကာကွယ်တော | ၂ | ၄၅၁၀၀ |
| ၃။ | ကြိုးပြင်တော(သစ်တောဖုံးလွှမ်းလျက်ရှိသော အစိုးရ စီမံခန့်ခွဲပိုင်ခွင့်ရှိသောမြေ) | - | ၃၉၉၅၂ |
| ၄။ | သဘာဝထိန်းသိမ်းရေးနယ်မြေ | - | - |
| | **စုစုပေါင်း** | **၄** | **၂၀၉၈၁၉** |

ဇစ်မြစ်- တမူးခရိုင်၊ သစ်တောဦးစီးဌာန

**တောအမျိုးအစားနှင့် သစ်၊ ကြိမ်၊ ဝါးများ**

၁၀။ တမူးခရိုင်အတွင်း အဓိကပေါက်သည့် တောအမျိုးအစားမှာ အထက်ရွက်ပြတ် ရောနှော တောစို၊ အထက်ရွက်ပြတ်ရောနှောတောခြောက်နှင့် အင်တိုင်းတော အမျိုးအစားများ ဖြစ်ပါသည်။ ကျွန်း၊ ပျဉ်းကတိုး၊ တမလန်း၊ အင်ကြင်း၊ အင်၊ ကညင်၊ ပျဉ်းမ၊ သပြေ၊ နှော၊ သစ်မကျည်း၊ သတီ၊ မအူ၊ လက်ပံ၊ သစ်ဆိမ့်၊ ဖန်ခါး၊ ဇီးဖြူစသည့် သစ်မျိုးများ ပေါက်ရောက်ပါသည်။ ဝါးဘိုး မျက်ဆံကျယ်၊ တင်းဝါး၊ မျှင်ဝါး၊ ဝါးဖြူ စသည့် ဝါးများပေါက်ရောက်ပါသည်။ တောကြိမ်၊ ရေကြိမ်နှင့် ကြိမ်နီများ ပေါက်ရာက်သည်ကို တွေ့ရှိရ ပါသည်။

**သစ်ပင်ပေါက်ရောက်မှုနှင့်သစ်ထုထည်**

၁၁။ တမူးခရိုင်အတွင်းရှိသစ်တောများတွင် ကျွန်းနှင့်သစ်မာများ ပေါက်ရောက်ပါသည်။ သစ် ထုတ်လုပ်နိုင်သော ကြိုးဝိုင်း(၂)ခု၊ ကြိုးပြင်ကာကွယ်တော(၂) ခုနှင့် ကြိုးပြင်တောများဖြင့် ဖွဲ့စည်း ထားပါသည်။

## လွန်ခဲ့သည့် (၁၀)နှစ်တာကာလအတွင်း ထုတ်လုပ်မှု

၁၂။ လွန်ခဲ့သည့် (၁၀)နှစ်တာကာလအတွင်း တမူးခရိုင် သစ်တောလုပ်ငန်းများကို လျာထားချက် ပြည့်မီလုနီးပါး ဆောင်ရွက်နိုင်ခဲ့ပြီး ကျွန်းနှင့် သစ်မာမျိုးစုံကို နှစ်စဉ်ခွင့်ပြု တောထွက် (AAC) ထက် မကျော်လွန်စေဘဲ သင်းသတ်ပေးခြင်း၊ ကျွန်းစိုနှင့်သစ်မာပင်ထောင် ရိုက်မှတ်ပေးခြင်းများ ပြုလုပ်နိုင်ခဲ့ ပါသည်။

၁၃။ ယခင်(၁၀)နှစ်တာကာလအတွင်း ပျမ်းမျှနှစ်စဉ် ကျွန်းထုတ်လုပ်မှုမှာ (၂၇၁၈.၉၃၉) ကုဗတန် ဖြစ်၍ အခြားသစ်မာထုတ်လုပ်မှုမှာ (၃၈၇၁.၇၄၂) ကုဗတန် ဖြစ်ပါသည်။ ပျမ်းမျှနှစ်စဉ် ဝါးထုတ်လုပ်မှုမှာ လုံးရေ (၅.၈၀၃) သိန်း ကျော်ဖြစ်ပြီး ပျမ်းမျှနှစ်စဉ် ကြိမ်ထုတ်လုပ်မှုလုံးရေ (၀.၁၅၇) သိန်းခန့် ဖြစ်ပါသည်။

## သစ်အခြေခံစက်မှုလုပ်ငန်းများ

၁၄။ ခရိုင်အတွင်းသစ်အခြေခံ စက်မှု/လက်မှုလုပ်ငန်းများ တည်ထောင်လုပ်ကိုင်လျှက်ရှိပြီး ပုဂ္ဂလိကပိုင် သစ်စက်၊ စက်သေး(၁၁) စက်၊ အိမ်တွင်းစက်မှုလက်မှုစက် (၄၃) စက်၊ စုစုပေါင်း (၅၄) စက် ရှိပါသည်။

## အလုပ်တိုက်နယ်များ

၁၅။ တမူးခရိုင်အောက်ဖော်ပြပါအတိုင်း အလုပ်တိုက်နယ်များ ဖွဲ့စည်းတည်ထောင်ထားပြီး ချမှတ်ရေးဆွဲ ထားသောလုပ်ငန်းအစီအစဉ်များနှင့်အညီ သိပ္ပံနည်းကျ စီမံအုပ်ချုပ်လုပ်ကိုင် သွားမည်ဖြစ်ပါသည်။

### (က) ထုတ်လုပ်ရေးအလုပ်တိုက်နယ်

အလုပ်တိုက်နယ်ကို သဘာဝတောများဖြစ်သော ကြိုးဝိုင်းတော(၂)ခု၊ ကြိုးပြင် ကာကွယ်တော (၂)ခုနှင့် ကြိုးပြင်တော ဧရိယာများဖြင့် ဖွဲ့စည်းထားပြီး ဧရိယာဧက အားဖြင့် (၁၆၄၃၂၉)ဧက ဖြစ်ပါသည်။

### (ခ) စိုက်ခင်းများအလုပ်တိုက်နယ်

ဤအလုပ်တိုက်နယ်ကို စီးပွားရေးစိုက်ခင်းများ အလုပ်တိုက်နယ်တစ်ခုအဖြစ် ဧရိယာ အကျယ်အဝန်းမှာ (၈၅၂၃) ဧက ဖြစ်ပါသည်။ စီမံကိန်းကာလအတွင်း ဤအလုပ် တိုက်နယ်၌ စုစုပေါင်းစိုက်ခင်း (၅၄၆၄) ဧကကို တည်ထောင်သွားမည် ဖြစ်ပါသည်။

### (ဂ) ဒေသထောက်ပံ့ရေး ဒေသခံပြည်သူအစုအဖွဲ့ပိုင် သစ်တောများအလုပ်တိုက်နယ်

ဤအလုပ်တိုက်နယ်ကို ဒေသခံပြည်သူလူထု၏ အခြေခံလိုအပ်ချက်များ ဖြစ်သော သစ်၊ ထင်း၊ တိုင်၊ မျှောနှင့် ဝါးစသည်တို့ကို ရေရှည်စဉ်ဆက်မပြတ် ဖြည့်ဆည်း ပေးရန်

အတွက် ဒေသခံပြည်သူများ၏ ပူးပေါင်းပါဝင်မှုဖြင့် ဓမ္မတာမျိုးဆက်ခြင်း၊ စိုက်ခင်းများ တည်ထောင်ခြင်း၊ သဘာဝတောကျန်များကို ထိန်းသိမ်းခြင်း စသည်တို့ကို လုပ်ကိုင်မည် ဖြစ်ပါသည်။ အကျယ် အဝန်းမှာ (၄၈၇၅) ဧက ဖြစ်ပါသည်။

(ဃ) **ရေဝေရေလဲအလုပ်တိုက်နယ်**

တမူးခရိုင်တွင် အိန္ဒိယနိုင်ငံဘက်မှ စီးဆင်းလာသော ချောင်းငယ်များကို ပိတ်လျက် တစ်ဖက်ရပ်ဆည်(၄)ခုနှင့် မင်းသမီးတောင်တန်း ကြိုးပြင်ကာကွယ်တောအတွင်း ဆည်ငယ် (၁)ခုသာရှိပါသည်။ ဆည်ဝန်းကျင်တွင် အင်တိုင်းတောများ၊ အထက်ရွက်ပြတ်ရောနှော တောများ ပေါက်ရောက်လျှက်ရှိသဖြင့် စိုက်ခင်းတည်ထောင်ရန် မလိုအပ်ပါ။ ဤ အလုပ်တိုက်နယ်၏ ဧရိယာစုစုပေါင်းမှာ (၂၆,၅၂၀) ဧက ဖြစ်ပါ သည်။

(င) **သစ်မဟုတ်သည့် သစ်တောထွက်ပစ္စည်းများအလုပ်တိုက်နယ်**

သစ်မဟုတ်သည့် သစ်တောထွက်ပစ္စည်းများ ဝါး၊ ကြိမ်၊ သစ်ခေါက် စသည်များ အနေဖြင့် စီးပွားဖြစ်ရောင်းဝယ်နိုင်သည့် အခြေအနေနှင့် ထွက်ရှိနိုင်မှု ပမာဏပေါ် မူတည်၍ အလုပ်တိုက်နယ်ဧရိယာ (၂၆၀) ဧကနှင့် ထုတ်လုပ်ရေးအလုပ်တိုက်နယ် (၁၆၄၃၂၉) ဧက စုစုပေါင်း (၁၆၄၅၈၉)ဧကဖြင့် ဖွဲ့စည်းထားရှိပါသည်။

(စ) **သဘာဝထိန်းသိန်းရေးနယ်မြေများ**

သဘာဂထိန်းသိမ်းရေးနယ်မြေများတည်ထောင်ထားခြင်းမရှိပါ။

**တည်ထောင်ပြီးစိုက်ခင်းများ**

၁၆။ စိုက်ခင်းတည်ထောင်မှု အနေဖြင့် ၁၉၉၂-၉၃ မှ ၂၀၁၅-၁၆ ခုနှစ်အထိ စီးပွားရေးစိုက်ခင်း ကျွန်း (၁၈၁၀) ဧက၊ ပျဉ်းကတိုး (၆၁၅)ဧကနှင့် ကျေးရွာသုံးထင်းစိုက်ခင်း (၁၁၅)ဧက၊ စုစုပေါင်း (၂၅၄၀) ဧက တည်ထောင်ခဲ့ပြီး ဖြစ်ပါသည်။

**သစ်တောခရိုင်ဖွဲ့စည်းပုံ**

၁၇။ တမူးခရိုင်ကို က-အဆင့်မြို့နယ် (၁)ခုနှင့် မြို့နယ်ခွဲ(၂)ခုတို့ဖြင့်ဖွဲ့စည်းထားပါသည်။ လက်ထောက်ညွှန်ကြားရေးမှူး (၁) ဦးနှင့် ဦးစီးအရာရှိ (၁) ဦး၊ အပါအဝင် ဝန်ထမ်း စုစုပေါင်း (၆၇) ဦးဖြင့် ဖွဲ့စည်းထားပါသည်။

# အပိုင်း(၁)

# လက်ရှိအခြေအနေ

## ၁။ နိဒါန်း

တမူးမြို့နယ်သည် ယခင်အထက်ချင်းတွင်း သစ်တောခရိုင်တွင် ပါဝင်ပြီး သစ်တောနယ် အုပ်ချုပ်လုပ်ကိုင်မှုစီမံကိန်းကို ဦးချိန်ဟိုမှ ၁၉၅၂-၅၃ ခုနှစ်ကရေးဆွဲခဲ့ပါသည်။ ၎င်းအုပ်ချုပ် လုပ်ကိုင်မှုစီမံကိန်းတွင် ကျွန်းရွေးချယ် အလုပ်တိုက်နယ်နှင့် ဒေသန္တရထောက်ပံ့ရေး အလုပ်တိုက်နယ် ဟူ၍ အလုပ်တိုက်နယ် (၂)ခု ဖွဲ့စည်းပြီး အုပ်ချုပ်လုပ်ကိုင်ခဲ့ပါသည်။

၎င်းနောက်ပိုင်းတွင် အကြောင်းအမျိုးမျိုးကြောင့် သစ်တောအုပ်ချုပ် လုပ်ကိုင်မှုစီမံကိန်း ရေးဆွဲနိုင် ခဲ့ခြင်း မရှိကြောင်း တွေ့ရှိရပါသည်။

တမူးမြို့နယ်အား တမူးခရိုင်အဖြစ် ၁၀-၅-၁၉၉၆ ရက်နေ့မှ စတင်တိုးချဲ့ဖွဲ့စည်းခဲ့ပါသည်။ တမူးခရိုင်တွင် တမူးမြို့နယ်၊ တစ်မြို့နယ်သာ ပါဝင်ပါသည်။

ယခုရေးဆွဲမည့် အုပ်ချုပ်လုပ်ကိုင်မှုစီမံကိန်းမှာ ၂၀၁၆-၁၇ ခုနှစ်မှ ၂၀၂၅-၂၀၂၆ ခုနှစ်အထိ (၁၀) နှစ်တာကာလအတွက် ရေးဆွဲခြင်းဖြစ်ပြီး အလုပ်တိုက်နယ်များဖွဲ့စည်းရာ၌ (၁) ထုတ်လုပ်ရေး အလုပ်တိုက်နယ်၊ (၂) စိုက်ခင်းများအလုပ်တိုက်နယ်၊ (၃) ဒေသထောက်ပံ့ရေး အလုပ်တိုက်နယ်၊ (၄) ရေဝေရေလဲအလုပ်တိုက်နယ်၊ (၅) သစ်မဟုတ်သည့် သစ်တောထွက်ပစ္စည်း များ အလုပ်တိုက်နယ် ဟူ၍ အလုပ်တိုက်နယ် (၅)မျိုးနှင့် ဖွဲ့စည်းပြီးရေးဆွဲခြင်း ဖြစ်ပါသည်။

စစ်ကိုင်းတိုင်းဒေသကြီး၊ တမူးခရိုင်၏ ၂၀၀၆-၂၀၀၇ ခုနှစ်မှ ၂၀၁၅-၂၀၁၆ ခုနှစ်အထိ သစ်တောအုပ်ချုပ်လုပ်ကိုင်မှု စီမံကိန်းအား ဦးမြင့်သိန်း၊ လက်ထောက်ညွှန်ကြားရေးမှူး ဦးဆောင်၍ ဦးချစ်ကြည်၊ တောအုပ်ကြီးတို့မှ ရေးဆွဲခဲ့ကြပါသည်။

၂၀၁၀ ခုနှစ်၊ ဧပြီလ (၂၆)ရက်နေ့တွင် သစ်တောဦးစီးဌာန၊ ဦးစီးရုံးချုပ်၊ နေပြည်တော်၌ ကျင်းပပြုလုပ်သည့် သစ်တောအုပ်ချုပ်လုပ်ကိုင်မှုစီမံကိန်း ပြန်လည်ပြုစု ရေးဆွဲခြင်းဆိုင်ရာ အစည်းအဝေးတွင် သစ်တောဦးစီးဌာန၏ သစ်တောခရိုင်များအလိုက် ရေးဆွဲခဲ့ပြီးသော သစ်တော အုပ်ချုပ်လုပ်ကိုင်မှု စီမံကိန်းများကို ပြန်လည်သုံးသပ်ရာတွင် လက်ရှိအခြေအနေနှင့် လိုက်လျော ညီထွေရှိစေရန်အတွက် ပြန်လည်ပြင်ဆင်ရေးဆွဲရန် လိုအပ်လျက်ရှိပါကြောင်းနှင့် စီမံကိန်းများကို လက်ရှိအခြေအနေနှင့် လိုက်လျော ညီထွေရှိသည့် သစ်တောများ ထာဝစဉ်တည်တံ့စေသော အုပ်ချုပ်လုပ်ကိုင်မှု နည်းစနစ်များနှင့်အညီ ပြန်လည်ပြုစုရေးဆွဲနိုင်ရေးအတွက် အားလုံးက အလေးထား ဆောင်ရွက်သွားရန် လိုအပ်ကြောင်း လမ်းညွှန်ချက်အရ ဦးခင်မောင်ဆင့် (လက်ထောက်ညွှန်ကြားရေးမှူး)မှ ဦးဆောင်၍ ဦးကျော်ဇောအောင်၊ တောအုပ်ကြီးတို့မှ ပြန်လည် ပြင်ဆင်ရေးဆွဲခြင်း ဖြစ်ပါသည်။

၂၀၁၅ ခုနှစ်၊ ဇွန်လ (၂၆)ရက်နေ့တွင် သစ်တောဦးစီးဌာန၊ ဦးစီးရုံးချုပ်၊ နေပြည်တော်၌ ကျင်းပပြုလုပ် သည့် သစ်တောအုပ်ချုပ်လုပ်ကိုင်မှုစီမံကိန်း ပြန်လည်ပြုစုရေးဆွဲခြင်း ဆိုင်ရာ အစည်းအဝေးတွင် သစ်တောဦးစီးဌာန၏ သစ်တောခရိုင်များအလိုက် ရေးဆွဲခဲ့ပြီးသော သစ်တော အုပ်ချုပ်လုပ်ကိုင်မှု စီမံကိန်းများကို လက်ရှိအခြေအနေနှင့် လိုက်လျောညီထွေ ရှိစေရန်အတွက် ပြန်လည်ပြင်ဆင် ရေးဆွဲရန် လိုအပ်လျက်ရှိပါ ကြောင်းနှင့်စီမံကိန်းများကို လက်ရှိအခြေအနေနှင့် လိုက်လျောညီထွေရှိသည့် သစ်တောများ ထာဝစဉ် တည်တံ့စေသော အုပ်ချုပ်လုပ်ကိုင်မှု နည်းစနစ်များ နှင့်အညီ ပြန်လည်ပြုစု ရေးဆွဲနိုင်ရေးအတွက် အားလုံးကအလေးထား ဆောင်ရွက် သွားရန် လိုအပ်ကြောင်း လမ်းညွှန်ချက်အရ ဦးကြည်မင်း (လက်ထောက်ညွှန်ကြားရေးမှူး)မှ ဦးဆောင်၍ ဦးစိုးမြင့်နိုင်(ဦးစီးအရာရှိ)တို့မှ ပြန်လည် ပြင်ဆင်ရေးဆွဲ ခြင်းဖြစ်ပါသည်။

## ၂။ အခြေခံအချက်အလက်များ

### ၂.၁ ဇီဝရူပဆိုင်ရာအချက်အလက်များ

#### ၂.၁.၁ တည်နေရာဧရိယာနှင့်ဥပဒေအကျိုးသက်ရောက်မှု

(က) တမူးခရိုင်သည် မြောက်လတ္တီတွဒ် ၂၃˚-၃၅' မှ ၂၄˚- ၅၄' အတွင်းနှင့် အရှေ့လောင်ဂျီတွဒ် ၉၄˚- ၁၅' မှ ၉၄˚- ၃၈' အတွင်းတည်ရှိပါသည်။

(ခ) တမူးခရိုင်တွင် တမူးမြို့နယ်နှင့် ပူးတွဲမြို့နယ်များဖြစ်သော ခမ်းပတ်မြို့နယ်၊ မြို့သစ် မြို့နယ်တို့ ပါဝင်ဖွဲ့စည်းထားပါသည်။

(ဂ) တမူးခရိုင်၏နယ်နိမိတ်အလားအလာမှာ အောက်ပါအတိုင်းဖြစ်ပါသည်။

(၁)**မြောက်ဘက်**။ ။မြန်မာ-အိန္ဒိယ နှစ်နိုင်ငံ နယ်ခြားနယ်နိမိတ်နှင့် မြန်မာနိုင်ငံ နန့်အောင်မော်ရွာ၊ အိန္ဒိယနိုင်ငံ ဟူမိုင်းရွာ သွား လှည်းလမ်းဆုံ ရာမှ အစပြု၍ မြန်မာ-အိန္ဒိယ နယ်နိမိတ်အတိုင်း အရှေ့သို့လားရာ တီနိုင်း ချောင်းနှင့် ဆုံသည် အထိ၊ ထိုမှ တီနိုင်းချောင်းအတိုင်း တက်လာပြီး ဟုမ္မလင်း-တမူး နယ်နိမိတ်နှင့် ဆုံသည်အထိ၊

(၂)**အရှေ့ဘက်**။ ။ထိုမှမြို့နယ်ခြားနယ်နိမိတ်အတိုင်း မင်းသမီးတောင်တန်းတစ်လျှောက် တောင်ဘက်သို့လားရာ သောင်သွဒ်ကြိုးဝိုင်း နယ်နိမိတ်နှင့် အလျော် ကြိုးဝိုင်း နယ်နိမိတ်ဆုံရာအထိ၊ ၄င်းအလျော် ကြိုးဝိုင်းနှင့် သောင်သွဒ်ကြိုးဝိုင်းအကြား နယ်နိမိတ်လမ်း အတိုင်း တောင်ဘက်သို့ လားရာ တမူး-ဟုမ္မလင်း-ဖေါင်းပြင်၊ (၃)မြို့နယ်

နယ်နိမိတ်ဆုံရာအထိ၊ ၎င်းမှ တမူး-ဖေါင်းပြင် နယ်နိမိတ် ကြောအတိုင်း တောင်ဘက်သို့ ယူချောင်း နှင့်ဆုံသည်အထိ၊ ထိုမှ ၎င်းယူးချောင်း အထိ ဆန်တက် ပြီး အလျော် ကြိုးဝိုင်း နယ်နိမိတ်၏ အနောက်တောင် ထောင့် နှင့် ဆုံသည်အထိ၊ ၎င်းမှတမူး-မော်လိုက် မြို့နယ် ကြားအတွင်း ရိုးမတောင်တန်းအတိုင်း တောင် ဘက်သို့ လားရာ နန့်ပါမွန် ချောင်းဝဆုံသည့် နေရာ အထိ၊

(၃)**တောင်ဘက်**။ ။၎င်းမှ တမူး-မော်လိုက်၊ မြို့နယ်ခြား နယ်နိမိတ်အ တိုင်းတောင်ဘက်သို့လားရာကလေး-တမူး-မော်လိုက် ၃ မြို့နယ်ဆုံရာ နယ်နိမိတ် အထိ၊ ၎င်းမှ တမူး-ကလေးမြို့နယ်နယ်ခြားနယ်နိမိတ်အတိုင်း တောင်ဘက် သို့ လားရာ ချင်းပြည်နယ်၊ တွန်းဇံမြို့နယ် နှင့်တမူး-ကလေး (၃) မြို့နယ် ဆုံရာ အထိ၊

(၄)**အနောက်ဘက်**။ ။ ထိုမှတမူး-တွန်းဇံမြို့နယ်ခြား နယ်နိမိတ် အတိုင်း မြောက်ဘက်သို့ လားရာတောင်ကုန်းအမှတ် ၁၅၀၉ နတ်တောင်၏ တောင်ဘက်၊ မြန်မာ-အိန္ဒိယ နယ်ခြား နယ်နိမိတ်နှင့် ဆုံသည်အထိ၊ ၎င်းမှ မြန်မာ-အိန္ဒိယ နယ်နိမိတ် အတိုင်းမြောက်ဘက်သို့လားရာ ကဘော် သစ်တော ကြိုးဝိုင်းနှင့် ဆုံရာအထိ၊ ၎င်းမှမြောက်ဘက် သို့ လားရာအိန္ဒိယ-မြန်မာ နယ်နိမိတ်ခြား မှတ်တိုင် အသစ် ၈၁ အနီး ကွန်းတောင်းချောင်း (နန့်စီလော ချောင်း) နှင့် ဆုံတွေ့ရာအထိ၊ ၎င်းမှ ကွန်းတောင်းရွာ နှင့် လယ်ကို ကွင်း၍ အိန္ဒိယ-မြန်မာ နယ်ခြားမှတ်တိုင် အသစ် ၈၂ သို့လည်းကောင်း၊ ၎င်းမှ နယ်ခြားနယ်နိမိတ် အတိုင်း မြောက်ဘက်သို့ ဆင်းလာပြီး နန်းကနက် ချောင်းနှင့် တွေ့ဆုံရာအထိ၊ နန်းကနက်ချောင်းအတိုင်း စုန်ဆင်း၍ နောင်ကမ်းချောင်းနှင့် တွေ့ဆုံရာအထိ၊ ၎င်းမှနောင်ကမ်းချောင်းအတိုင်း ဆန်တက်ရာ နှစ်နိုင်ငံ နယ်နိမိတ်ဖြတ်သွားရာအထိ၊ ၎င်းမှ နယ်နိမိတ် အတိုင်း မြောက်ဘက်သို့ ဆင်းလားရာ၊ နှစ်နိုင်ငံနယ်နိမိတ် မှတ်တိုင်အသစ် ၈၃ အနီး ဝက်ရှူရွာ ကိုကွင်း၍ နှစ်နိုင်ငံ နယ်နိမိတ်အတိုင်း မြောက်ဘက်သို့ ဆင်းလာရာ မူလ

စတင်သည့် နေရာအထိ၊ တမူးခရိုင်၏ ဧရိယာ အကျယ်အဝန်း စုစုပေါင်း မှာ ၃၂၇၄၉၀ ဧက ဖြစ်ပါသည်။ တမူးခရိုင်အတွင်း အလှော် ကြိုးဝိုင်း၊ ကဘော်ကြိုးဝိုင်း ဟူ၍ ၂ခု ရှိပြီး ဧရိယာ အကျယ်အဝန်း အားဖြင့် ၁၂၄၇၆၆.၅၅ ဧကရှိပါသည်။ မင်းသမီးတောင်တန်း ကြိုးပြင် ကာကွယ်တော၊ အတွင်းရိုးမ ကြိုးပြင် ကာကွယ်တောဟူ၍ ကြိုးပြင် ကာကွယ်တော ၂ ခုရှိပါသည်။ ဧရိယာ အကျယ်အဝန်း ၄၅၁၀၀ ဧက ရှိပါသည်။ တမူးခရိုင်အတွင်းရှိကြိုးဝိုင်းတော၊ ကြိုးပြင် ကာကွယ်တောများ ဖွဲ့စည်းသည့် ကာလ၊ အမိန့် ကြော်ငြာစာတို့ကို ဇယား (၂-၁-၁)ဖြင့် ဖော်ပြ ထားပါသည်။

**တမူးခရိုင်အတွင်းရှိကြိုးဝိုင်း/ကြိုးပြင်ကာကွယ်တော/သဘာဝထိန်းသိမ်းရေးနယ်မြေစာရင်း**

ဇယား(၂-၁-၁)

| စဉ် | ကြိုးဝိုင်း/ ကြိုးပြင်ကာကွယ်တော၊ သဘာဝထိန်းသိမ်းရေး နယ်မြေ | ဧရိယာ (ဧက) | အမိန့်ကြော်ငြာစာ အမှတ်နှင့် ရက်စွဲ | မှတ် ချက် |
|---|---|---|---|---|
| (၁) | (၂) | (၃) | (၄) | (၅) |
| | **ကြိုးဝိုင်း** | | | |
| ၁။ | အလှော်ကြိုးဝိုင်း | ၇၃၈၇၁ | ၁၆၇(၂-၅-၁၈၉၃) | |
| ၂။ | ကဘော်ကြိုးဝိုင်း | ၅၀၈၉၅ | ၁၇၃(၂၂-၆-၁၉၉၂) | |
| | **ပေါင်း** | **၁၂၄၇၆၇** | | |
| | **ကြိုးပြင်ကာကွယ်တော** | | | |
| ၁။ | မင်းသမီးတောင်တန်း | ၃၆၅၀၀ | ၁၅(၁၄-၁-၁၉၉၉) | |
| ၂။ | အတွင်းရိုးမ | ၈၆၀၀ | ၃၄(၃၁-၅-၂၀၀၁) | |
| | **ပေါင်း** | **၄၅၁၀၀** | | |
| | **သဘာဝထိန်းသိမ်းရေးနယ်မြေ** | .....မရှိပါ။...... | | |
| | **စုစုပေါင်း** | **၁၆၉၈၆၆** | | |

ဇစ်မြစ် - တမူးခရိုင်၊ သစ်တောဦးစီးဌာန။

မှတ်ချက်။ ပြည်ထောင်စုဝန်ကြီးရုံး၏ (၁၄.၁၀.၁၉၉၄) ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ်၊ ၃၄/၉၄ အရ ရည်ရွယ်ကြောင်းကြေငြာခဲ့သော အောင်နိမိတ်အဆိုပြုကြိုးပြင် ကာကွယ်တော (၅၄၄၀) ဧကအား သစ်တောဦးစီးရုံးချုပ်၏ (၈.၂.၂၀၁၁) ရက်စွဲပါ စာအမှတ်၊ စီမံကိန်း/ စ-၁၉(က)/ (၁၉၁၇-၁၉/ ၂၀၁၁) ဖြင့် အောင်နိမိတ်အဆိုပြု ကြိုးပြင်ကာကွယ် တောဖွဲ့စည်းရေးကိစ္စအား ပြန်လည်ရုပ်သိမ်းခြင်း ဆောင်ရွက်ရန် အကြောင်းကြားချက်အရ ရုပ်သိမ်းဆောင်ရွက်ခြင်း ဖြစ်ပါသည်။

### ၂.၁.၂ မြေမျက်နှာသွင်ပြင်

တမူးခရိုင်၏ အရှေ့ဘက်ခြမ်းတွင် မင်းသမီးတောင်တန်းရှိပြီး အနောက်ဘက်ခြမ်း တွင် အိန္ဒိယနိုင်ငံနှင့် ခွဲခြားထားသည့် တောင်တန်းကြီးတစ်ခုရှိပါသည်။ သို့ဖြစ်ပါ၍ တမူးခရိုင် သည် ၎င်းတောင်တန်းနှစ်ခု အကြားချိုင့်ဝှမ်းတစ်ခုအဖြစ် တည်ရှိပါသည်။ အဓိကကျသော ယူးချောင်းသည် မြောက်ဘက်မှတောင်ဘက်သို့ စီးဆင်းလျှက် ရှိပါ သည်။ မင်းသမီးတောင်တန်းဘက်မှ ချောင်းငယ်များသည် အရှေ့ဘက်မှ ယူးချောင်း အတွင်းသို့စီးဝင်ပြီး မြန်မာ-အိန္ဒိယခွဲခြား တောင်တန်းဘက်မှ ချောင်းငယ် များသည် အနောက်ဘက်မှ ယူးချောင်း အတွင်းသို့ စီးဝင်ပါသည်။ တမူးခရိုင်၏ တောင်ဘက်ခြမ်း တွင် အတွင်းရိုးမတောင်တန်းသည် ချိုင့်ဝှမ်းအတွင်းသို့တဖြည်းဖြည်း နိမ့်ဆင်းလျှက် ရှိပါသည်။

ခရိုင်အတွင်း မြို့သစ်မြို့၏ အရှေ့ဘက်တွင်ရှိသော ကောင်းခန်းတောင်မှာ အမြင့်ဆုံး ဖြစ်၍ ပင်လယ်ရေမျက်နှာပြင် အထက် (၃၈၆၃)ပေ ရှိပါသည်။ ခမ်းပါတ်မြို့၏ အရှေ့ဘက် ပြောင်ဘုတ်ချောင်းနှင့် နန်းပါမွန်းချောင်းဆုံနေရာသည် အနိမ့်ဆုံး ဖြစ်၍ (၅၁၇) ပေ ဖြစ်ပါသည်။

### ၂.၁.၃ ဘူမိဗေဒနှင့်မြေဆီလွှာ

ယူးချောင်း၏ အနောက်ဘက်ခြမ်းသည် အင်တိုင်းမြေနှင့် မြေနီများ တွေ့ရ တတ်ပါသည်။ ယူးချောင်းအရှေ့ဘက်ရှိ အလျော်ကြိုးဝိုင်းတွင် ဂဝံမြေ၊ မင်းသမီး တောင်တန်းအဆိုပြု ကာကွယ်တောနှင့် အတွင်းရိုးမအဆိုပြု ကာကွယ်တောများ တွင် နုံးမြေ၊ ဂဝံမြေများကို တွေ့ရတတ်ပါသည်။ ချောင်းများအနီး မြေပြန့် ဧရိယာ များတွင် မိုးတွင်းရေတက်မှုကြောင့် နုံးမြေများ ဖုံးလွှမ်းလျှက်ရှိသည်ကို တွေ့ရတတ်ပါသည်။ မိုင်းတွင်းများ အနေဖြင့် ကျောက်မီးသွေးများ တွေ့ရှိရသည်ဟု လေ့လာသိရှိရ သော်လည်း စမ်းသပ်တူးဖော်ကြည့်သည့် အခါတွင် ထင်သလောက် မထွက်ရှိပေ။ တွင်းထွက်ကျောက် အနေဖြင့် မတွေ့ရှိရပါ။ တွေ့ရှိနိုင်သော မြေအမျိုး အစားများကို ဇယား(၂-၁-၃)တွင် ဖော်ပြထားပါသည်။

## တမူးခရိုင်အတွင်းမြို့နယ်/ကြိုးဝိုင်းအလိုက်တွေ့ရှိရသောမြေအမျိုးအစားများ

ဇယား(၂-၁-၃)

| စဉ် | မြို့နယ် အမည် | ကြိုးဝိုင်းအမည် | မြေအမျိုးအစား | | | မှတ်ချက် |
|---|---|---|---|---|---|---|
| | | | မြန်မာအမည် | F.A.O အမည် | Landuse အမည် | |
| (၁) | (၂) | (၃) | (၄) | (၅) | (၆) | (၇) |
| ၁။ | တမူးမြို့နယ် | အလျော်ကြိုးဝိုင်း | နုံးမြေ၊ အင်တိုင်းမြေ ဂဝံမြေ | Flurisols, Cambisol, Ferrasols | Allurial, Forest & Indaing, Lateritic | |
| ၂။ | တမူးမြို့နယ် | ကဘော်ကြိုးဝိုင်း | မြေနီ၊ အင်တိုင်းမြေ | Actisols (Ferric) Cambisol | Red Earth, Forest& Indaing | |

ဇစ်မြစ် - တမူးခရိုင်၊ သစ်တောဦးစီးဌာန

### ၂.၁.၄ ရာသီဥတု

တမူးခရိုင်သည် ပူအိုက်စွတ်စိုသော ရာသီဥတုရှိပြီး တစ်နှစ်ပတ်လုံး ပျှမ်းမျှမိုးရေချိန်မှာ (၈၅.၉၈) လက်မ ဖြစ်ပါသည်။ အမြင့်ဆုံးအပူချိန်မှာ (၄၀.၇) စင်တီဂရိတ်ဖြစ်ပြီး၊ အနိမ့်ဆုံး အပူချိန်မှာ (၃.၃) စင်တီဂရိတ် ဖြစ်ပါသည်။

တမူးခရိုင်တွင် မိုးရွာသွန်းမှု များသော လများမှာ ဇွန်၊ ဇူလိုင်၊ ဩဂုတ်၊ စက်တင်ဘာလ၊ အောက်တိုဘာလများဖြစ်ကြောင်း တွေ့ရှိရပါသည်။

တမူးခရိုင်၏ လအလိုက်ရာသီဥတုဆိုင်ရာ ကိန်းဂဏန်းများကို ဇယား(၂-၁-၄)က နှင့် (၂-၁-၄)ခ တို့ တွင် ဖော်ပြထားပါသည်။

## တမူးခရိုင်အတွင်း လအလိုက် ရာသီဥတုဆိုင်ရာ ကိန်းဂဏန်းများ
## ၂၀၀၆-၂၀၀၇ ခုနှစ် မှ ၂၀၁၅-၂၀၁၆ ခုနှစ်အထိ

မိုးလေဝသစခန်းတည်နေရာ-တမူးမြို့ ဇယား(၂-၁-၄)က

| လအမည် | ပျှမ်းမျှမိုးရေချိန် (လက်မ) | ပျှမ်းမျှအပူချိန် (စင်တီဂရိတ်) | အမြင့်ဆုံးအပူချိန် (စင်တီဂရိတ်) | အနိမ့်ဆုံးအပူချိန် (စင်တီဂရိတ်) | စိုထိုင်းဆရာခိုင်နှုန်း |
|---|---|---|---|---|---|
| (၁) | (၂) | (၃) | (၄) | (၅) | (၆) |
| ဇန်နဝါရီ | ၀.၀၁ | ၁၆.၅ | ၂၉.၆ | ၃.၅ | ၅၇ |
| ဖေဖော်ဝါရီ | ၀.၀၅ | ၁၈.၆ | ၃၂.၇ | ၃.၉ | ၅၁ |
| မတ် | ၀.၁၂ | ၂၃.၈ | ၃၈.၉ | ၈.၇ | ၄၅ |
| ဧပြီ | ၀.၈၃ | ၂၆.၆ | ၄၀.၉ | ၁၂.၅ | ၅၁ |
| မေ | ၅.၉၈ | ၂၇.၆ | ၄၀.၈ | ၁၄.၆ | ၆၇ |
| ဇွန် | ၆.၇၄ | ၂၇.၂ | ၃၇.၈ | ၁၆.၆ | ၇၇ |
| ဇူလိုင် | ၁၆.၆၈ | ၂၇ | ၃၅.၄ | ၁၈.၅ | ၇၈ |
| သြဂုတ် | ၁၇.၉၅ | ၂၇.၃ | ၃၆.၄ | ၁၇.၉ | ၇၆ |
| စက်တင်ဘာ | ၁၉.၉၉ | ၂၆.၉ | ၃၆.၃ | ၁၇.၅ | ၇၉ |
| အောက်တိုဘာ | ၁၃.၆၅ | ၂၅.၄ | ၃၆.၆ | ၁၃.၉ | ၇၇ |
| နိုဝင်ဘာ | ၃.၉၅ | ၂၀.၂ | ၃၄.၈ | ၇.၈ | ၇၂ |
| ဒီဇင်ဘာ | ၀.၀၃ | ၁၆.၇ | ၃၀.၁ | ၃.၃ | ၆၉ |

ဇစ်မြစ်-တမူးမြို့နယ်၊ မိုးလေဝသနှင့် ဇလဗေဒဦးစီးဌာန

## တမူးခရိုင်အတွင်း စီမံကိန်းကာလအတွင်းရွာသွန်းခဲ့သည့် မိုးရေချိန် (လက်မ)

| ခုနှစ် | ၂၀၀၆ | ၂၀၀၇ | ၂၀၀၈ | ၂၀၀၉ | ၂၀၁၀ | ၂၀၁၁ | ၂၀၁၂ | ၂၀၁၃ | ၂၀၁၄ | ၂၀၁၅ |
|---|---|---|---|---|---|---|---|---|---|---|
| တစ်နှစ်လုံးရွာသွန်းသည့်မိုးရေချိန် | ၆၇.၈၂ | ၉၅.၅၃ | ၁၀၃.၂၉ | ၆၀.၈၃ | ၆၆.၁၆ | ၁၀၂.၀၆ | ၆၃.၁၁ | ၈၈.၅၈ | ၇၉.၇၆ | □□.□□ |

ဇစ်မြစ်-တမူးမြို့နယ်၊ မိုးလေဝသနှင့် ဇလဗေဒဦးစီးဌာန

## တမူးခရိုင်အတွင်း လအလိုက်ပျမ်းမျှမိုးရေချိန်
## (၂၀၀၅-၂၀၁၅ ခုနှစ်အထိ)

ပုံ (၂-၁-၄)ခ




## တမူးခရိုင်အတွင်း လအလိုက် အမြင့်ဆုံး၊ ပျမ်းမျှနှင့် အနိမ့်ဆုံးအပူချိန်
## (၂၀၀၅ခုနှစ် မှ ၂၀၁၅ခုနှစ် အထိ)



## ၂.၁.၅ ဇလဗေဒရေစီးရေလာနှင့် ရေရရှိမှု

တမူးခရိုင်တွင် ယူးချောင်းသည် မြောက်ဘက် အိန္ဒိယနိုင်ငံဘက်မှ မြစ်ဖျားခံ၍ တောင်ဘက်သို့ စီးဆင်းလာပြီး ချင်းတွင်းမြစ်ထဲသို့ စီးဝင်သွားသည်။ ယူးချောင်း၏ ဝဲယာတွင် သဲနုံးမြေများရှိပြီး ဆောင်းရာသီတွင် မုံညင်း၊ ကော်ဖီ၊ မုံလာများ စိုက်ပျိုးကြပါသည်။ ယူးချောင်းသည် တစ်နှစ်ပတ်လုံး ရေရှိသော်လည်း သစ်သယ် ယူနိုင်သော အခြေအနေ သိပ်မရှိပါ။ မိုးတွင်းအခါတွင်လည်း ရေစီးသန်၍ ကျောက်တုံး ကျောက်ဆိုင်များ ပေါများ၍ သစ်မျှောလေ့မရှိပါ။ နန်သလက်ချောင်း။ နန်းအယား ချောင်း၊ မဟူရာချောင်း၊ မင်းသမီးချောင်းများသည် ယူးချောင်းအတွင်းသို့ စီးဝင်ကြ၏။ ၄င်းချောင်းများသည် နွေရာသီတွင် ရေမရရှိ နိုင်ပါ။

## ၂.၁.၆ အပင်များ

တမူးခရိုင်၏ အရှေ့မြောက်ဘက် မင်းသမီးတောင်တန်း ကြိုးပြင်ကာကွယ်တောရှိ မင်းသမီးတောင်တန်း၏ အနောက်ဘက် ရေဝေတွင် အထက်ရွက်ပြတ်ရောနှောသော တောခြောက်နှင့် အထက်ရွက်ပြတ်ရောနှောသော တောစိုများကို တွေ့ရပါသည်။ အထက် ရွက်ပြတ်ရောနှောသောတောခြောက်သည် တောင်တန်း၏ အထက်ဘက် ခြမ်းတွင်ရှိပြီး အထက်ရွက်ပြတ်ရောနှောသော တောစိုသည် တောင်တန်း၏ တောင်ဘက်ခြမ်းတွင် တည်ရှိပါသည်။ ထို့အတူအလှော်ကြိုးဝိုင်းနှင့် တမူးခရိုင်၏ တောင်ဘက်ခြမ်းရှိ အတွင်းရိုးမ ကြိုးပြင်ကာကွယ်တော တို့တွင်လည်း အထက် ရွက်ပြတ်ရောနှောသောတောခြောက်နှင့် အထက်ရွက် ပြတ်ရောနှောသောတောစိုများ ကို တွေ့ရပါသည်။

အထက်ရွက်ပြတ်နှောသော တောခြောက်တွင် ကျွန်း၊ ပျဉ်းကတိုး၊ အင်ကြင်း၊ တမလန်း၊ ဖန်းခါး၊ နှော၊ ဂွေး၊ ဇီးဖြူပင်များကို တွေ့ရပါသည်။ အထက်ရွက်ပြတ်ရော နှောသော တောစိုတွင်လည်း ကျွန်း၊ ပျဉ်းကတိုး၊ အင်၊ ကညင်၊ အင်ကြင်း၊ စကပ်၊ မျောက်ငို၊ ဒီဒူး၊ ဖောင်းပလွေး၊ ပျဉ်းမပင်များကို တွေ့ရပါသည်။

အိန္ဒိယနှင့် မြန်မာနိုင်ငံကို ခွဲခြားပေးသည့်တမူးခရိုင်၏ အနောက်ဘက်နှင့် တောင်တန်း ၏ အရှေ့ဘက်ခြမ်းရှိ ကဘော်ကြိုးဝိုင်းတွင် အင်တိုင်းတောများကို အများဆုံး တွေ့ရှိရ ပါသည်။ ပေါက်ရောက်သော အပင်များမှာ အင်အဓိကပေါက်ပြီး သစ်စီး၊ စကပ်များ လည်း ပေါက်သည်ကို တွေ့ရပါသည်။

ဝါးမျိုးများ အနေဖြင့် အထက်ရွက်ပြတ်ရောနှောသော တောခြောက်များနှင့် အထက်ရွက်ပြတ်ရောနှောသော တောစိုများတွင် တင်းဝါး၊ မျှင်ဝါး၊ ဝါးဘိုးဝါး၊ ဝါးဘိုးမျက်ဆံကျယ်၊ တပင်တိုင်ဝါး၊ သနပ်ဝါး၊ ဝါးနီတို့ကို တွေ့ရပါသည်။

ကြိမ်အနေဖြင့် တောင်ကြိမ်၊ ရေကြိမ်၊ ကြိမ်နီများကို တွေ့ရပါသည်။ ကြိမ်များကို တမူးခရိုင်၏ တောင်ဘက်ခြမ်းရှိ အလှော်ကြိုးဝိုင်း၊ မင်းသမီးတောင်တန်း ကြိုးပြင်ကာကွယ်တောနှင့် ကြိုးပြင်တောများတွင် ပေါက်ရောက်သည်ကိုတွေ့ရပါသည်။

## ၂.၁.၇ သားငှက်တိရစ္ဆာန်များ

တမူးခရိုင်တွင် တောဆင်များကိုတမူးခရိုင်၏ အရှေ့ဘက်ခြမ်းရှိ အလှော်ကြိုးဝိုင်း၊ မင်းသမီး တောင်တန်းကြိုးပြင်ကာကွယ်တောနှင့် အတွင်းရိုးမကြိုးပြင် ကာကွယ်တောများတွင် တောဆင်အချို့ရှိပြီး ၄င်းတောဆင်ရိုင်းများသည် အိန္ဒိယနိုင်ငံဘက်သို့ ဖြတ်သန်းလျှက် ရှိသည်ကိုလည်းတွေ့ရ ပါသည်။

အခြား တိရစ္ဆာန်များဖြစ်သည့် ကျား၊ ကျားသစ်၊ ပြောင်၊ ဆတ်၊ ဝက်ဝံ၊ မျောက်များကိုလည်း အလှော်ကြိုးဝိုင်း၊ အတွင်းရိုးမကြိုးပြင်ကာကွယ်တောနှင့် မင်းသမီး တောင်တန်းကြိုးပြင် ကာကွယ်တောများတွင် တွေ့ရတတ်ပါသည်။ ဂျီ၊ တောဝက်များကိုမူ ကဘော်ကြိုးပြင် တောများတွင် တွေ့ရတတ်ပါသည်။

ငှက်မျိုးများအနေဖြင့် ကြက်တူရွေး၊ သာလိကာ၊ ရေကြက်၊ တောကြက်၊ ရစ်၊ ငုံး၊ ခါများကို ယူးချောင်းဘေးတလျှောက်နှင့် ၄င်းချောင်းအတွင်းသို့ စီးဝင်သည့် နန်းအယားချောင်း၊ နန်းသလက်ချောင်း၊ မဟူရာချောင်း၊ တွန်းဇံချောင်းစသည့် ချောင်းများ၏ ဘေးတစ်လျှောက် တွင်တွေ့ရတတ်ပါသည်။

## ၂.၁.၈ အခြေခံဆောက်အဦ

### ၂.၁.၈.၁ အဆောက်အအုံ၊ လမ်းနှင့် တံတားများ

တမူးခရိုင်အတွင်းရှိ သစ်တောဦးစီးဌာနပိုင် အဆောက်အအုံစာရင်းကို အတွဲ(၂)၊ ဇယား (၂-၁-၈-၁)က တွင်ဖော်ပြအပ်ပါသည်။

### ၂.၁.၈.၂ ဆက်သွယ်ရေး

တမူးခရိုင် အတွင်းရှိ ဆက်သွယ်ရေး စာရင်းဇယားများကို မြို့နယ်အလိုက် အောက်ပါအတိုင်း ဖော်ပြအပ်ပါသည်။

**ခရိုင်အတွင်းရှိမြို့နယ်အလိုက်ဆက်သွယ်ရေးစနစ်အသုံးပြုမှုဇယား**

ဇယား(၂-၁-၈-၂)

| စဉ် | မြို့နယ် | အသုံးပြုသည့်ဆက်သွယ်ရေးစနစ်များ | | | မှတ်ချက် |
|---|---|---|---|---|---|
| | | တယ်လီဖုန်း | ကြိုးမဲ့ ကြေးနန်း | အခြား/ဖက်(စ်) | |
| (၁) | (၂) | (၃) | (၄) | (၅) | (၆) |
| ၁။ | တမူးမြို့နယ် | ၀၇၃-၄၀၀၁၃ | - | - | |
| ၂။ | တမူးခရိုင် | ၀၇၃-၄၀၆၂၅ | - | - | |

## ၂.၁.၈.၃ စက်နှင့်စက်ပစ္စည်းကိရိယာများ

ခရိုင်အတွင်း လက်ရှိသုံးစွဲနေသော မော်တော်ယာဉ်၊ စက်ကိရိယာများနှင့် ပတ်သက်၍ အရေအတွက်နှင့် လက်ရှိအခြေအနေများကို အတွဲ(၂)၊ ဇယား(၂-၁-၈-၃) တွင် ဖော်ပြအပ်ပါသည်။

## ၂.၁.၉ သစ်တောအခြေခံလုပ်ငန်း

တမူးခရိုင်အတွင်းရှိ သစ်တောအခြေခံလုပ်ငန်း အမျိုးအမည်များနှင့် နှစ်စဉ် ထုတ်လုပ်နိုင်မှု ပမာဏစာရင်းတို့ကို အတွဲ (၂)တွင် ဇယား (၂-၁-၉)ဖြင့် ဖော်ပြအပ်ပါသည်။

# ၂.၂ မြေအသုံးချမှု

## ၂.၂.၁ လက်ရှိမြေအသုံးချမှု

တမူးခရိုင်အတွင်း လက်ရှိမြေအသုံးချမှု အခြေအနေများကို ကြိုးဝိုင်းတော၊ ကြိုးပြင်ကာကွယ်တော၊ ကြိုးပြင်တော မြေယာအသုံးချမှု ဇုန်နယ်မြေခွဲဝေမှု စာရင်းအား အတွဲ(၂)တွင် ဇယား(၂-၂-၁) (က)ဖြင့် ဖော်ပြအပ်ပါသည်။

# တမူးခရိုင် အတွင်းရှိလက်ရှိမြေအသုံးချမှုစာရင်း

ဇယား(၂-၂-၁)

| စဉ် | မြို့နယ် | ကြိုးဝိုင်းတော (ဧက) | ကြိုးပြင်ကာ ကွယ်တော (ဧက) | သဘာဝထိန်းသိမ်းရေးနယ်မြေ | ကြိုးပြင်တော(သစ်တောဖုံးလွှမ်းလျက်ရှိသော အစိုးရကစီမံခန့်ခွဲပိုင်ခွင့်ရှိသောမြေ) | လယ်/ယာမြေ (ဧက) | အခြားမြေ (ဧက) | စုစုပေါင်း (ဧက) | မှတ်ချက် |
|---|---|---|---|---|---|---|---|---|---|
| (၁) | (၂) | (၃) | (၄) | (၅) | (၆) | (၇) | (၈) | (၉) | (၁၀) |
| ၁။ | တမူး | ၁၂၄၇၆၆ | ၄၅၁၀၀ | - | ၃၉၉၅၂ | ၇၆၇၀၄ | ၄၀၉၆၇ | ၃၂၇၄၉၀ | - |
| ခရိုင်ပေါင်း | | ၁၂၄၇၆၆ | ၄၅၁၀၀ | - | ၃၉၉၅၂ | ၇၆၇၀၄ | ၄၀၉၆၇ | ၃၂၇၄၉၀ | - |

ဇစ်မြစ် - တမူးခရိုင်၊ သစ်တောဦးစီးဌာန

## ၂.၂.၂ သစ်တောဖုံးလွှမ်းမှုအခြေအနေ

တမူးခရိုင်၏ သစ်တောဖုံးလွှမ်းမှုအခြေအနေကိုအောက်ပါအတိုင်းဖော်ပြအပ်ပါသည်-

ဇယား(၂-၂-၂)

| စဉ် | တောအမျိုးအစား | ဧရိယာ (ဧက) | ရာခိုင်နှုန်း |
|---|---|---|---|
| (၁) | (၂) | (၃) | (၄) |
| ၁။ | ရွက်အုပ်ပိတ်သစ်တော | ၄၉၈၂၆ | ၁၅.၂၁% |
| ၂။ | ရွက်အုပ်ပွင့်သစ်တော | ၁၀၀၉၉၂ | ၃၀.၈၄ % |
| ၃။ | တောနိမ့် | ၈၄၅၄၈ | ၂၅.၈၂ % |
| ၄။ | စိုက်ပျိုး/အခြားမြေ | ၉၂၀၁၀ | ၂၈.၀၉ % |
| ၅။ | ရေပြင်ဧရိယာ | ၁၁၂ | ၀.၀၄% |
| | **စုစုပေါင်း** | **၃၂၇၄၉၀** | **၁၀၀.၀၀ %** |

ဇစ်မြစ် - (၂၀၁၅)ခုနှစ်၊ စီမံကိန်းနှင့်စာရင်းအင်းဌာန၊ သစ်တောဦးစီးဌာန




ဇစ်မြစ် - တမူးခရိုင်၊ သစ်တောဦးစီးဌာန

## ၂.၂.၃ တမူးခရိုင်အတွင်းမြေအသုံးချမှုဆိုင်ရာ ပြောင်းလဲမှုများ

တမူးခရိုင်အတွင်း မြေအသုံးချမှုဆိုင်ရာပြောင်းလဲမှုများကို အောက်ပါအတိုင်းဖော်ပြအပ်ပါ သည်-

ဇယား(၂.၂.၃)

| စဉ် | ကြိုးဝိုင်း/ ကြိုးပြင် ကာကွယ်တော သဘာဝ ထိန်းသိမ်း ရေး နယ်မြေ | ကြိုးဝိုင်း တော (ဧက) | ကြိုးပြင် ကာကွယ် တော (ဧက) | သဘာဝထိန် း သိမ်းရေး နယ်မြေ(ဧ က) | ဖွဲ့စည်း အမိန့်စာ အမှတ်/ရက်စွဲ | မှတ်ချက် |
|---|---|---|---|---|---|---|
| (၁) | (၂) | (၃) | (၄) | (၅) | (၆) | (၇) |
| | **ဖွဲ့စည်းသတ်မှတ်ခြင်း** | ........... မရှိပါ ........... | | | | |
| **စဉ်** | **ကြိုးဝိုင်း/ ကြိုးပြင် ကာကွယ်တော သဘာဝ ထိန်းသိမ်း ရေး နယ်မြေ** | **မူလ ဧရိယာ (ဧက)** | **ပယ် ဖျက် ဧရိယာ (ဧက)** | **လက်ရှိ ဧရိယာ (ဧက)** | **အမိန့် ကြော်ငြာစာ အမှတ်/ ရက်စွဲ** | **ပယ်ဖျက် သည့် အကြောင်းရင်း** |
| (၁) | **ပယ်ဖျက်ခြင်း**<br>ကဘော်ကြိုးဝိုင်း | ၅၁၂၀၀ | ၂၇၆.၅၅<br>၂၇.၉၀ | ၅၀၈၉၆ | ၁၈၁(၉.၁၀.၂၀၁၃)<br>၂၁၈(၂၀.၃.၂၀၁၅) | (၅၀) ထက်/ မြို့ရွာ/ လယ်မြေတိုးချဲ့ |
| | **စုစုပေါင်း** | | ၃၀၄ | | | |

## တမူးခရိုင်၊ ကြိုးဝိုင်း/ ကြိုးပြင်ကာကွယ်တောများအတွင်းရှိ ကျူးကျော်မှုများစာရင်း
## (၂၀၀၆-၂၀၀၇ ခုနှစ်မှ ၂၀၁၅-၂၀၁၆ ခုနှစ်)

ဇယား(၂-၂-၄)ခ

| စဉ် | မြို့နယ် | ကြိုးဝိုင်း/ကြိုးပြင် ကာကွယ်တောအမည် | ဧရိယာ (ဧက) ပေါင်း | ကျူးကျော်ဧရိယာ(ဧက)ပေါင်း | | | မှတ်ချက် |
|---|---|---|---|---|---|---|---|
| | | | | လယ် | ယာ | အခြား | |
| (၁) | (၂) | (၃) | (၄) | (၅) | (၆) | (၇) | (၈) |
| ၁ | တမူး | ကဘော်ကြိုးဝိုင်း | ၅၀၈၉၅ | ၃၆၅၆ | - | - | |
| ၂ | တမူး | မင်းသမီး | ၃၆၅၀၀ | ၁၄၁ | - | - | |
| | | **စုစုပေါင်း** | **၈၇၃၉၅** | **၃၇၉၇** | - | - | |

ဇစ်မြစ် - ခရိုင်သစ်တောဦးစီးဌာန၊တမူးမြို့နယ်

**မှတ်ချက်။** ။သစ်တောဦးစီးဌာနမှ ၂၀၁၃ခုနှစ်၊ မတ်လ သစ်တောမြေစာရင်း ကျူးကျော်စာရင်းများကောက်ယူစဉ်ရရှိသော လယ်မြေ(၃၇၉၇)ဧကဖြစ်ပြီး သစ်တောမြေမှပယ်ဖျက်ခွင့်တင်ပြထားဆဲဖြစ်ပါသည်။

### ၂.၂.၅ ကြိုးဝိုင်း/ကြိုးပြင်ကာကွယ်တောများတွင် ရွှေ/သတ္တုတူးဖော်ခွင့်ပြုသော ဧရိယာများ

တမူးခရိုင်၏ အတွင်းရိုးမကြိုးပြင် ကာကွယ်တောများအတွင်း ကျောက်မီးသွေး/ သတ္တုတူးဖော်ခွင့်ပြုထားသည့် ဧရိယာ (၁၄၃၀) ဧက ရှိပါသည်။

## ၂.၃ သစ်တောသယံဇာတအရင်းအမြစ်

### ၂.၃.၁ သစ်တောအမျိုးအစားနှင့်ဧရိယာအကျယ်အဝန်း

#### ၂.၃.၁.၁ သဘာဝတောများ

**သစ်တောအမျိုးအစားနှင့် ဧရိယာအကျယ်အဝန်း**

ဇယား(၂-၃-၁-၁)

| စဉ် | တောအမျိုးအစား | ဧရိယာ(ဧက) | ရာခိုင်နှုန်း |
|---|---|---|---|
| (၁) | (၂) | (၃) | (၄) |
| ၁။ | အထက်ရွက်ပြတ်ရောနှောသော တောစို | ၅၃၃၄၄ | ၁၆ ၂၉% |
| ၂။ | အထက်ရွက်ပြတ်ရောနှောသောတောခြောက် | ၃၈၅၈၅ | ၁၁.၇၈% |
| ၃။ | တောင်ပေါ်တော | ၁၈၁၈ | ၀.၅၆% |
| ၄။ | အင်တိုင်းတော | ၇၅၀၃၇ | ၂၂.၉၁% |
| ၅။ | ဝါးတော | ၆၅၇၅ | ၂.၀၁% |
| ၆။ | ခြုံပုတ်တော | ၃၄၄၆၀ | ၁၀.၅၂% |
| ၇။ | စိုက်ပျိုးမြေ/စိုက်ခင်း | ၇၁၂၀၇ | ၂၁.၇၄% |
| ၈။ | ရေ | ၁၁၂ | ၀.၀၄% |
| ၉။ | အခြားမြေ | ၄၆၃၅၂ | ၁၄.၁၅ |
| | **စုစုပေါင်း** | **၃၂၇၄၉၀** | **၁၀၀ %** |

ဇစ်မြစ် - ခရိုင်သစ်တောဦးစီးဌာန၊ တမူးမြို့



### ၂.၃.၁.၂ သစ်တောစိုက်ခင်းများ

တမူးခရိုင်တွင် သစ်တောစိုက်ခင်းများကို ၁၉၉၂ ခုနှစ်မှစတင်၍ စမ်းသပ်စိုက်ပျိုးခဲ့ပါ သည်။ ၂၀၁၅ ခုနှစ် အထိ စီးပွားရေး ကျွန်းစိုက်ခင်းအနေဖြင့် ၁၈၁၀ ဧက၊ ပျဉ်းကတိုး စိုက်ခင်း အနေဖြင့် ၆၁၅ ဧကနှင့် ကျေးရွာသုံးစိုက်ခင်းအနေဖြင့် ၁၁၅ ဧကရှိပါသည်။ တမူးခရိုင်၊ တမူးမြို့နယ်တွင် စိုက်ခင်းစာရင်းကို သစ်မျိုး၊ စိုက်ခင်းအမျိုးအစား၊ တည်ထောင်သည့်ခုနှစ် အလိုက်စိုက်ခင်းတစ်ခုစီ၏ ဧရိယာများဖြင့် အတွဲ၂၊ ဇယား(၂-၃-၁-၂)ကတွင် ဖော်ပြပါသည်။ တမူးခရိုင် တစ်ခုလုံးအတွက် စိုက်ခင်းစာရင်းချုပ်ကို စိုက်ခင်းအမျိုးအစားအလိုက် ဇယား (၂-၃-၁-၂) တွင်ဖော်ပြပါသည်။ မြို့နယ်အလိုက် တည်ထောင်ထားသော ပုဂ္ဂလိကစိုက်ခင်း များစာရင်းချုပ် (ကျွန်းနှင့်သစ်မာမျိုးစုံ)ကို ဇယား(၂-၃-၁-၂)ဃ တွင် ဖော်ပြ ပါသည်။ မြို့နယ်အလိုက် တည်ထောင်ထားသော ပုဂ္ဂလိကစိုက်ခင်းများ စာရင်းချုပ် (ရာဘာ၊ ဆီအုန်း၊ ကြံနှင့်အခြား)ကို ဇယား(၂-၃-၁-၂)စ တွင်ဖော်ပြ ပါသည်။

ဆက်သွယ်ရေးလမ်းမကြီးဘေးဝဲ/ယာ စိုက်ခင်းများကို ၂၀၀၈-၀၉ ခုနှစ်တွင် (၂၅၄၆၀)ပင်၊ ၂၀၀၉-၁၀ ခုနှစ်တွင် (၅၀၀၀)ပင်၊ ၂၀၁၀-၁၁ ခုနှစ်တွင် (၅၂၀၀)ပင် စိုက်ပျိုးခဲ့ပါသည်။ ၂၀၁၁-၁၂ ခုနှစ်မှ ၂၀၁၄-၁၅ ခုနှစ်အထိ (၆၀၀၀၀)ပင် စိုက်ပျိုးခဲ့ပြီးဖြစ်ပါသည်။ တမူးမြို့တွင် တည်ထောင်ထားသည့် အခြား စိုက်ခင်းများအနေဖြင့် ၂၀၀၉-၁၀ ခုနှစ် မိုးရာသီတွင် တိုင်းဒေသကြီး အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌမှ တက်ရောက်စိုက်ပျိုးခဲ့သော ကျွန်း(၀.၇)ဧက၊ ယူကလစ်(၁) ဧက စိုက်ခင်း၊ ၂၀၁၀-၁၁ ခုနှစ်မိုးရာသီတွင် စိုက်ပျိုးခဲ့သည့် သစ်မာမျိုးစုံ (၅၄၀)ပင် စိုက်ခင်းတို့ကို စိုက်ပျိုး တည်ထောင်ခဲ့ပါသည်။

## တမူးခရိုင်အတွင်း ၁၉၉၂ ခုနှစ်မှ ၂၀၁၅-၁၆ ခုနှစ်အထိ တည်ထောင်ထားသည့် စိုက်ခင်းစာရင်းချုပ်

ဇယား (၂-၃-၁-၂)

| စဉ် | စိုက်ခင်းအမျိုးအစား | သစ်မျိုး | မူလစိုက်ပျိုးဧရိယာ(ဧက) | မှတ်ချက် |
|---|---|---|---|---|
| (၁) | (၂) | (၃) | (၄) | (၅) |
| ၁။ | စီးပွားရေးစိုက်ခင်း(န.တ.လ) | ကျွန်း | ၁၈၁၀ | |
| | | **ပေါင်း** | **၁၈၁၀** | |
| ၂။ | စီးပွားရေးစိုက်ခင်း(သစ်မာ) | ပျဉ်းကတိုး | ၆၁၅ | |
| | | **ပေါင်း** | **၆၁၅** | |
| ၃။ | ကျေးရွာသုံးထင်းစိုက်ခင်း | မယ်ဇလီ | ၅၀ | |
| | | သစ်ဆိမ့် | ၃၅ | |
| | | ပျဉ်းကတိုး | ၃၀ | |
| | | **ပေါင်း** | **၁၁၅** | |
| | **စိုက်ခင်းစုစုပေါင်း** | | **၂၅၄၀** | |

ဇစ်မြစ်- ခရိုင်သစ်တောဦးစီးဌာန၊ တမူးမြို့

## ခရိုင်အတွင်းတမူးမြို့နယ်ရှိ ၂၀၁၅-၁၆ ခုနှစ်အထိတည်ထောင်ထားသော ပုဂ္ဂလိကစိုက်ခင်းများစာရင်းချုပ်

ကျွန်းနှင့်သစ်မာမျိုးစုံ　　　　ဇယား(၂-၃-၁-၂)ဃ

| စဉ် | တည်ထောင်သည့် ခုနှစ် | မြို့နယ် | သစ်မျိုး | ဧရိယာ (ဧက) | မှတ် ချက် |
|---|---|---|---|---|---|
| (၁) | (၂) | (၃) | (၄) | (၅) | (၆) |
| | <u>ပုဂ္ဂလိကသစ်မာမျိုးစုံစိုက်ခင်းပေါင်း</u> | | | | |
| | ၂၀၀၇-၀၈ | တမူး | ပျဉ်းကတိုး/မျောက်ငို | ၄၅ | |
| | ၂၀၀၈-၀၉ | ။ | ။ | ၉ | |
| | ၂၀၀၉-၁၀ | ။ | ။ | ၁၀ | |
| | ၂၀၁၀-၁၁ | ။ | ။ | ၅၀ | |
| | ၂၀၁၄-၁၅ | ။ | ။ | ၂၀ | |
| | **ခရိုင်ချုပ်စုစုပေါင်း** | | | **၁၃၄** | |

ဖစ်မြစ် - ခရိုင်သစ်တောဦးစီးဌာန၊ တမူးမြို့

**တမူးခရိုင်အတွင်း မြို့နယ်အလိုက် တည်ထောင်ထားသော ပုဂ္ဂလိကစိုက်ခင်းများစာရင်းချုပ်**

ရာဘာ၊ ဆီအုန်း၊ ကြံနှင့်အခြား ဇယား(၂-၃-၁-၂)စ

| စဉ် | တည်ထောင်သည့် ခုနှစ် | မြို့နယ် | ခွင့်ပြုမိန့်ရသူ အမည် | သစ်မျိုး | ခွင့်ပြုမိန့် အမှတ် | ကြိုးဝိုင်း/ကြိုးပြင်ကာကွယ်တော | | ဧရိယာ (ဧက) | မှတ်ချက် |
|---|---|---|---|---|---|---|---|---|---|
| | | | | | | အမည် | အကွက်အမှတ် | | |
| (၁) | (၂) | (၃) | (၄) | (၅) | (၆) | (၇) | (၈) | (၉) | (၁၀) |
| | | | | ....... မရှိပါ ....... | | | | | |
| | စုစုပေါင်း | | | | | | | | |

ဖစ်မြစ် - ခရိုင်သစ်တောဦးစီးဌာန၊ တမူးမြို့

### ၂.၃.၁.၃ အခြားသစ်တောများ

တမူးမြို့နယ် ကွန်းတောင်းကျေးရွာတွင် ၂၀၀၉-၁၀ ခုနှစ်တွင် တည်ထောင် ခဲ့သော မိုးရာသီ ကျေးလက်အိမ်ရာ ထူထောင်ရေးကျေးရွာပိုင် သစ်တောစိုက်ခင်း ယူကလစ်၊ သစ်မျိုး(၁)ဧက (၅၄၀)ပင်ကို ပန္နက်အကွာအဝေး (၉'x၉') ဖြင့် ကျင်းတူးစိုက်ပျိုးလျက် ကျေးရွာ လွှဲအပ်ဆောင်ရွက်ခဲ့ပြီး ဖြစ်ပါသည်။

## ၂.၃.၂ သစ်ပင်ပေါက်ရောက်မှုအခြေအနေ

### ၂.၃.၂.၁ ကြိုးဝိုင်းတောများ

#### ၂.၃.၂.၁.၁ ထုတ်လုပ်ရေးသစ်တောများ

#### ၂.၃.၂.၁.၁.၁သဘာဝတောများ

#### ၂.၃.၂.၁.၁.၁.၁ ကြီးထွားနှုန်း

တမူးခရိုင်အတွင်း ပေါက်ရောက်သော ကျွန်း၏ နှစ်စဉ်ပျမ်းမျှအမြင့်ကြီးထွားနှုန်းမှာ (၂.၉၆)ပေ ဖြစ်ပြီး ပျဉ်းကတိုးစိုက်ခင်း၏ ကြီးထွားနှုန်းမှာ (၃.၂၅) ပေ ဖြစ်ပါသည်။

### ၂.၃.၂.၁.၁.၂ သေကြေပျက်စီးနှုန်း

တမူးခရိုင်အတွင်း သဘာဝတောများတွင် ကျွန်းသဘာဝမျိုးဆက်မှု ရှိပါသည်။ ကျွန်းသစ်မျိုးများ၏ သာမန်အားဖြင့် သေကြေပျက်စီးနှုန်းမှာ ခန့်မှန်း ၁၀% နှင့် ၂၀% အကြားရှိပါသည်။ သစ်မာသစ်မျိုးများ၏ သေကြေ ပျက်စီးနှုန်းမှာ ၁၅% နှုန်းခန့်ရှိကြောင်း တွေ့ရှိရပါသည်။ သက်ငယ်ကျွန်းစိုက်ခင်း၏ လုံးပတ်ကြီးထွားနှုန်းမှာ (၀.၄၆) လက်မ ရှိပါသည်။

### ၂.၃.၂.၁.၁.၃ မျိုးဆက်မှု

တမူးခရိုင်အတွင်း သဘာဝတောများတွင် ကျွန်းသဘာဝမျိုးဆက်မှု အနည်းငယ်ရှိပါသည်။ ပျဉ်းကတိုးသစ်မျိုးများ၏ သဘာဝအတိုင်း မျိုးဆက်မှု အခြေအနေမှာ နည်းပါးပါသည်။ ကျွန်းနှင့် ပျဉ်းကတိုး သစ်မျိုးမှာ သဘာဝမျိုးဆက်မှု နည်းပါးခြင်းမှာ မျိုးဆက်မှု နည်းပါးခြင်း တို့ကြောင့်ဖြစ်ပါသည်။ ကျွန်းမျိုးဆက် နည်းပါးရခြင်းမှာ တမူးနှင့် မင်းသာကြား နယ်စပ်တလျှောက် ကျွန်းသစ်ခိုးမှုများ ပပျောက်စေရန် ၁၉၈၆-၈၇ ခုနှစ်ခန့်က နယ်စပ်နှင့် ၃ မိုင် အတွင်း ရှိသော ၄' နှင့်အထက် ကျွန်းပင်များကို အပြောင်ရှင်းလင်းခုတ်ယူခဲ့ခြင်း၊ ၂၀၀၅-၀၆ခုနှစ်နှင့် ၂၀၀၆-၀၇ ခုနှစ်တွင် ၃ပေ နှင့် အထက် အပြောင်ရှင်းခြင်းကြောင့်လည်း တမူးခရိုင်ရှိ သွားလာရေး လွယ်ကူသောနေရာများတွင် ကျွန်းမျိုးဆက်မှု လျော့နည်း သွားရခြင်းဖြစ်ပါသည်။ သွားလာရေးခက်ခဲသည့် အလှော်ကြိုးဝိုင်း တွင်မူ ကျွန်းမျိုးဆက်ခြင်း၊ ပျဉ်းကတိုးမျိုးဆက်ခြင်းများ၊ ဓမ္မတာ မျိုးဆက်မှု အသင့်အတင့်ကောင်းမွန်ပါသည်။

### ၂.၃.၂.၁.၁.၄ ပင်ထောင်ဇယား

တမူးခရိုင်အတွင်း သဘာဝတောများတွင်ရှိသော သစ်မျိုးအလိုက် သစ်ပင်များ အရေအတွက် စာရင်းကို လုံးပတ် အတန်းအစား အလိုက် ဇယား(၂-၃-၂-၁-၁-၁-၄) ဖြင့် ဖော်ပြထားပါသည်။

## ပင်ထောင်ဇယား

ခရိုင် - တမူး ဇယား - ၂-၃-၂-၁-၁-၁-၄

ကြိုးဝိုင်း - အလှော် ဧရိယာ - ၇၃၈၇၁ ဧက

| သစ်မျိုး အုပ်စု | ၂'၀" ၂'၅" | ၂'၆" ၂'၁၁" | ၃'၀" ၃'၅" | ၃'၆" ၃'၁၁" | ၄'၀" ၄'၅" | ၄'၆" ၄'၁၁" | ၅'၀" ၅'၅" | ၅'၆" ၅'၁၁" | ၆'၀" ၆'၅" | ၆'၆" ၆'၁၁" | ၇'၀" ၇'၅" | ၇'၆" ၇'၁၁" | ၈၀+ | စုစု ပေါင်း | ပါဝင်မှု % |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| (၁) | (၂) | (၃) | (၄) | (၅) | (၆) | (၇) | (၈) | (၉) | (၁၀) | (၁၁) | (၁၂) | (၁၃) | (၁၄) | (၁၅) | (၁၆) |
| ကျွန်း | ၁၇၅၂၂ | ၄၆၈၃၃ | ၂၀၂၆၅ | ၉၅၈၅ | ၄၆၅၄ | ၁၀၉၄ | - | - | - | ၁၀၉၄ | ၂၁၈၈ | ၂၄၆၅ | ၂၄၆၅ | ၁၀၈၁၆၅ | ၁၅.၆၄ |
| အုပ်စု(၁) | ၇၃၉၆ | ၂၄၆၅ | ၇၃၉၆ | ၂၄၆၅ | ၂၄၆၅ | - | - | - | - | - | - | - | ၂၄၆၅ | ၂၄၆၅၂ | ၃.၅၆ |
| အုပ်စု(၂) | ၉၅၈၅ | ၂၉၀၂၀ | ၁၉၄၄၈ | ၁၂၀၅၁ | ၇၁၁၉ | ၃၅၅၉ | ၃၅၅၉ | ၂၄၆၅ | - | - | - | - | - | ၈၆၈၀၆ | ၁၂.၅၅ |
| အုပ်စု(၃) | ၁၉၉၈၈ | ၅၀၃၈၀ | ၃၂၀၃၉ | ၄၇၃၈၇ | ၂၃၀၀၈ | ၁၆၉၈၂ | ၃၂၈၂ | ၂၄၆၅ | - | ၂၄၆၅ | - | ၁၀၉၄ | ၂၄၆၅ | ၂၀၁၅၅၅ | ၂၉.၁၄ |
| အုပ်စု(၄) | ၅၄၇၁ | ၁၀၉၅၆ | ၁၀၉၅၆ | ၂၄၆၅ | ၄၉၃၁ | ၁၀၉၄ | ၁၀၉၄ | - | - | - | - | - | - | ၃၆၉၆၇ | ၅.၃၄ |
| အုပ်စု(၅) | ၄၇၉၂၈ | ၅၉၉၅၁ | ၄၁၆၂၅ | ၃၄၇၈၂ | ၂၂၇၃၁ | ၇၃၉၆ | ၁၃၄၂၂ | ၃၂၈၂ | - | - | ၂၄၆၅ | - | - | ၂၃၃၅၈၂ | ၃၃.၇၇ |
| **ပေါင်း** | ၁၀၇၈၉၀ | ၁၉၉၆၀၅ | ၁၃၁၇၂၉ | ၁၀၈၇၃၅ | ၆၄၉၀၈ | ၃၀၁၂၅ | ၂၁၃၅၇ | ၈၂၁၂ | - | ၃၅၅၉ | ၄၆၅၃ | ၃၅၅၉ | ၇၃၉၅ | ၆၉၁၇၂၇ | ၁၀၀ |

ဇစ်မြစ် - ၂၀၁၃-၂၀၁၄ စာရင်းကောက်ကိန်းဂဏန်းများ

## ပင်ထောင်ဇယား

ခရိုင် - တမူး ဇယား - ၂-၃-၂-၁-၁-၁-၄

ကြိုးဝိုင်း - ကဘော် ဧရိယာ - ၂၀၀၁၆ ဧက

| သစ်မျိုး အုပ်စု | ၂'၀" ၂'၅" | ၂'၆" ၂'၁၁" | ၃'၀" ၃'၅" | ၃'၆" ၃'၁၁" | ၄'၀" ၄'၅" | ၄'၆" ၄'၁၁" | ၅'၀" ၅'၅" | ၅'၆" ၅'၁၁" | ၆'၀" ၆'၅" | ၆'၆" ၆'၁၁" | ၇'၀" ၇'၅" | ၇'၆" ၇'၁၁" | ၈၀+ | စုစု ပေါင်း | ပါဝင်မှု % |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| (၁) | (၂) | (၃) | (၄) | (၅) | (၆) | (၇) | (၈) | (၉) | (၁၀) | (၁၁) | (၁၂) | (၁၃) | (၁၄) | (၁၅) | (၁၆) |
| ကျွန်း | - | - | - | - | - | - | - | - | - | - | - | - | - | - | - |
| အုပ်စု(၁) | - | - | - | - | - | - | - | - | - | - | - | - | - | - | - |
| အုပ်စု(၂) | ၂၂၉၂၆ | ၃၂၃၆၆ | ၃၇၇၆၀ | ၄၃၁၅၅ | ၂၁၅၇၇ | ၁၆၁၈၃ | ၁၃၄၈ | ၂၆၉၇ | ၁၃၄၈ | - | - | ၁၃၄၈ | ၂၆၉၇ | ၁၈၃၄၀၅ | ၈၃.၄၃ |
| အုပ်စု(၃) | - | - | - | - | - | - | - | - | - | - | - | - | - | - | - |
| အုပ်စု(၄) | - | - | - | - | - | - | - | - | - | - | - | - | - | - | - |
| အုပ်စု(၅) | ၄၀၄၅ | ၉၄၄၀ | ၁၀၇၈၈ | ၆၇၄၃ | ၂၆၉၇ | ၁၃၄၈ | ၁၃၄၈ | - | - | - | - | - | - | ၃၆၄၀၉ | ၁၆.၅၆ |
| **ပေါင်း** | ၂၆၉၇၁ | ၄၁၈၀၆ | ၄၈၅၄၈ | ၄၉၈၉၈ | ၂၄၂၇၄ | ၁၇၅၃၁ | ၂၆၉၆ | ၂၆၉၇ | ၁၃၄၈ | - | - | ၁၃၄၈ | ၂၆၉၇ | ၂၁၉၈၁၄ | ၁၀၀ |

ဇစ်မြစ် - ၂၀၁၃-၂၀၁၄ စာရင်းကောက်ကိန်းဂဏန်းများ

## ၂.၃.၂.၁.၁.၁.၅ ထုထည်ဇယား

တမူးခရိုင်အတွင်း သဘာဝတောများတွင်ရှိသော သစ်မျိုးအလိုက် သစ်ပင်များ အရေအတွက်စာရင်းကို လုံးပတ်အတန်းအစားအလိုက် ဇယား (၂.၃.၂.၁.၁.၁.၅) ဖြင့် ဖော်ပြထား ပါသည်။

### ထုထည်ဇယား

ခရိုင် - တမူး ဇယား - ၂-၃-၂-၁-၁-၁-၅

ကြိုးဝိုင်း - အလှော် ဧရိယာ - ၇၃၈၇၁ ဧက

| သစ်မျိုး အုပ်စု | ၂'၀" ၂'၅" | ၂'၆" ၂'၁၁" | ၃'၀" ၃'၅" | ၃'၆" ၃'၁၁" | ၄'၀" ၄'၅" | ၄'၆" ၄'၁၁" | ၅'၀" ၅'၅" | ၅'၆" ၅'၁၁" | ၆'၀" ၆'၅" | ၆'၆" ၆'၁၁" | ၇'၀" ၇'၅" | ၇'၆" ၇'၁၁" | ၈၀+ | စုစုပေါင်း | ပါဝင်မှု % |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| (၁) | (၂) | (၃) | (၄) | (၅) | (၆) | (၇) | (၈) | (၉) | (၁၀) | (၁၁) | (၁၂) | (၁၃) | (၁၄) | (၁၅) | (၁၆) |
| ကျွန်း | ၃၃၂၄ | ၁၂၉၁၇ | ၈၃၁၅ | ၅၂၆၀ | ၃၆၀၆ | ၉၅၄ | ၀ | ၀ | ၀ | ၂၂၂၁ | ၄၉၅၀ | ၆၄၂၀ | ၉၅၇၄ | ၅၇၅၄၀ | ၁၅.၆၄ |
| အုပ်စု(၁) | ၁၂၅၈ | ၅၄၃ | ၂၅၄၇ | ၁၀၆၆ | ၁၇၁၉ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၉၂၁၂ | ၁၆၃၄၅ | ၃.၅၆ |
| အုပ်စု(၂) | ၁၉၄၄ | ၈၃၈၇ | ၈၁၂၃ | ၇၁၃၃ | ၅၅၆၇ | ၄၁၆၀ | ၅၁၁၇ | ၄၉၀၃ | ၀ | ၀ | ၀ | ၀ | ၀ | ၄၅၃၃၄ | ၁၂.၅၅ |
| အုပ်စု(၃) | ၃၉၃၈ | ၁၃၂၂၇ | ၁၂၅၆၀ | ၂၆၈၅၃ | ၁၇၀၀၇ | ၁၅၁၂၀ | ၃၈၈၀ | ၄၁၁၉ | ၀ | ၅၁၈၀ | ၀ | ၃၀၆၀ | ၈၁၈၄ | ၁၁၃၁၂၉ | ၂၉.၁၄ |
| အုပ်စု(၄) | ၁၀၃၁ | ၃၃၇၈ | ၅၁၇၂ | ၁၄၂၀ | ၃၈၄၂ | ၁၂၆၉ | ၁၁၆၈ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၁၇၂၈၀ | ၅.၃၄ |
| အုပ်စု(၅) | ၈၁၉၇ | ၁၅၉၃၇ | ၁၇၃၃၉ | ၁၇၈၈၄ | ၁၆၁၈၁ | ၆၇၄၉ | ၁၆၄၆၀ | ၄၆၅၉ | ၀ | ၀ | ၅၁၁၅ | ၀ | ၀ | ၁၀၈၅၂၂ | ၃၃.၇၇ |
| **ပေါင်း** | ၁၉၆၉၂ | ၅၄၃၈၉ | ၅၄၀၅၇ | ၅၉၆၁၆ | ၄၇၉၂၂ | ၂၈၂၅၂ | ၂၆၆၂၆ | ၁၃၆၈၁ | ၀ | ၇၄၀၁ | ၁၀၀၆၅ | ၉၄၈၀ | ၂၆၉၇၀ | ၃၅၈၁၅၁ | ၁၀၀ |

ဇစ်မြစ် - ၂၀၁၃-၂၀၁၄ စာရင်းကောက်ကိန်းဂဏန်းများ

### ထုထည်ဇယား

ခရိုင် - တမူး ဇယား - ၂-၃-၂-၁-၁-၁-၅

ကြိုးဝိုင်း - ကဘော် ဧရိယာ - ၂၀၀၁၆ ဧက

| သစ်မျိုး အုပ်စု | ၂'၀" ၂'၅" | ၂'၆" ၂'၁၁" | ၃'၀" ၃'၅" | ၃'၆" ၃'၁၁" | ၄'၀" ၄'၅" | ၄'၆" ၄'၁၁" | ၅'၀" ၅'၅" | ၅'၆" ၅'၁၁" | ၆'၀" ၆'၅" | ၆'၆" ၆'၁၁" | ၇'၀" ၇'၅" | ၇'၆" ၇'၁၁" | ၈၀+ | စုစုပေါင်း | ပါဝင်မှု % |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| (၁) | (၂) | (၃) | (၄) | (၅) | (၆) | (၇) | (၈) | (၉) | (၁၀) | (၁၁) | (၁၂) | (၁၃) | (၁၄) | (၁၅) | (၁၆) |
| ကျွန်း | - | - | - | - | - | - | - | - | - | - | - | - | - | - | - |
| အုပ်စု(၁) | - | - | - | - | - | - | - | - | - | - | - | - | - | - | - |
| အုပ်စု(၂) | ၂၂၉၂၆ | ၃၂၃၆၆ | ၃၇၇၆၀ | ၄၃၁၅၅ | ၂၁၅၇၇ | ၁၆၁၈၃ | ၁၃၄၈ | ၂၆၉၇ | ၁၃၄၈ | - | - | ၁၃၄၈ | ၂၆၉၇ | ၁၈၃၄၀၅ | ၈၃.၄၃ |
| အုပ်စု(၃) | - | - | - | - | - | - | - | - | - | - | - | - | - | - | - |
| အုပ်စု(၄) | - | - | - | - | - | - | - | - | - | - | - | - | - | - | - |
| အုပ်စု(၅) | ၄၀၄၅ | ၉၄၄၀ | ၁၀၇၈၈ | ၆၇၄၃ | ၂၆၉၇ | ၁၃၄၈ | ၁၃၄၈ | - | - | - | - | - | - | ၃၆၄၀၉ | ၁၆.၅၆ |
| **ပေါင်း** | ၂၆၉၇၁ | ၄၁၈၀၆ | ၄၈၅၄၈ | ၄၉၈၉၈ | ၂၄၂၇၄ | ၁၇၅၃၁ | ၂၆၉၆ | ၂၆၉၇ | ၁၃၄၈ | - | - | ၁၃၄၈ | ၂၆၉၇ | ၂၁၉၈၁၄ | ၁၀၀ |

ဇစ်မြစ် - ၂၀၁၃-၂၀၁၄ စာရင်းကောက်ကိန်းဂဏန်းများ

### ၂.၃.၂.၁.၁.၂ သစ်တောစိုက်ခင်းများ

#### ၂.၃.၂.၁.၁.၂.၁ ကြီးထွားနှုန်း

တမူးခရိုင်အတွင်း တည်ထောင်ထားသော ကျွန်းစိုက်ခင်းများ၏ နှစ်စဉ် ပျမ်းမျှအမြင့်ကြီးထွားနှုန်းမှာ (၁.၉၆)ပေရှိပါသည်။ ပျဉ်းကတိုး စိုက်ခင်း များ၏ နှစ်စဉ်ပျမ်းမျှအမြင့် ကြီးထွားနှုန်းမှာ (၃.၂၅) ပေ ရှိပါသည်။ သက်ငယ်ကျွန်း၏ ပျမ်းမျှလုံးပတ်ကြီးထွား နှုန်းမှာ (၀.၄၆) လက်မနှင့် ပျဉ်းကတိုးသစ်မျိုး၏ ပျမ်းမျှလုံးပတ် ကြီးထွား နှုန်း မှာ (၀.၇၄) လက်မ ရှိပါသည်။

#### ၂.၃.၂.၁.၁.၂.၂သေကြေပျက်စီးနှုန်း

တမူးခရိုင်ရှိ စိုက်ပျိုးထားသည့် သစ်တောစိုက်ခင်းများသည် သွားလာရေး လွယ်ကူသောနေရာ၊ အလုပ်သမား ရရှိနိုင်သောနေရာ၊ အုပ်ချုပ်မှု လွယ်ကူသော နေရာများအား အဓိကဦးစားပေး ရွေးချယ်ခဲ့သဖြင့် အင်တိုင်း တောများတွင် ကျွန်းနှင့်ပျဉ်းကတိုး စိုက်ခင်းများ တည်ထောင် ခဲ့ပါသည်။ ရံပုံငွေမလုံလောက်သဖြင့် ပြုစုထိန်းသိမ်းခြင်း လုပ်ငန်းများ အားပုံမှန် မလုပ်ဆောင်နိုင်ခဲ့ခြင်းကြောင့် သက်ကယ် ပေါင်းများ၊ အင်ပင်ပေါက်များ၏ အုပ်မိုးမှုဒဏ်နှင့် မီးလောင်ကျွမ်းမှု တို့ကြောင့် ကျွန်းစိုက်ခင်းများ အောင်မြင်မှု နည်းပါးခဲ့ပါသည်။

#### ၂.၃.၂.၁.၁.၂.၃ စိုက်ခင်းဇယား

တမူးခရိုင်အတွင်းရှိ သစ်တောစိုက်ခင်းများနှင့် ပတ်သက်သည့် အကြောင်း အရာများကို အတွဲ(၂)တွင် ဇယား(၂-၃-၂-၁-၁-၂-၃) ဖြင့် ဖော်ပြထားပါသည်။

### ၂.၃.၂.၁.၂ ရေဝေရေလဲသစ်တောများ

ကဘော်ကြိုးဝိုင်းအတွင်း ရေဝေရေလဲဧရိယာ အနေဖြင့် ရာနိုးဆည် (၈၆၀၀) ဧက၊ တုံးကျော်ဆည် (၂၅၆၀)ဧက၊ ဝက်ရူဆည်(၃၂၀၀)ဧကရှိပြီး မင်းသမီး တောင်တန်း ကြိုးပြင်ကာကွယ်တောအတွင်း သနန်ဆည် (၃၂၀၀) ဧက ရှိပါသည်။ ကြိုးပြင်တော အတွင်း စေတီဆည် (၈၉၆၀)ဖြင့် စုစုပေါင်း (၂၆၅၂၀) ဖြစ်ပါသည်။ ၎င်းဆည် ရေဝေရေလဲ ဒေသများတွင် သစ်တောဖုံးလွှမ်းမှု ကောင်းသဖြင့် စိုက်ခင်း တည်ထောင်ရန် မလိုအပ်ပါ။ မြေဆီလွှာထိန်းသိမ်း ခြင်း (နံ့တား၊တမံ/ မြေထိန်းတမံ) ကွန်တိုကန်သင်းကန့်၊ ရေစိမ့်မြောင်း၊

ရေလွှဲမြောင်း ကွန်တိုစည်းရိုးတန်းဝါးစိုက်ပျိုးခြင်း လုပ်ငန်းများကိုဆောင်ရွက်သွားမည် ဖြစ်ပါသည်။

**၂.၃.၂.၁.၃ ဒေသထောက်ပံ့ရေးသစ်တောများ**

တမူးခရိုင်အတွင်းရှိ ကဘော်ကြိုးဝိုင်းတွင် ကျေးရွာသုံးထင်းစိုက်ခင်း ၂/၀၃ သစ်ဆိမ့် (၅)ဧက၊ ၃/၀၄ သစ်ဆိမ့် (၃၀)ဧက၊ ၂၀၀၉-၁၀ ခုနှစ် တစ်ရွာ (၁) ဧက၊ ယူကလစ်စိုက်ခင်း (၁)ဧက၊ ၄/၉၈ မယ်ဇလီ၊ အော်ရီရှား (၅၀)ဧက၊ ၃/၀၅ ပျဉ်းကတိုး(၅)ဧက၊ ၄/၀၅ ပျဉ်းကတိုး (၂၅)ဧက နှင့် သစ်တောမြေ (၄၄၈၄)ဧက ဖြင့်ဖွဲ့စည်းထားပါသည်။

**ကြိုးဝိုင်းတောအတွင်းဒေသထောက်ပံ့ရေးအလုပ်တိုက်နယ်အဖြစ်ဖွဲ့စည်းမည့်ဧရိယာဇယား**

ဇယား(၂-၃-၂-၁-၃)

| စဉ် | ကြိုးဝိုင်း/ကြိုးပြင် | ဧရိယာ(ဧက) | မှတ်ချက် |
|---|---|---|---|
| (၁) | (၂) | (၃) | (၄) |
| ၁ | ကဘော်ကြိုးဝိုင်း | ၄၆၀၀ | ကျေးထင်း(၁၁၅) ဧက၊ တစ်ရွာတစ်ဧက (၁) ဧကအပါအဝင် |

ဇစ်မြစ် - ခရိုင်သစ်တောဦးစီးဌာန၊ တမူးမြို့

**၂.၃.၂.၁.၄ ဒေသခံပြည်သူအစုအဖွဲ့ပိုင်သစ်တောများ**

တမူးခရိုင်တွင် ဒေသခံပြည်သူအစုအဖွဲ့ပိုင် သစ်တောများကို ဖိုင်ရန်ကျေးရွာတွင်(၁၂.၄) ဧကအားအသုံးပြုသူများ (၅)ဦးဖြင့် ဖွဲ့စည်းထားရှိပါသည်။ ဆက်လက် တည်ထောင်ဆောင်ရွက်ရန် ပြည်သူများအား စည်းရုံးဆောင်ရွက်သွားမည်ဖြစ်ပါသည်။

**၂.၃.၂.၁.၅ အခြားသစ်တောများ**

တမူးခရိုင်တွင် လမ်းဘေးဝဲ/ယာစိုက်ခင်းများသာ ရှိပါသည်။

**၂.၃.၂.၂ ကြိုးပြင်ကာကွယ်တောများ(အဆိုပြုကြိုးပြင်ကာကွယ်တောများအပါအဝင်)**

**၂.၃.၂.၂.၁ ထုတ်လုပ်ရေးသစ်တောများ**

**၂.၃.၂.၂.၁.၁ သဘာဝတောများ**

**၂.၃.၂.၂.၁.၁.၁ ကြီးထွားနှုန်း**

တမူးခရိုင်၊ တမူးမြို့နယ်တွင် ကြိုးပြင်ကာကွယ်တော ၂ ခု ရှိပါ သည်။ ၎င်းတို့မှာ မင်းသမီးတောင်တန်း ကြိုးပြင်ကာကွယ်တော၊ အတွင်းရိုးမ ကြိုးပြင်ကာကွယ်တောများရှိ အဖိုးတန်သစ်မျိုးများ၏ ကြီးထွားနှုန်း

မှာ ကျွန်း (၁.၃၆) ပေနှင့် ပျဉ်းကတိုးနှင့် အခြား သစ်များ(၂.၆) ပေ ရှိပါသည်။

**၂.၃.၂.၂.၁.၁.၂ သေကြေပျက်စီးနှုန်း**

တမူးခရိုင်၊ တမူးမြို့နယ်ရှိ ကြိုးပြင်ကာကွယ်တောများ၏ သစ်ပင်များ သေကြေပျက်စီးရခြင်းမှာ အပင်ငယ်ဘဝ၌ မီးအန္တရာယ်ကြောင့် သေကြေ ပျက်စီးရခြင်း ဖြစ်ပါသည်။ လေပြင်းတိုက်ခတ်မှုဒဏ် ကြောင့် အပင်များ သေကြေပျက်စီးခြင်း မရှိသော်လည်း အပင်ကြီး များ၏ အကိုင်းအခက် ကျိုးခြင်း၊ ခေါင်ကျိုး၍အနာတရ ဖြစ်ပေါ်ခြင်း၊ ပုံသဏ္ဍာန် ပျက်စီးခြင်းများ ဖြစ်ပေါ်သည်ကို တွေ့ရပါသည်။ ခြောက် သွေ့သော ဧရိယာ၌ပေါက်သော သစ်ပင်ကြီးမျိုးများမှာ နွေရာသီတွင် မီးအန္တရာယ်ကြောင့် အောက်ခြေမီးလောင်ခြင်း၊ ထက်ခြမ်းလောင်ခြင်း စသည့် အနာတရများ ဖြစ်ပေါ်နိုင်ကြောင်း တွေ့ရပါသည်။ ကျွန်း၏ သေကြေပျက်စီးနှုန်းမှာ ၁၀%ရှိပြီး ပျဉ်းကတိုးနှင့် အခြားသစ်မျိုး တို့၏ သေကြေပျက်စီးနှုန်းမှာ ၁၅% ရှိပါသည်။

**၂.၃.၂.၂.၁.၁.၃ မျိုးဆက်မှု**

တမူးခရိုင်၊ တမူးမြို့နယ်ရှိအတွင်း ရိုးမကြိုးပြင်ကာကွယ်တောများ တွင် ကျွန်း၊ ပျဉ်းကတိုးစသည့်ရောင်းတန်းဝင် တန်ဖိုးရှိ သစ်ပင် များ ပေါက်ရောက်မှုရှိသဖြင့် မျိုးဆက်မှု အသင့်အတင့် ရှိသည်ကို တွေ့ရ ပါသည်။ တမူးခရိုင်၊ တမူးမြို့နယ်ရှိ သစ်တောဖုံးလွှမ်းသည့် ဧရိယာ များတွင် များသောအားဖြင့် အင်ပင်မျိုးဆက်မှု ကောင်းမွန်ကြောင်း တွေ့ရပါသည်။

**၂.၃.၂.၂.၁.၁.၄ ပင်ထောင်ဇယား**

တမူးခရိုင်အတွင်းရှိ ကြိုးပြင်ကာကွယ်တောများ၏ သစ်ပင်ပေါက် ရောက်မှု ပင်ထောင်ဇယားကို သစ်မျိုးအလိုက်၊ လုံးပတ်အတန်း အစားအလိုက် ဇယား(၂-၃-၂-၂-၁-၁-၄) ဖြင့် ဖော်ပြထားပါသည်။

## ပင်ထောင်ဇယား

ခရိုင် - တမူး ဇယား - ၂-၃-၂-၂-၁-၁-၄

ကြိုးပြင်ကာကွယ်တော - အတွင်းရိုးမ ဧရိယာ - ၆၆၉၄ ဧက

| သစ်မျိုးအုပ်စု | ၂'၀"<br>၂'၅" | ၂'၆"<br>၂'၁၁" | ၃'၀"<br>၃'၅" | ၃'၆"<br>၃'၁၁" | ၄'၀"<br>၄'၅" | ၄'၆"<br>၄'၁၁" | ၅'၀"<br>၅'၅" | ၅'၆"<br>၅'၁၁" | ၆'၀"<br>၆'၅" | ၆'၆"<br>၆'၁၁" | ၇'၀"<br>၇'၅" | ၇'၆"<br>၇'၁၁" | ၈၀ + | စုစုပေါင်း | ပါဝင်မှု % |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| (၁) | (၂) | (၃) | (၄) | (၅) | (၆) | (၇) | (၈) | (၉) | (၁၀) | (၁၁) | (၁၂) | (၁၃) | (၁၄) | (၁၅) | (၁၆) |
| ကျွန်း | ၃၀၅၇ | ၃၀၅၇ | ၂၂၅၅ | ၄၅၁ | ၄၅၁ | ၄၅၁ | ၀ | ၀ | ၀ | ၉၀၂ | ၀ | ၀ | ၀ | ၁၀၈၂၄ | ၁၈.၉ |
| အုပ်စု(၁) | ၁၃၅၃ | ၉၀၂ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၂၂၅၅ | ၃.၇ |
| အုပ်စု(၂) | ၄၅၁ | ၀ | ၀ | ၄၅၁ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၉၀၂ | ၁.၁ |
| အုပ်စု(၃) | ၁၈၀၄ | ၄၉၆၀ | ၁၃၅၃ | ၂၇၀၆ | ၄၀၅၉ | ၉၀၂ | ၀ | ၄၅၁ | ၀ | ၄၅၁ | ၀ | ၀ | ၀ | ၁၆၆၈၇ | ၃၄.၀ |
| အုပ်စု(၄) | ၀ | ၀ | ၀ | ၀ | ၄၅၁ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၄၅၁ | ၁.၁ |
| အုပ်စု(၅) | ၆၃၀၄ | ၇၆၆၇ | ၅၄၀၂ | ၅၄၀၂ | ၂၇၀၆ | ၁၈၀၄ | ၄၅၁ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၂၉၇၆၆ | ၄၃.၃ |
| ပေါင်း | ၁၃၀၇၉ | ၁၆၆၈၇ | ၉၀၂၀ | ၉၀၂၀ | ၇၆၆၇ | ၃၀၅၇ | ၄၅၁ | ၄၅၁ | ၀ | ၁၃၅၃ | ၀ | ၀ | ၀ | ၆၀၈၈၅ | ၁၀၀ |

ဇစ်မြစ် - ၂၀၁၃-၂၀၁၄ စာရင်းကောက်ကိန်းဂဏန်းများ

## ပင်ထောင်ဇယား

ခရိုင် - တမူး ဇယား - ၂-၃-၂-၂-၁-၁-၄

ကြိုးပြင်ကာကွယ်တော - မင်းသမီးတောင်တန်း ဧရိယာ - ၃၃၀၁၆ ဧက

| သစ်မျိုးအုပ်စု | ၂'၀"<br>၂'၅" | ၂'၆"<br>၂'၁၁" | ၃'၀"<br>၃'၅" | ၃'၆"<br>၃'၁၁" | ၄'၀"<br>၄'၅" | ၄'၆"<br>၄'၁၁" | ၅'၀"<br>၅'၅" | ၅'၆"<br>၅'၁၁" | ၆'၀"<br>၆'၅" | ၆'၆"<br>၆'၁၁" | ၇'၀"<br>၇'၅" | ၇'၆"<br>၇'၁၁" | ၈၀ + | စုစုပေါင်း | ပါဝင်မှု % |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| (၁) | (၂) | (၃) | (၄) | (၅) | (၆) | (၇) | (၈) | (၉) | (၁၀) | (၁၁) | (၁၂) | (၁၃) | (၁၄) | (၁၅) | (၁၆) |
| ကျွန်း | ၇၂၁၃ | ၈၆၅၄ | ၁၀၄၆၀ | ၇၉၃၃ | ၀ | ၅၅၉၀ | ၀ | ၃၂၄၆ | ၁၆၂၃ | ၀ | ၀ | ၀ | ၄၈၆၉ | ၄၉၅၈၈ | ၁၈.၆၆ |
| အုပ်စု(၁) | - | - | - | - | - | - | - | - | - | - | - | - | - | - | - |
| အုပ်စု(၂) | ၃၀၆၄ | ၇၀၃၁ | ၄၆၈၇ | ၁၀၂၇၇ | ၃၂၄၆ | ၆၃၁၀ | ၆၄၉၃ | ၃၂၄၆ | ၁၆၂၃ | ၁၆၂၃ | - | - | ၁၆၂၃ | ၄၉၂၂၃ | ၂၀.၈၉ |
| အုပ်စု(၃) | ၁၁၇၁၈ | ၁၈၀၂၉ | ၁၄၄၂၇ | ၁၅၃၂၀ | ၈၆၅၄ | ၁၇၄၉၁ | ၆၃၁၀ | ၁၄၄၀ | ၂၃၄၃ | ၃၉၆၆ | ၁၆၂၃ | - | ၆၄၉၃ | ၁၀၇၈၀၄ | ၄၀.၂၀ |
| အုပ်စု(၄) | ၇၂၀ | ၁၆၂၃ | ၁၆၂၃ | ၁၆၂၃ | ၀ | ၁၆၂၃ | - | - | - | - | - | - | - | ၇၂၀၂ | ၁.၇၁ |
| အုပ်စု(၅) | ၃၀၆၅၀ | ၂၁၂၇၅ | ၁၂၇၉၄ | ၁၅၅၀၃ | ၃၀၆၄ | ၃၀၆၄ | ၅၅၉၀ | ၇၂၀ | - | - | ၃၂၄၆ | ၁၄၄၀ | - | ၉၇၃၄၆ | ၁၈.၅၃ |
| ပေါင်း | ၅၃၃၆၅ | ၅၆၆၀၂ | ၄၃၉၉၁ | ၅၀၆၅၆ | ၁၄၉၆၄ | ၃၄၀၇၈ | ၁၈၃၉၃ | ၈၆၅၂ | ၅၅၈၉ | ၅၅၈၉ | ၄၈၆၉ | ၁၄၄၀ | ၁၂၉၈၅ | ၃၁၁၁၈၃ | ၁၀၀ |

ဇစ်မြစ် - ၂၀၁၃-၂၀၁၄ စာရင်းကောက်ကိန်းဂဏန်းများ

## ၂.၃.၂.၂.၁.၁.၅ ထုထည်ဇယား

တမူးခရိုင်အတွင်း ကြိုးပြင်ကာကွယ်တောရှိ သစ်ပင်ပေါက်ရောက်မှု ထုထည်ဇယားကို သစ်မျိုးအလိုက်၊ လုံးပတ်အတန်းအစား အလိုက် ဇယား(၂.၃.၂.၂.၁.၁.၅)ဖြင့် ဖော်ပြထားပါသည်။

### ထုထည်ဇယား

ခရိုင် - တမူး ဇယား - ၂-၃-၂-၂-၁-၁-၅

ကြိုးပြင်ကာကွယ်တော - အတွင်းရိုးမ ဧရိယာ - ၆၆၉၄ ဧက

| သစ်မျိုး အုပ်စု | ၂'၀" ၂'၅" | ၂'၆" ၂'၁၁" | ၃'၀" ၃'၅" | ၃'၆" ၃'၁၁" | ၄'၀" ၄'၅" | ၄'၆" ၄'၁၁" | ၅'၀" ၅'၅" | ၅'၆" ၅'၁၁" | ၆'၀" ၆'၅" | ၆'၆" ၆'၁၁" | ၇'၀" ၇'၅" | ၇'၆" ၇'၁၁" | ၈၀+ | စုစုပေါင်း | ပါဝင်မှု % |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| (၁) | (၂) | (၃) | (၄) | (၅) | (၆) | (၇) | (၈) | (၉) | (၁၀) | (၁၁) | (၁၂) | (၁၃) | (၁၄) | (၁၅) | (၁၆) |
| ကျွန်း | ၆၀၂ | ၉၃၀ | ၉၂၂ | ၂၃၂ | ၃၆၃ | ၃၈၂ | ၀ | ၀ | ၀ | ၁၆၈၈ | ၀ | ၀ | ၀ | ၅၀၂၉ | ၁၈.၉ |
| အုပ်စု(၁) | ၂၀၃ | ၂၃၇ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၄၅၀ | ၁.၇ |
| အုပ်စု(၂) | ၇၀ | ၀ | ၀ | ၂၂၈ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၂၉၈ | ၁.၁ |
| အုပ်စု(၃) | ၃၃၀ | ၁၂၅၉ | ၅၂၄ | ၁၅၁၉ | ၃၂၀၇ | ၈၄၀ | ၀ | ၆၇၄ | ၀ | ၈၉၀ | ၀ | ၀ | ၀ | ၉၂၅၅ | ၃၄.၀ |
| အုပ်စု(၄) | ၀ | ၀ | ၀ | ၀ | ၂၈၉ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၂၈၉ | ၁.၁ |
| အုပ်စု(၅) | ၁၀၇၆ | ၁၉၉၇ | ၂၁၃၁ | ၂၃၃၅ | ၁၇၆၅ | ၁၅၄၄ | ၅၂၉ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၁၁၇၇၇ | ၄၃.၃ |
| ပေါင်း | ၂၃၀၁ | ၄၄၂၃ | ၃၅၇၇ | ၄၃၁၄ | ၅၆၃၄ | ၂၇၆၇ | ၅၂၉ | ၆၇၄ | ၀ | ၂၅၇၉ | ၀ | ၀ | ၀ | ၂၇၁၉၈ | ၁၀၀ |

ဇစ်မြစ် - ၂၀၁၃-၂၀၁၄ စာရင်းကောက်ကိန်းဂဏန်းများ

### ထုထည်ဇယား

ခရိုင် - တမူး ဇယား - ၂-၃-၂-၂-၁-၁-၅

ကြိုးပြင်ကာကွယ်တော - မင်းသမီးတောင်တန်း ဧရိယာ - ၃၃၀၁၆ ဧက

| သစ်မျိုး အုပ်စု | ၂'၀" ၂'၅" | ၂'၆" ၂'၁၁" | ၃'၀" ၃'၅" | ၃'၆" ၃'၁၁" | ၄'၀" ၄'၅" | ၄'၆" ၄'၁၁" | ၅'၀" ၅'၅" | ၅'၆" ၅'၁၁" | ၆'၀" ၆'၅" | ၆'၆" ၆'၁၁" | ၇'၀" ၇'၅" | ၇'၆" ၇'၁၁" | ၈၀+ | စုစုပေါင်း | ပါဝင်မှု % |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| (၁) | (၂) | (၃) | (၄) | (၅) | (၆) | (၇) | (၈) | (၉) | (၁၀) | (၁၁) | (၁၂) | (၁၃) | (၁၄) | (၁၅) | (၁၆) |
| ကျွန်း | ၁၂၇၁ | ၂၃၈၃ | ၄၀၇၇ | ၄၄၉၉ | - | ၅၃၇၇ | - | ၄၅၁၀ | ၂၆၅၄ | - | - | - | ၂၀၂၅၁ | ၄၄၉၄၂ | ၁၈.၆၆ |
| အုပ်စု(၁) | - | - | - | - | - | - | - | - | - | - | - | - | - | - | - |
| အုပ်စု(၂) | ၄၄၂ | ၁၉၈၂ | ၁၅၁၆ | ၆၂၁၄ | ၂၆၀၀ | ၆၄၇၅ | ၈၃၇၈ | ၆၂၁၁ | ၃၃၅၄ | ၂၈၃၆ | - | - | ၁၀၃၀၄ | ၅၀၃၁၂ | ၂၀.၈၉ |
| အုပ်စု(၃) | ၂၂၁၀ | ၄၈၃၉ | ၅၈၁၄ | ၈၉၇၉ | ၆၈၁၀ | ၁၇၃၇၉ | ၇၇၈၀ | ၂၁၅၅ | ၄၄၅၆ | ၈၄၅၉ | ၄၁၃၆ | - | ၂၃၈၄၅ | ၉၆၈၂၂ | ၄၀.၂၀ |
| အုပ်စု(၄) | ၁၀၆ | ၄၇၆ | ၆၆၀ | ၈၉၇ | - | ၁၉၈၂ | - | - | - | - | - | - | - | ၄၁၂၁ | ၁.၇၁ |
| အုပ်စု(၅) | ၅၂၇၉ | ၅၉၈၉ | ၄၆၂၄ | ၈၃၄၅ | ၂၀၈၅ | ၂၇၂၂ | ၆၂၇၀ | ၈၂၆ | - | - | ၆၀၅၀ | ၂၄၃၉ | - | ၄၄၆၂၉ | ၁၈.၅၃ |
| ပေါင်း | ၉၃၀၈ | ၁၅၆၆၉ | ၁၆၆၅၁ | ၂၈၉၃၄ | ၁၁၄၉၅ | ၃၃၈၅၅ | ၂၂၄၂၈ | ၁၃၇၀၂ | ၁၀၄၆၄ | ၁၁၂၉၅ | ၁၀၁၈၆ | ၂၄၃၉ | ၅၄၄၀၀ | ၂၄၀၈၂၆ | ၁၀၀.၀၀ |

ဇစ်မြစ် - ၂၀၁၃-၂၀၁၄ စာရင်းကောက်ကိန်းဂဏန်းများ

**၂.၃.၂.၂.၁.၂ သစ်တောစိုက်ခင်းများ**

အတွင်းရိုးမ ကြိုးပြင်ကာကွယ်တောနှင့် မင်းသမီးတောင်တန်းကြိုးပြင်ကာကွယ် တောများအတွင်းတွင် သစ်တောစိုက်ခင်းများ တည်ထောင်ခြင်း မရှိပါ။

**၂.၃.၂.၂.၁.၂.၁ ကြီးထွားနှုန်း**

ကျွန်း (၁.၉၆) ပေ၊ ပျဉ်းကတိုးနှင့် အခြားသစ်များ (၃.၂၅) ပေ ရှိပါသည်။ ကျွန်း၏ ပျမ်းမျှလုံးပတ် ကြီးထွားနှုန်းမှာ (၀.၄၆) လက်မ နှင့် ပျဉ်းကတိုး သစ်မျိုး၏ ကြီးထွားနှုန်းမှာ (၀.၇၄) လက်မ ရှိပါသည်။

**၂.၃.၂.၂.၁.၂.၂ သေကြေပျက်စီးနှုန်း**

တမူးမြို့နယ်ရှိ ကြိုးပြင်ကာကွယ်တောများ၏ သစ်ပင်များ သေကြေပျက်စီးရခြင်းမှာ အပင်ငယ်ဘဝ၌ မီးအန္တရာယ်ကြောင့် သေကြေပျက်စီးရခြင်း ဖြစ်ပါသည်။

**၂.၃.၂.၂.၁.၂.၃ စိုက်ခင်းဇယား**

တမူးမြို့နယ်ရှိ ကြိုးပြင်ကာကွယ်တောများအတွင်း စိုက်ခင်း တည်ထောင် ထားခြင်းမရှိပါ။

**၂.၃.၂.၂.၂ ရေဝေရေလဲသစ်တောများ**

မင်းသမီးတောင်တန်း ကြိုးပြင်ကာကွယ်တောအတွင်း ရေဝေရေလဲစိုက်ခင်း တည်ထောင်ရန် မလိုအပ်ပါ။ မြေဆီလွှာထိန်းသိမ်းခြင်းလုပ်ငန်း (နံ့တားတမံ၊ မြေထိန်းတမံ) ကွန်တိုကန်သင်းကန့်၊ ရေစိမ့်မြောင်း၊ ရေလွှဲမြောင်း ကွန်တိုစည်းရိုးတန်းဝါးစိုက်ပျိုးခြင်း ဆောင်ရွက်ရန် ရှိပါသည်။

**၂.၃.၂.၂.၃ ဒေသထောက်ပံ့ရေးသစ်တောများ**

အတွင်းရိုးမကြိုးပြင် ကာကွယ်တော (၂၇၅) ဧကအား ဒေသထောက်ပံ့ရေး အလုပ်တိုက်နယ်အဖြစ် ဖွဲ့စည်းထားရှိပါသည်။

**၂.၃.၂.၂.၄ ဒေသခံပြည်သူအစုအဖွဲ့ပိုင်သစ်တောများ**

တမူးခရိုင်အတွင်း ဒေသခံပြည်သူအစုအဖွဲ့ပိုင် သစ်တောတည်ထောင်ခွင့် လက်မှတ်များ ထုတ်ပေးထားသော ဒေသခံပြည်သူအစုအဖွဲ့ပိုင် သစ်တောများ တည်ထောင်ထားခြင်း မရှိပါ။

**၂.၃.၂.၂.၅ အခြားသစ်တောများ**

တမူးမြို့နယ် ကြိုးပြင်ကာကွယ်တောများအတွင်း အခြားသစ်တောများ မရှိပါ ။

**၂.၃.၂.၃ ကြိုးပြင်တော(သစ်တောဖုံးလွှမ်းလျက်ရှိသောအစိုးရစီမံခန့်ခွဲပိုင်ခွင့်ရှိသောမြေ)**

**၂.၃.၂.၃.၁ ထုတ်လုပ်ရေးသစ်တောများ**

**၂.၃.၂.၃.၁.၁ သဘာဝတောများ**

**၂.၃.၂.၃.၁.၁.၁ ကြီးထွားနှုန်း**

ကျွန်းကြီးထားနှုန်း (၁.၉၆) ပေနှင့် ပျဉ်းကတိုးနှင့် အခြားသစ်မာ သစ်မျိုးများ ကြီးထွားနှုန်း (၃.၂၅) ပေ ရှိပါသည်။

**၂.၃.၂.၃.၁.၁.၂ သေကြေပျက်စီးနှုန်း**

တမူးခရိုင်ရှိကြိုးပြင်တောများမှ သစ်ပင်များသည် ငယ်ရွယ်စဉ်က မီးလောင်ကျွမ်းမှုကြောင့် သေကြေပျက်စီးမှုများရှိခဲ့ပါသည်။ သို့သော် မှတ်တမ်းများ မတွေ့ရှိခဲ့သဖြင့် သေကြေပျက်စီးနှုန်းကို ဖော်ပြ နိုင်ခြင်း မရှိပါ။ ကြီးသောအပင်များမှာ လေဒဏ်ကြောင့်လည်း ကောင်း၊ မီးဒဏ်ကြောင့်လည်းကောင်း၊ မသေကြေသော်လည်း ခေါင်ကျိုး၊ တစ်ခြမ်း ခြောက် စသည်ဖြင့်ပုံသဏ္ဍာန်များ ပျက်စီး ယိုယွင်းသည်ကို တွေ့ရပါသည်။ ရေတိုက်စားမှုကြောင့် အမြစ်များ ပေါ်၍ အမြစ်ကျွတ် လဲသည်များလည်း တွေ့ရပါ သည်။ ပိုးမွှားအန္တရာယ်နှင့် ရောဂါများ ကြောင့် သေကြေပျက်စီးခြင်း မရှိခဲ့ပါ။

**၂.၃.၂.၃.၁.၁.၃ မျိုးဆက်မှု**

တမူးခရိုင်ရှိ ကြိုးပြင်တောများတွင် ကျွန်းမျိုးဆက်မှု အနည်းငယ် ရှိပါသည်။ သို့သော် မပြောပလောက်ပါ။ အခြားအဖိုးတန်သစ် ဖြစ်သော ပျဉ်းကတိုး၊ ပိတောက်၊ သစ်ယာ၊ အင်ကြင်း၊ တမလန်း စသည့် သစ်မျိုးများ၏ မျိုးဆက်မှုများ မရှိသလောက် ဖြစ်သည်။ မျိုးဆက်မှု မရှိရခြင်းမှာ ၄င်းအဖိုးတန်သစ်များ၏ ပျိုးပင်များ ရှားပါးခြင်း၊ မျိုးဆက်မှု အခြေအနေဖြစ်ပေါ်ရန် ဆောင်ရွက်ပေးသည့် လုပ်ငန်းနည်းပါးခြင်း တို့ကြောင့်ဖြစ်ပါသည်။ အင် သစ်မျိုး မျိုးဆက်မှု အလွန်ကောင်းမွန်သည်ကို တွေ့ရပါသည်။

### ၂.၃.၂.၃.၁.၄ ပင်ထောင်ဇယား

တမူးခရိုင်ရှိ ကြိုးပြင်တောများတွင် ပေါက်ရောက်သော သစ်မျိုးများ၏ အုပ်စုအလိုက် လုံးပတ်အတန်းအစားအတိုင်း ကွင်းဆင်း၍ နမူနာအကွက်များပြုလုပ်ကာ စာရင်းကောက်ယူ တွက်ချက်၍ ကြိုးပြင်ဧရိယာ တွင် ရှိသော ပင်ထောင်ဇယားကို တွက်ချက် ဖော်ပြ ထားခြင်းဖြစ်ပါသည်။ သစ်မျိုးအုပ်စုအလိုက် အပင်အရေအတွက်၊ လုံးပတ်အတန်းအစားအလိုက် ဇယား (၂-၃-၂-၃-၁-၁-၄) ဖြင့် ဖော်ပြထားပါသည်။

**ပင်ထောင်ဇယား**

ခရိုင် - တမူး ဇယား - ၂-၃-၂-၃-၁-၁-၄

ကြိုးပြင်တော - ကြိုးပြင်တော(သစ်တောဖုံးလွှမ်းလျက်ရှိသော အစိုးရစီမံခန့်ခွဲနိုင်ခွင့်ရှိသောမြေ) ဧရိယာ - ၃၀၇၃၂ ဧက

(ပင်ရေ)

| သစ်မျိုး အုပ်စု | ၂'၀" ၂'၅" | ၂'၆" ၂'၁၁" | ၃'၀" ၃'၅" | ၃'၆" ၃'၁၁" | ၄'၀" ၄'၅" | ၄'၆" ၄'၁၁" | ၅'၀" ၅'၅" | ၅'၆" ၅'၁၁" | ၆'၀" ၆'၅" | ၆'၆" ၆'၁၁" | ၇'၀" ၇'၅" | ၇'၆" ၇'၁၁" | ၈၀+ | စုစုပေါင်း | ပါဝင်မှု % |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| (၁) | (၂) | (၃) | (၄) | (၅) | (၆) | (၇) | (၈) | (၉) | (၁၀) | (၁၁) | (၁၂) | (၁၃) | (၁၄) | (၁၅) | (၁၆) |
| ကျွန်း | - | - | - | - | - | - | - | - | - | - | - | - | - | - | - |
| အုပ်စု(၁) | ၄၈၉၁ | ၃၁၉၇ | ၄၁၃၉ | ၁၅၀၃ | - | - | - | - | - | - | - | - | - | ၁၃၇၃၀ | ၆.၇၆ |
| အုပ်စု(၂) | ၂၇၈၅၆ | ၂၁၆၄၁ | ၉၉၇၃ | ၁၁၈၅၈ | ၃၀၀၇ | - | - | - | - | ၁၆၉၄ | - | - | ၇၅၁ | ၇၆၇၈၀ | ၃၇.၇၈ |
| အုပ်စု(၃) | ၁၅၀၃ | ၈၂၇၉ | ၄၁၃၉ | ၁၆၉၄ | ၁၆၉၄ | ၇၅၁ | ၁၆၉၄ | - | - | - | - | - | - | ၁၉၇၅၄ | ၉.၇၂ |
| အုပ်စု(၄) | ၂၄၄၅ | ၄၁၃၉ | ၇၅၁ | ၇၅၁ | ၁၆၉၄ | - | - | - | - | - | - | - | - | ၉၇၈၀ | ၄.၈၁ |
| အုပ်စု(၅) | ၃၄၀၆၁ | ၁၇၁၂၁ | ၁၃၇၃၃ | ၁၄၁၁၃ | ၄၁၃၉ | - | - | - | - | - | - | - | - | ၈၃၁၆၇ | ၄၀.၉၃ |
| **ပေါင်း** | **၇၀၇၅၆** | **၅၄၇၇၇** | **၃၂၇၃၅** | **၂၉၉၁၉** | **၁၀၅၃၄** | **၇၅၁** | **၁၆၉၄** | - | - | **၁၆၉၄** | - | - | **၇၅၁** | **၂၀၃၂၁၁** | **၁၀၀.၀၀** |

ဇစ်မြစ် - ၂၀၁၃-၂၀၁၄ စာရင်းကောက်ကိန်းဂဏန်းများ

## ၂.၃.၂.၃.၁.၁.၅ ထုထည်ဇယား

တမူးခရိုင် ကြိုးပြင်တောများတွင် ပေါက်ရောက်သော သစ်မျိုးများ၏ အုပ်စုအလိုက် လုံးပတ် အတန်းအစားအတိုင်း ကွင်းဆင်း၍ နမူနာ အကွက် များပြုလုပ်ကာ စာရင်းကောက်ယူတွက်ချက်၍ ကြိုးပြင် ဧရိယာတွင်ရှိသော ထုထည်ဇယားကို တွက်ချက်ဖော်ပြ ထားခြင်း ဖြစ်ပါသည်။ သစ်မျိုးအုပ်စု အလိုက် အပင်အရေအတွက်၊ လုံးပတ် အတန်းအစားအလိုက် ဇယား(၂-၃-၂-၃-၁-၁-၅) ဖြင့် ဖော်ပြထား ပါသည်။

### ထုထည်ဇယား

ခရိုင် - တမူး ဇယား - ၂-၃-၂-၃-၁-၁-၅
ကြိုးပြင်တော - ကြိုးပြင်တော(သစ်တောဖုံးလွှမ်းလျက်ရှိသော အစိုးရစီမံခန့်ခွဲနိုင်ခွင့်ရှိသောမြေ) ဧရိယာ - ၃၀၇၃၂ ဧက
(ကုဗတန်)

| သစ်မျိုး အုပ်စု | ၂'၀"-၂'၅" | ၂'၆"-၂'၁၁" | ၃'၀"-၃'၅" | ၃'၆"-၃'၁၁" | ၄'၀"-၄'၅" | ၄'၆"-၄'၁၁" | ၅'၀"-၅'၅" | ၅'၆"-၅'၁၁" | ၆'၀"-၆'၅" | ၆'၆"-၆'၁၁" | ၇'၀"-၇'၅" | ၇'၆"-၇'၁၁" | ၈၀+ | စုစုပေါင်း | ပါဝင်မှု % |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| (၁) | (၂) | (၃) | (၄) | (၅) | (၆) | (၇) | (၈) | (၉) | (၁၀) | (၁၁) | (၁၂) | (၁၃) | (၁၄) | (၁၅) | (၁၆) |
| ကျွန်း | - | - | - | - | - | - | - | - | - | - | - | - | - | - | - |
| အုပ်စု(၁) | ၈၁၉ | ၈၆၃ | ၁၅၈၀ | ၉၁၇ | - | - | - | - | - | - | - | - | - | ၄၁၇၉ | ၅.၆၇ |
| အုပ်စု(၂) | ၄၉၅၂ | ၅၉၁၃ | ၃၉၄၅ | ၆၄၅၀ | ၂၃၅၁ | - | - | - | - | ၄၀၄၉ | - | - | ၂၈၂၂ | ၃၀၄၈၂ | ၄၁.၃၅ |
| အုပ်စု(၃) | ၂၉၉ | ၂၄၀၆ | ၁၆၉၀ | ၉၅၁ | ၁၁၅၆ | ၆၇၂ | ၂၀၅၉ | - | - | - | - | - | - | ၉၂၃၃ | ၁၂.၅၃ |
| အုပ်စု(၄) | ၄၆၅ | ၁၃၀၇ | ၃၃၁ | ၄၁၆ | ၁၃၄၃ | - | - | - | - | - | - | - | - | ၃၈၆၂ | ၅.၂၄ |
| အုပ်စု(၅) | ၅၉၄၃ | ၄၅၅၄ | ၅၁၃၈ | ၇၄၁၃ | ၂၉၀၅ | - | - | - | - | - | - | - | - | ၂၅၉၅၃ | ၃၅.၂၀ |
| **ပေါင်း** | ၁၂၄၇၈ | ၁၅၀၄၃ | ၁၂၆၈၄ | ၁၆၁၄၇ | ၇၇၅၅ | ၆၇၂ | ၂၀၅၉ | - | - | ၄၀၄၉ | - | - | ၂၈၂၂ | ၇၃၇၀၉ | ၁၀၀.၀၀ |

ဇစ်မြစ် - ၂၀၁၃-၂၀၁၄ စာရင်းကောက်ကိန်းဂဏန်းများ

## ၂.၃.၂.၃.၁.၂ သစ်တောစိုက်ခင်း

### ၂.၃.၂.၃.၁.၂.၁ကြီးထွားနှုန်း

ကျွန်းပင်၏ ကြီးထွားနှုန်းမှာ ၂.၉၆' နှင့် ပျဉ်းကတိုးပင်၏ ကြီးထွား နှုန်းမှာ ၃.၂၅' ရှိပါသည်။

### ၂.၃.၂.၃.၁.၂.၂သေကြေပျက်စီးနှုန်း

တမူးခရိုင်ရှိကြိုးပြင်တောရှိ တည်ထောင်ထားသော စိုက်ခင်းများ သေကြေ ပျက်စီးရခြင်းမှာ မီးအန္တရာယ်ကြောင့် ဖြစ်ပါသည်။

အနီးအနားရှိ ကျေးရွာ များမှ ကျွဲ၊ နွားများ လွှတ်ကျောင်းသောကြောင့် ငယ်ရွယ်စဉ်မှာ ကျွဲ၊ နွားများ တက်နင်း၍ သေကြေပျက်စီးရခြင်း လည်းရှိပါသည်။ ယခုပြန်လည်စာရင်း ကောက်ယူသည့် အခါရှင်ပင် ရာခိုင်နှုန်းမှာ တော်တော်နည်းသည်ကို တွေ့ရ ပါသည်။

### ၂.၃.၂.၃.၁.၂.၃စိုက်ခင်းဇယား

တမူးခရိုင် ကြိုးပြင်တောများတွင် စိုက်ခင်းများနှင့် ပတ်သက်သည့် အကြောင်းအရာများကို အတွဲ(၂)တွင် ဇယား(၂-၃-၂-၃-၁-၂-၃) ဖြင့် ဖော်ပြ ပါသည်။

### ၂.၃.၂.၃.၂ ရေဝေရေလဲသစ်တောများ

တမူးမြို့နယ်အတွင်း ရေဝေရေလဲစိုက်ခင်းများ တည်ထောင်ရန် မလိုအပ် သေးပါ။ မြေဆီလွှာ ထိန်းသိမ်းခြင်းလုပ်ငန်း (နုံးတားတမံ၊ ရေထိန်းတမံ)များ ဆောင်ရွက် သွားမည်ဖြစ်ပါသည်။

### ၂.၃.၂.၃.၃ ဒေသထောက်ပံ့ရေးသစ်တောများ

ဒေသထောက်ပံ့ရေး လုပ်တိုက်နယ် ဖွဲ့စည်းထားခြင်းမရှိပါ။

### ၂.၃.၂.၃.၄ ဒေသခံပြည်သူအစုအဖွဲ့ပိုင်သစ်တောများ

တမူးခရိုင်ရှိကြိုးပြင်တော ဧရိယာများတွင် ဒေသခံပြည်သူအစုအဖွဲ့ပိုင် သစ်တောများ တည်ထောင်ထားခြင်းမရှိပါ။

### ၂.၃.၂.၃.၅ အခြားသစ်တောများ

တမူးခရိုင်ရှိ ကြိုးပြင်ဧရိယာများတွင် တမူး-ကလေး ကာလမ်းဘေး ဝဲယာ တစ်လျှောက် ကွက်လပ်ဖြစ်နေသည့် မြေနေရာများတွင် လူထုဖြန့် ပျိုးပင်များဖြင့် ကွက်လပ်ဖြည့် စိုက်ပျိုးသွားမည်ဖြစ်ပါသည်။

## ၂.၃.၃ သစ်မဟုတ်သည့် သစ်တောထွက်ပစ္စည်းများ

### ၂.၃.၃.၁ ဝါးများ

တမူးခရိုင်တွင် ဝါးပေါက်ရောက်မှုအခြေအနေကို ဝါးအမျိုးအစားအလိုက် အတွဲ(၂)၊ ဇယား(၂-၃-၃-၁)တွင် ဖော်ပြပါသည်။ တင်းဝါးများအများဆုံး ပေါက်ရောက် ပါသည်။ ကျန်ဝါး အမျိုးအစားများမှာ မျှင်ဝါး၊ ဝါးဘိုးဝါး၊ ဝါးဘိုးမျက်ဆံကျယ်၊ ဝါးဖြူ စသည်တို့ ဖြစ်ကြပါသည်။ ဝါးသုဉ်းသည့်မှတ်တမ်းများ ပြုစုထားရှိခြင်း

မရှိသဖြင့်ဝါးသုဦး နှစ်များကို ဖော်ပြနိုင်ခြင်းမရှိပါ။ လက်ရှိအခြေအနေအရ စီးပွားဖြစ် ဝါးထုတ်လုပ်မှု မရှိသည်ကိုတွေ့ရပါသည်။ မထုတ်လုပ်ရခြင်းမှာလည်း ထုတ်လုပ်ရန် ခက်ခဲသော ကြောင့်ဖြစ်ပါသည်။ သို့သော်ယခင် ၁၉၉၆-၉၇ မှ ၂၀၀၄-၀၅ အထိ ဝါးအသင့်အတင့် ထုတ်လုပ်ခဲ့သည်ကို စာရင်းဇယားများမှ သိရှိရပါသည်။ ဝါးပေါက်ရောက်မှု အခြေအနေကို အတွဲ(၂)တွင် ဇယား(၂-၃-၃-၁) ဖြင့် ဖော်ပြပါသည်။ ဝါးအဓိကပေါက်သည်မှာ တမူးခရိုင်၏ အရှေ့ဘက်ခြမ်း၊ ယူချောင်းအရှေ့ဘက်၊ အလှော်ကြိုးဝိုင်း၊ အတွင်းရိုးမ ကြိုးပြင်ကာကွယ်တော၊ မင်းသမီးတောင်တန်းကြိုးပြင် ကာကွယ်တောများတွင်သာ ဖြစ်ပါသည်။ စီးပွားဖြစ် ထုတ်လုပ်ရန် လွယ်ကူသည့် ကဘော်ကြိုးဝိုင်းနှင့် ကြိုးပြင်တောများတွင်မူ စီးပွားဖြစ် ထုတ်လုပ်နိုင်လောက်အောင်အထိ ဝါးပေါက်ရောက်ခြင်း မရှိသည်ကို တွေ့ရှိရပါသည်။

တမူးခရိုင်တွင် ဝါးပေါက်ရောက်မှု အခြေအနေအရ စီးပွားဖြစ် ထုတ်လုပ်ရန် အလားအလာကောင်းနေပါသည်။ ထုတ်လုပ်လိုပါက မိုးရာသီတွင် ချောင်းများမှ ဖောင်ဖွဲ့ပြီး လှည်းနှင့်တဆင့်သယ်ယူပါက ထုတ်လုပ်နိုင်မည့် အခြေအနေ ရှိပါသည်။ လက်ရှိအခြေအနေတွင် သယ်ယူစရိတ် ကြီးလေးသဖြင့် စီပွားဖြစ် ထုတ်လုပ်မှု နည်းပါးပါသည်။

### ၂.၃.၃.၂ ကြိမ်များ

တမူးခရိုင်တွင် ရေကြိမ်၊ ကြိမ်နီ၊ တောင်ကြိမ်တို့ ပေါက်ရောက်ပါသည်။ အဓိက အများဆုံး ထုတ်လုပ်သောကြိမ်မှာ ရေကြိမ်ဖြစ်ပါသည်။ တမူးခရိုင်တွင် ၂၀၀၆-၀၇ မှ ၂၀၁၅-၁၆ ထိ ကြိမ်ထုတ်လုပ်သည့် ပမာဏကို အတွဲ(၂)တွင် ဇယား(၂-၃-၃-၂-၁)ဖြင့် ဖော်ပြပါသည်။

### ၂.၃.၃.၃ အခြားသစ်တောထွက်ပစ္စည်းများ

တမူးခရိုင်အတွင်း အခြားသစ်တောထွက်ပစ္စည်းများ ထုတ်လုပ်မည့် အခြေအနေကို အတွဲ(၂)တွင် ဇယား (၂-၃-၃-၃)ဖြင့်ဖော်ပြပါသည်။

## ၂.၃.၄ သဘာဝထိန်းသိမ်းရေးနယ်မြေများ

တမူးခရိုင်တွင် သဘာဝထိန်းသိမ်းရေးနယ်မြေများ မရှိပါ။

### ၂.၃.၄.၁ ဂေဟာစနစ်များ အုပ်ချုပ်လုပ်ကိုင်မှု

တမူးခရိုင်တွင် ဂေဟာစနစ်များ အုပ်ချုပ်လုပ်ကိုင်မှု မရှိပါ။

### ၂.၃.၄.၂ တောရိုင်းတိရစ္ဆာန်နှင့် သဘာဝအပင်များ အုပ်ချုပ်လုပ်ကိုင်မှု

ထုတ်ပြန်ထားသည့် တောရိုင်းတိရစ္ဆာန် နှင့် သဘာဝအပင်များ ထိန်းသိမ်းရေး ဥပဒေများနှင့် အညီထိန်းသိမ်းလုပ်ကိုင်သွားမည် ဖြစ်ပါသည်။

## ၃။ လူဦးရေဆိုင်ရာအချက်အလက်များ

### ၃.၁ လူဦးရေ

တမူးခရိုင်အတွင်းရှိ လူဦးရေကို တောနေ၊ မြို့နေ၊ အသက်အပိုင်းအခြား၊ အိမ်ထောင်စု ဦးရေ၊ ကျား/မ တိုးပွားနှုန်း၊ အလုပ်လုပ်နိုင်သည့် လူဦးရေအချိုးအစား စသည့် ကိန်းဂဏန်းများကို ဇယား(၃-၁)တွင် ဖော်ပြပါသည်။ မြို့နေနှင့် တောနေ၊ တိုးပွားနှုန်း တို့ကို ခွဲခြားဖော်ပြနိုင်ခြင်း မရှိပါ။

**တမူးခရိုင်အတွင်းရှိ မြို့နယ်အလိုက်လူဦးရေစာရင်း(၂၀၁၅-၁၆)**

ဇယား(၃-၁)

| စဉ် | မြို့နယ် | အိမ်ထောင် စု ဦး ရေ | လူဦးရေ (၁၈)နှစ်အောက် ကျား | လူဦးရေ (၁၈)နှစ်အောက် မ | လူဦးရေ (၁၈)နှစ်အထက် ကျား | လူဦးရေ (၁၈)နှစ်အထက် မ | စုစု ပေါင်း | မြို့နေ | တောနေ | တိုးပွား နှုန်း |
|---|---|---|---|---|---|---|---|---|---|---|
| (၁) | (၂) | (၃) | (၄) | (၅) | (၆) | (၇) | (၈) | (၉) | (၁၀) | (၁၁) |
| ၁ | တမူး | ၁၂၁၁၆ | ၁၃၅၄၄ | ၁၃၁၁၈ | ၁၅၆၅၃ | ၁၇၀၀၀ | ၅၉၃၁၅ | ၂၀၁၆၇ | ၃၉၁၄၈ | - |
| ၂ | ခမ်းပတ် | ၇၅၃၅ | ၇၃၀၀ | ၇၂၉၈ | ၁၁၆၉၁ | ၁၂၄၁၀ | ၃၈၆၉၉ | ၁၂၇၇၀ | ၂၅၉၂၉ | - |
| ၃ | မြို့သစ် | ၃၁၃၅ | ၄၈၂၉ | ၄၂၅၉ | ၃၉၄၆ | ၃၇၇၉ | ၁၆၈၁၃ | ၆၉၄၃ | ၉၈၇၀ | - |
| | **ပေါင်း** | **၂၂၇၈၆** | **၂၅၆၇၃** | **၂၄၆၇၅** | **၃၁၂၉၀** | **၃၃၁၈၉** | **၁၁၄၈၂၇** | ၃၉၈၈၀ | ၇၄၉၄၇ | ၁.၀၁ |

ဇစ်မြစ် - တမူးမြို့နယ်၊ လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဦးစီးဌာန

### ၃.၂ ကဏ္ဍအလိုက် အလုပ်အကိုင်ရရှိမှု

တမူးခရိုင်အတွင်း ကဏ္ဍအလိုက် အလုပ်အကိုင်ရရှိမှု အခြေအနေကို စာရင်းကောက်ယူ ရရှိနိုင်ခြင်း မရှိသည့်အတွက် ဖော်ပြနိုင်ခြင်းမရှိပါ။

### ၃.၃ ကျေးရွာအုပ်စုအလိုက် လူဦးရေစာရင်းစာရင်းချုပ်

တမူးခရိုင်အတွင်း ကျေးရွာအုပ်စုအလိုက် လူဦးရေစာရင်းစာရင်းချုပ်ကို ဇယား (၃.၃) တွင် ဖော်ပြထားပါသည်။

## ကျေးရွာအုပ်စုအလိုက် လူဦးရေစာရင်းစာရင်းချုပ်

ဇယား(၃-၃)

| စဉ် | မြို့နယ် | ကျေးရွာအုပ်စုပေါင်း | အိမ်ထောင်စု | လူဦးရေ | | | မှတ်ချက် |
|---|---|---|---|---|---|---|---|
| | | | | ကျား | မ | ပေါင်း | |
| (၁) | (၂) | (၃) | (၄) | (၅) | (၆) | (၇) | (၈) |
| ၁ | တမူး | ၉ | ၈၀၀၅ | ၁၈၇၉၁ | ၂၀၃၅၇ | ၃၉၁၄၈ | |
| ၂ | ခမ်းပါတ် | □ | ၅၃၀၂ | ၁၂၄၄၅ | ၁၃၄၈၄ | ၂၅၉၂၉ | |
| ၃ | မြို့သစ် | ၆ | ၂၀၁၈ | ၄၇၃၇ | ၅၁၃၃ | ၉၈၇၀ | |
| **ခရိုင်ချုပ်စုစုပေါင်း** | | **၂၃** | **၁၅၃၂၅** | **၃၅၉၇၃** | **၃၈၉၇၄** | **၇၄၉၄၇** | |

ဇစ်မြစ် - တမူးမြို့နယ် လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဦးစီးဌာန၏ စာရင်း

## ၄။ ယခင်အုပ်ချုပ်လုပ်ကိုင်မှု

### ၄.၁ ထုတ်လုပ်ခြင်း

#### ၄.၁.၁ သစ်ထုတ်လုပ်ခြင်း

တမူးခရိုင်အတွင်းလွန်ခဲ့သည့် ၁၀နှစ်တာကာလ၌ ကျွန်းနှင့် သစ်မာထုတ်လုပ်မှုများကို အတွဲ(၂)တွင် ဇယား (၄-၁-၁) ဖြင့် နှစ်အလိုက် ဖော်ပြပါသည်။

#### ၄.၁.၂ သစ်မဟုတ်သည့် သစ်တောထွက်ပစ္စည်းထုတ်လုပ်မှု

လွန်ခဲ့သည့် (၁၀)နှစ်တာ ကာလအတွက် တမူးခရိုင်တွင် သစ်မဟုတ်သည့် သစ်တောထွက် ပစ္စည်းများ ထုတ်လုပ်မှုကို အတွဲ(၂)တွင် ဇယား(၄-၁-၂)ဖြင့် နှစ်အလိုက် ဖြည့်စွက်ဖော်ပြထားပါသည်။

### ၄.၂ သစ်တောစိုက်ပျိုးပြုစုမှုနှင့်အုပ်ချုပ်လုပ်ကိုင်ခြင်း

ယခင်စီမံကိန်းကာလဖြစ်သော (၁၀)နှစ်တာကာလအတွင်း သဘာဝသစ်တောများနှင့် သစ်တော စိုက်ခင်းများတွင် ဆောင်ရွက်သော သစ်တောစိုက်ပျိုးပြုစုခြင်း လုပ်ငန်းများကို ဇယား(၄-၂)တွင် ဖြည့်စွက် ဖော်ပြအပ်ပါသည်။

### ၄.၃ ဖွဲ့စည်းပုံနှင့်စီမံခန့်ခွဲခြင်း

(၁) ၁၈၅၆ ခုနှစ်မတိုင်မီ ရှေးမြန်မာမင်းများ လက်ထက်နှင့် ကိုလိုနီအုပ်ချုပ်ရေးခေတ် တို့တွင် သီးခြားဝန်ကြီးဌာနအဖြစ် ဖွဲ့စည်းဆောင်ရွက်ခဲ့ခြင်း မရှိဘဲ သစ်တောဌာန

အဖြစ်သာ တည်ထောင်လျက် အုပ်ချုပ်ရေးဌာနများမှ ပုဂ္ဂိုလ်များနှင့်တွဲဖက်၍ သစ်တောရေးရာ ကိစ္စရပ်များကို ကြီးကြပ်ဆောင်ရွက်ခဲ့ကြသည်။

(၂) ၁၈၅၆ ခုနှစ်တွင် သစ်တောဌာနကို စနစ်တကျတည်ထောင်ပြီး သစ်တောပေါက်ရောက်မှုများကို တိုင်းတာစာရင်း ကောက်ယူခြင်း၊ သစ်တော အုပ်ချုပ်လုပ်ကိုင်မှု လုပ်ငန်း များကို လုပ်ကိုင်ဆောင်ရွက်ခြင်းဖြင့် မြန်မာ့သစ်တောများကို သိပ္ပံနည်းကျ စနစ်တကျ အုပ်ချုပ်လုပ်ကိုင်လာခဲ့ပါသည်။

(၃) ၁၉၂၃ ခုနှစ်၊ ဇန်နဝါရီလတွင် မြန်မာနိုင်ငံကို ဒိုင်အာခီအုပ်ချုပ်ရေးစနစ်ဖြင့် အိန္ဒိယမှ ခွဲထုတ်၍ သီးခြားအုပ်ချုပ်ခဲ့ပြီးနောက် သစ်တောဝန်ကြီးဌာနများကို သီးခြားဖွဲ့စည်း တည်ထောင်ခဲ့ပါသည်။

(၄) ၁၉၄၈ခုနှစ်တွင် မြန်မာနိုင်ငံလွတ်လပ်ရေးရပြီးနောက် လယ်ယာနှင့်သစ်တော ဝန်ကြီးဌာန အဖြစ်ပြင်ဆင်ဖွဲ့စည်းလျက် သစ်တောရေးရာ ကိစ္စရပ်များကို စီမံဆောင်ရွက်ခဲ့သည်။

၁၉၇၂ ခုနှစ်တွင် သစ်တောဌာနကို သစ်တောဦးစီးဌာနအဖြစ် ပြန်လည်ဖွဲ့စည်းခဲ့ပါသည်။ မြန်မာတစ်နိုင်ငံလုံးရှိ သစ်တောများကိုလည်း သစ်တောတိုင်းကြီး (ForestCircle) (၈)ခု နှင့် သစ်တောခရိုင် (၃၆)ခု အဖြစ်ခွဲခြား၍ စီမံအုပ်ချုပ်ခဲ့ပါသည်။ သစ်တောနယ်တစ်ခုစီအတွက် သစ်တောအုပ်ချုပ်စီမံကိန်း (Working Plans) များရေးဆွဲပြီး အုပ်ချုပ်ခဲ့ပါသည်။

၁၉၈၃ ခုနှစ်တွင် လယ်ယာနှင့်သစ်တောဝန်ကြီးဌာန၏ ၁၉၈၂ ခုနှစ်၊ ဇူလိုင်လ ၂ ရက် နေ့စွဲပါစာအမှတ် ၁/၁၈၀/(ဂ)(ရ)(၁၃၆၆/၈၂) နှင့် ၁၉၈၃ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၆ ရက် နေ့စွဲပါစာအမှတ် ဒဂတ/သစ်တော/၈၃ တို့အရ နယ်ဘက်အုပ်ချုပ်ရေး (Civil Administration) နှင့် လိုက်လျောညီထွေရှိစေရန် သစ်တောခရိုင် (Forest Divisions) များကို ဖျက်သိမ်း၍ ဗဟို ပြည်နယ်/တိုင်း၊ မြို့နယ်များအဖြစ် သစ်တောဦးစီးဌာနကို ဝန်ထမ်းဦးရေ (၃၈၅၉) ဦး ဖြင့်ပင် ပြန်လည်ပြင်ဆင် ဖွဲ့စည်း ခဲ့ပါသည်။

၁၉၈၈ ခုနှစ်တွင်သစ်တောဦးစီးဌာန၏ ဖွဲ့စည်းပုံကို ဝန်ထမ်းအင်အား စုစုပေါင်း (၁၄၇၅၁) ဖြင့်ပြန်လည်ဖွဲ့စည်း ခဲ့ပါသည်။ စီမံခန့်ခွဲရေး၊ ဘဏ္ဍာရေးလုပ်ငန်း ဆောင်ရွက်ရေးကိစ္စများတွင် ပြည်နယ်/တိုင်းများမှ အဆိုပြုတင်ပြချက်များကို ဗဟိုမှ စီစစ်၍ ချမှတ်ဆောင်ရွက်စေပါသည်။ (ပြည်နယ်/တိုင်းများတွင် လုပ်ပိုင်ခွင့် မရှိဘဲ ဗဟိုမှချုပ်ကိုင်သည့် စနစ်ကိုကျင့် သုံးခဲ့ပါသည်။)

(၅) ၁၉၉၂ခုနှစ်၊ မတ်လ ၅ရက်နေ့စွဲပါ အမိန့်ကြော်ငြာစာအမှတ် (၁၇/၉၂)အရ လယ်ယာနှင့် သစ်တောဝန်ကြီးဌာနကို သစ်တောရေးရာဝန်ကြီးဌာနနှင့် လယ်ယာစိုက်ပျိုးရေး ဝန်ကြီးဌာန အဖြစ် သီးခြားစီပြင်ဆင်ဖွဲ့စည်းခဲ့ပါသည်။

၁၉၉၄ ခုနှစ်၊ ဇူလိုင်လ ၁၁ ရက်နေ့တွင် တိုင်း/ခရိုင်/မြို့နယ်ရုံးမှ ဖွဲ့စည်း၍ အုပ်ချုပ်ရေး စနစ်အမျိုးမျိုးပြောင်းလဲ၍ သစ်တောများကိုအုပ်ချုပ် လုပ်ကိုင်ခဲ့ ပါသည်။ ယခုအခါ သစ်လုပ်ငန်းများနှင့် စပ်လျဉ်းသည့် တာဝန်နှင့်လုပ်ပိုင်ခွင့် များကို သစ်တောဦးစီးဌာန ရုံးချုပ်မှ တာဝန်ယူဆောင်ရွက်၍ အချို့ကို ပြည်နယ်/တိုင်း သစ်တောဦးစီးဌာန များအား တာဝန်ပေးအပ် ဆောင်ရွက်စေပါသည်။

(၆) နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့မှ ၁၉၉၃ ခုနှစ်၊ စက်တင်ဘာလ ၁ဝ ရက် နေ့စွဲပါ အမိန့်ကြော်ငြာစာအမှတ် (၄၁/၉၃)ဖြင့် သစ်တောပြုစု ထိန်းသိမ်းရေး ကော်မတီ နှင့်ဒေသဆိုင်ရာ သစ်တောပြုစုထိန်းသိမ်းရေး ကော်မတီများကို ဖွဲ့စည်း ပြီး နိုင်ငံတော်ပိုင် သစ်တောများမပြုန်းတီးရေး သစ်တောများ ပြန်လည်ပြုစု ပျိုးထောင်ရေး သစ်တောစိုက်ခင်းသစ်များ တည်ထောင်ရေး၊ သစ်တောနှင့် သစ်တောထွက် ပစ္စည်းများ ထိန်းသိမ်း ကာကွယ်ရေး၊ သစ်တောနှင့်ပတ်သက်သည့် မသမာမှုများ ကင်းရှင်းရေးတို့အတွက် စီမံ ဆောင်ရွက်ရန်၊ လက်ရှိသစ်တောဧရိယာ အမှန်စာရင်း ရရှိရေးအတွက်ကွင်းဆင်း တိုင်းတာ စစ်ဆေး ပြုစုပေးရန် စသည့် လုပ်ငန်းများကို အကောင်အထည်ဖော် သွားမည်ဖြစ်ပါသည်။

တမူးမြို့နယ်သည် ၁၉၈၉ ခုနှစ် မတိုင်မီက (ခ)မြို့နယ်အဖြစ် ဖွဲ့စည်းထားရှိပြီး စစ်ကိုင်းတိုင်းမှ တိုက်ရိုက်အုပ်ချုပ်ခဲ့ပါသည်။ ၁၉၈၉ ခုနှစ်မှ ခရိုင်မြို့နယ်စုရုံး ပေါ်ပေါက်လာပြီး တမူးမြို့အား ကလေးခရိုင်မှ အုပ်ချုပ်ခဲ့ပါသည်။ တမူးမြို့နယ်အား(ခ)အဆင့်မှ (က)အဆင့်မြို့နယ်သို့ ၁၉၉၅ ခုနှစ်၊ မေလတွင် အဆင့်တိုးမြင့် ဖွဲ့စည်းခဲ့ပါသည်။ ၁၉၉၅ ခုနှစ်၊ မေလမှ ၁၉၉၆ ခု၊ ဧပြီလ အထိ မော်လိုက်ခရိုင်မှ အုပ်ချုပ်ခဲ့ပြီး ၁၉၉၆ ခုနှစ်၊ မေလ ၁ဝ ရက်နေ့မှစတင်၍ တမူးခရိုင်အဖြစ် ဖွဲ့စည်းခဲ့ခြင်းဖြစ်ပါသည်။

(၇) တမူးခရိုင်အတွင်းရှိ သစ်တောသယံဇာတ အရင်းအမြစ်များကို မြို့နယ်အတွင်း ဘိနယ်များခွဲ၍ သစ်တောဘိနယ်တာဝန်ခံများ၊ တာဝန်ပေးအပ်၍ စီမံအုပ်ချုပ် သွားမည်ဖြစ်ပါသည်။ မြို့နယ်အတွင်း သစ်တောဘိနယ်အုပ်ချုပ်မှု အခြေအနေ အသေးစိတ်ကို အတွဲ (၂) ဇယား ၄-၃-(က) တွင် ဖော်ပြအပ်ပါသည်။

## ၄.၄ လေ့ကျင့်ရေး၊ သုတေသနနှင့်ဖွံ့ဖြိုးရေး

တမူးခရိုင်အတွင်းရှိ လက်ရှိဂုန်ထမ်းများ၏ အရည်အသွေး မြင့်မားရေးအတွက် ပို့ချ သည့် ပြည်တွင်းနှင့် ပြည်ပသင်တန်းများကို အတွဲ (၂)တွင် ဇယား(၄-၄)ဖြင့် ဖော်ပြ ပါသည်။

## ၄.၅ အခွန်တော်ငွေနှင့်အသုံးစရိတ်

တမူးခရိုင်တွင် နောင်လာမည့် (၁၀)နှစ်တာ ကာလအတွင်း အခွန်တော်ငွေနှင့် အသုံးစရိတ်များကို ဇယား(၄-၅) ဖြင့် နှစ်အလိုက်ဖြည့်စွက် ဖော်ပြပါသည်။

## တမူးခရိုင်ဝန်ထမ်းဖွဲ့စည်းပုံဇယား (၄-၃)

**ခရိုင်သစ်တောဦးစီးဌာန**
**တမူးခရိုင်**

**ခရိုင်သစ်တောဦးစီးဌာနရုံး**

| | ဖွဲ့စည်း | ခန့်ထား |
|---|---|---|
| လ/ထ ညွှန်ကြားရေးမှူး | ၁ | ၁ |
| တောအုပ်ကြီး | ၁ | - |
| တောအုပ် | ၂ | ၁ |
| တောခေါင်း | ၄ | - |
| ရုံးအဖွဲ့ | ၇ | ၄ |
| လုံခြုံရေး-၅ | ၁ | - |
| ယာဉ်မောင်းစက်ပြင်-၅ | ၁ | - |
| ရုံးအကူ | ၁ | - |
| သန့်ရှင်းရေးအကူ | ၁ | - |
| ရုံးစောင့် | ၂ | |
| **စုစုပေါင်း** | ၂၁ | ၆ |

**မြို့နယ်သစ်တောဦးစီးဌာန**
**တမူးမြို့နယ်(က)**

| | ဖွဲ့စည်း | ခန့်ထား |
|---|---|---|
| ဦးစီးအရာရှိ | ၁ | ၁ |
| တောအုပ်ကြီး | ၃ | - |
| တောအုပ် | ၁၀ | ၁၀ |
| တောခေါင်း | ၂၁ | ၈ |
| တောကြပ် | ၄ | ၂ |
| ရုံးအဖွဲ့ | ၃ | ၂ |
| ထွန်စက်မောင်း | ၁ | - |
| ယာဉ်မောင်းစက်ပြင်-၅ | ၁ | - |
| ရုံးစောင့် | ၁ | - |
| ရုံးအကူ | ၁ | - |
| **စုစုပေါင်း** | ၄၆ | ၂၃ |

## ၅။ ယခင်လုပ်ငန်းဆောင်ရွက်မှုများအပေါ်သုံးသပ်ခြင်း

### ၅.၁ ရည်မှန်းချက်များအကောင်အထည်ဖော်ဆောင်ရွက်နိုင်မှု

တမူးခရိုင်တွင်လွန်ခဲ့သော စီမံကိန်းကာလအတွင်း လုပ်ကိုင်ခဲ့သော သစ်တောလုပ်ငန်းများအနက် အဓိက လုပ်ငန်းဖြစ်သည့် ကျွန်းသင်းသတ်ခြင်း လုပ်ငန်းအား (၁၉၉၆-၉၇) နှင့် (၁၉၉၇-၉၈) ခုနှစ် များတွင် AAC ထက်လျော့၍ ဆောင်ရွက်ခဲ့သော်လည်း ကျန်နှစ်များတွင် ကျွန်းသင်းသတ်ခြင်း နှင့် ကျွန်းစိုက်ခင်းများအား AAC ထက်ပိုမိုဆောင်ရွက်ခဲ့သည်။ (Girth limit) ၁ပေလျှော့ချ၍ ၆'-၆" ဖြင့် (၂၀၀၁-၀၂) ခုနှစ်မှ စတင်ဆောင်ရွက်ခဲ့သည်မှာ ယခု စီမံကိန်းရေးဆွဲသည့် ကာလအထိ ဖြစ်ပါသည်။

သစ်မာပင်ထောင်ရိုက်မှတ်ခြင်း လုပ်ငန်းအား AAC ထက်လျော့၍ ဆောင်ရွက်ခဲ့သည်။ ကျန်သစ်တော လုပ်ငန်းများအား စီမံကိန်းကာလ တစ်ခုလုံးခြုံ၍ ပြည့်မီအောင် ဆောင်ရွက်ခဲ့သည်ကို တွေ့ရပါသည်။

### ၅.၂ လူမှုရေးနှင့်လူအဖွဲ့အစည်းဆိုင်ရာပြဿနာများ

တမူးခရိုင်တမူးမြို့နယ်သည် စစ်ကိုင်းတိုင်း၏ အနောက်မြောက်ဘက်အစွန်းတွင် တည်ရှိပြီး မိုးရာသီတွင် လမ်းပန်းဆက်သွယ်ရေး ခက်ခဲသော နယ်စပ်မြို့တစ်မြို့ ဖြစ်ပါ သည်။ တမူးမြို့တွင် ချင်းမျိုးနွယ်စုများ တစ်ဝက်ခန့်နေထိုင်သောကြောင့် လုပ်ငန်းများဆောင်ရွက်ရာတွင် ဒေသခံပြည်သူများနှင့်သာ လုပ်ဆောင်မှသာ လုပ်ငန်းများ သွက်လက်မြန်ဆန်၍ အောင်မြင်မှုများ ရရှိနိုင်ကြောင်း တွေ့ရှိရပါသည်။ အခြားဒေသမှ လာရောက်ပြီး လုပ်ကိုင်သည့်ဝန်ထမ်းများနှင့် လုပ်ငန်းဆောင်ရွက်သည့်အခါ လူမှုရေး အခက်အခဲများ မကြာခဏ ကြုံတွေ့ရကြောင်း သိရှိရပါသည်။

### ၅.၃ အုပ်ချုပ်လုပ်ကိုင်မှုလုပ်ငန်းများ

တမူးခရိုင်တွင် မြန်မာ့ရွေးချယ်ခုတ်လှဲခြင်းစနစ်ဖြင့် သစ်တောများကို အုပ်ချုပ်လုပ်ကိုင်လျက်ရှိရာ ကျွန်းစိုက်ခင်းမှတ်ခြင်း၊ သစ်မာပင်ထောင်ရိုက်ခြင်း၊ အုပ်မိုးကာဆိုင်း ခုတ်လှဲခြင်း၊ နွယ်ဖြတ် ညှောင်ပတ်လှဲခြင်း စသည့်လုပ်ငန်းများကို အောင်မြင်စွာ အကောင်အထည်ဖော် ဆောင်ရွက်လျှက် ရှိပါသည်။

### ၅.၄ အဖွဲ့အစည်း လုပ်ထုံးလုပ်နည်း၊ ဥပဒေနှင့်စည်းမျဉ်းစည်းကမ်းများဆိုင်ရာစီစဉ်ခန့်ခွဲမှု

တမူးခရိုင်တွင် လွန်ခဲ့သောစီမံကိန်း ကာလအတွင်း ဝန်ထမ်းအင်အား ဖွဲ့စည်းပုံအပြည့် တာဝန် မပေးနိုင်ခဲ့သော်လည်း ခရိုင်တစ်ခုအား အုပ်ချုပ်နိုင်သည့် အနေအထား ရှိခဲ့ပါသည်။ ဝန်ထမ်းများ နေထိုင်ရန်အဆောက်အဦများ အတော်အသင့် ဆောက်လုပ်

နိုင်ခဲ့ပါသည်။ ပြုပြင်ထိန်းသိမ်းရန် လိုအပ်နေပြီ ဖြစ်ပါသည်။ ဆိုင်ကယ်၊ ထော်လာဂျီနှင့် ရုံးသုံးစက် ကိရိယာများလည်း အကြီးစားပြုပြင်ရန် လိုအပ်နေပါသည်။

စီမံကိန်းကာလနှောင်းပိုင်းတွင် အတော်အသင့် သစ်တောမူဝါဒဥပဒေ၊ လုပ်ထုံးလုပ်နည်းများအတိုင်း ဆောင်ရွက်နိုင်သည်ကို တွေ့ရှိရပါသည်။ နယ်စပ်ဒေသဖြစ်သည့် အလျှောက် အပြည့်အဝ လိုက်နာဆောင်ရွက်သွားရန် ကြိုးစားဆောင်ရွက်ရဦးမည် ဖြစ်ပါသည်။ ပြည်သူလူထု အတွက် အခြေခံလိုအပ်ချက် (Basic Needs) ဖြစ်သော သစ်၊ တိုင်၊ မျှော စသည်တို့ကို စနစ်တကျ ထုတ်လုပ်ခွင့်ပေးသင့်ပါသည်။

## ၅.၅ ပြင်ပအကြောင်းရပ်များ၏ အကျိုးသက်ရောက်မှု

တမူးခရိုင်သည် အိန္ဒိယနိုင်ငံနှင့် (၇၈)မိုင်ခန့် နယ်နိမိတ်ထိစပ်နေသဖြင့်ယခင်စီမံကိန်း ကာလ အတွင်း သစ်ခိုးထုတ်မှုများ အနည်းငယ်ရှိခဲ့ပါသည်။ အခြားနယ်စပ်ဒေသများ ကဲ့သို့ ယာဉ်ယန္တရားများဖြင့် အကြီးအကျယ် သစ်ခိုးထုတ်မှုများ မရှိခဲ့ပါ။ တစ်ဖက် နိုင်ငံသည် တော၊ တောင်ထူထပ်ခြင်းနှင့် မြို့ကြီးပြကြီးများနှင့် အလှမ်းကွာဝေး သောကြောင့် ဖြစ်ပါသည်။ လူဖြင့် ပုခုံးထမ်းခိုးယူမှု အနည်းငယ်ရှိခဲ့ပါသည်။ သစ်တော ဦးစီးဌာန အနေဖြင့် ဖမ်းဆီးအရေးယူမှုများ ဆောင်ရွက်နိုင်ခဲ့ပြီး ခက်ခဲသော ကိစ္စရပ် များတွင် ဒေသအာဏာပိုင် အဖွဲ့အစည်းများထံ တင်ပြ၍ ပူးပေါင်းဆောင်ရွက်ခဲ့ပါသည်။

## ၅.၆ လိုအပ်ချက်နှင့်ဖြည့်ဆည်းပေးနိုင်မှု

တမူးခရိုင်အတွင်းရှိ ဒေသခံပြည်သူလူထု၏ အခြေခံလိုအပ်ချက်များအဖြစ် သစ်၊ ထင်း၊ မီးသွေး၊ ဝါး၊ တိုင်၊ မျှော စသည်များရှိနေမည် ဖြစ်ပါသည်။ ၎င်းတို့ကို စနစ်တကျ လုပ်ထုံးလုပ်နည်း၊ စည်းမျဉ်းစည်းကမ်းနှင့်အညီ ဆောင်ရွက်နေဆဲဖြစ်ပါသည်။ သို့ရာတွင် ကျေးရွာလူထုနှင့် တချို့သော မြို့နေလူတန်းစားများအား သစ်တောဦးစီးဌာန၏ လုပ်ထုံးလုပ်နည်း စည်းမျဉ်း စည်းကမ်းများကို နားလည်သဘောပေါက်အောင် ပညာပေးရန် လိုအပ်နေပါသေးသည်။ သို့မှသာ လိုအပ်ချက်များကို စနစ်တကျ ထိထိ ရောက်ရောက် ဖြည့်ဆည်းပေးနိုင် မည်ဖြစ်ပါသည်။

## ၅.၇ အခွန်တော်ငွေနှင့်အသုံးစရိတ်

တမူးခရိုင်တွင်အခွန်တော်လျာထားချက်များအား ပြည့်မီအောင် ကြိုးစားဆောင်ရွက်လျက် ရှိပါသည်။ မြန်မာ့သစ်လုပ်ငန်းမှ သစ်မာထုတ်လုပ်မှုနည်းသဖြင့် အခွန်တော် ရသင့်သလောက် မရခဲ့ပါ။ တိုင်၊မျှော၊ ဝါးနှင့်ကြိမ်တို့အား စီးပွားဖြစ် ထုတ်လုပ်မှု နည်းပါးသဖြင့် အခွန်တော်ငွေ ရသင့်သလောက် မရရှိခဲ့ပါ။ အသုံးစရိတ်နှင့်ပတ်သက်၍ နိုင်ငံတော်၏ မူဝါဒအရ ချိုးခြံ ချွေတာ သုံးစွဲလျက်ရှိပါသည်။

### ၅.၈ လုပ်ငန်းဆိုင်ရာ အခက်အခဲအတားအဆီးများ

တမူးခရိုင်တွင် လွန်ခဲ့သည့် ၁၀ နှစ်တာ ကာလအတွင်းက သစ်တောလုပ်ငန်းများ ဆောင်ရွက် ရာတွင် အဓိကတွေ့ကြုံရသည့် အခက်အခဲမှာဝန်ထမ်း၊ ငွေကြေး၊ အလုပ်သမား စသည်များ ဖြစ်ပါသည်။ ၄င်းအပြင်နယ်စပ်ဒေသဖြစ်သည်နှင့် အညီအစစ အရာရာ ကုန်ဈေးနှုန်းများ မြင့်မား သောကြောင့် အခြားနယ်များနှင့် တန်းတူငွေကြေး ခွင့်ပြု၍ မရနိုင်သည်ကိုလည်း တွေ့ရပါသည်။ အလုပ်သမားများကိုလည်း ဈေးနှုန်း မြင့်မားစွာ ပေး၍ငှားရမ်း သုံးစွဲရသည့် အခြေအနေတွင် ရှိနေပါသည်။ အလုပ်သမား တစ်ဦး၏ တစ်နေ့ လုပ်အားခမှာ အနည်းဆုံး ကျပ် ၃၀၀၀/-မှ ၄၀၀၀/- အထိရှိပါသည်။ ထိုသို့ ခွင့်ပြုငွေကြေး ပမာဏမှာ နယ်စပ်ဒေသနှင့်အညီမရရှိခြင်း၊ အလုပ်သမား စရိတ် ကြီးမြင့်ခြင်း တို့ကြောင့် လုပ်ငန်းဆိုင်ရာ အခက်အခဲများ အထိုက်အလျောက် ဆုံးရှုံးမှု များရှိသည်ကို တွေ့ရ ပါသည်။

### ၅.၉ အထွေထွေ

နယ်စပ်ဒေသဖြစ်၍ လူနေမှုစရိတ်ကြီးမြင့်သဖြင့် ဝန်ထမ်းများ၏ စားဝတ်နေရေး ပြေလည်စေရန် အမှုထမ်းဝန်ထမ်းများအနေဖြင့် ဌာနလုပ်ငန်းနှင့်မိမိတို့၏ လုပ်ငန်း ပူးတွဲဆောင်ရွက်နိုင်သည့် ဒေသခံ ဝန်ထမ်းများကိုသာ အမြဲခန့်ထားသင့်ပါသည်။ လုပ်သားရှားပါးခြင်း၊ လုပ်အားခဈေးနှုန်း ကြီးမြင့်ခြင်းကြောင့် နှစ်စဉ်စိုက်ခင်း ဧက (၅၀) သာ တည်ထောင်သင့်ပါသည်။ အင်တိုင်းမြေနှင့် သက္ကယ်ပေါင်းထူခြင်းကြောင့် သစ်မျိုး ရွေးချယ်ရာတွင် ဒေသနှင့်ကိုက်ညီသည့် ပျဉ်းကတိုးစိုက်ခင်း များသာ တည်ထောင် သွားသင့်ပါသည်။

## ၆။ နိဂုံး

တမူးခရိုင်အတွင်းရှိ နေထိုင်ကြသော ဒေသခံပြည်သူလူထုတို့သည် သစ်တောထိန်းသိမ်းရေး၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် ပတ်သက်၍ အသိပညာနည်းပါးသေးသောကြောင့် ပြည်သူလူထု ပူးပေါင်း ပါဝင်ဆောင်ရွက်မှု အတော်နည်းပါးသေးသည်ကို တွေ့ရပါသည်။ သစ်တောဦးစီးဌာနမှ ကျယ်ပြန့်စွာ အသိပညာပေးရန် အထူးလိုအပ်နေပါသည်။

ပြည်သူလူထု အများစုသည် ရေရှည်မျှော်ကိုးခြင်းမရှိဘဲ လတ်တလော ငွေကြေးရလိုမှုအပေါ် အဓိကထား၍ လုပ်ငန်းများ ဆောင်ရွက်နေကြသဖြင့် နိုင်ငံတော်မှ ပြဋ္ဌာန်းသတ်မှတ်ထားသည့် ဥပဒေ၊ နည်းဥပဒေ၊ စည်းမျဉ်းစည်းကမ်းများကို ကြောက်ရွံ့ခြင်းမရှိဘဲ အဆက်မပြတ် ကျူးလွန် လျှက်ရှိသည်ကို တွေ့နေရပါသည်။ သစ်တောဦးစီးဌာနမှလည်း အထက်အဖွဲ့အစည်း အသီးသီး၏ လမ်းညွှန်မှုကိုခံယူ၍ အမြဲတမ်းထိရောက်စွာ အရေးယူနေရပါသည်။

လူမှုစီးပွားရေးကဏ္ဍ ဖွံ့ဖြိုးမှုကို အလေးပေး ဆောင်ရွက်ခြင်းအားဖြင့် သစ်တောထိန်းသိမ်းမှု၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေး တို့ဘက်၌ အားနည်းသွားမည် ဖြစ်သဖြင့် သစ်တောထိန်းသိမ်းရေး တို့ကိုလည်း မျက်ခြေမပြတ် ဆောင်ရွက်ပြီး တရားဥပဒေဘောင်အတွင်းမှ လူမှုစီးပွားရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ပေးသွားရမည် ဖြစ်ပါသည်။

# အပိုင်း(၂)

# အနာဂါတ်အုပ်ချုပ်လုပ်ကိုင်မှု

## ၇။ သစ်တောမူဝါဒ

အောက်ဖော်ပြပါအကြောင်းအရင်းများကို အခြေခံ၍ စီမံကိန်းရေးဆွဲရခြင်းဖြစ်ပါသည်။

- ၁၉၉၂ ခုနှစ်၊ သစ်တောဥပဒေ ပုဒ်မ(၁၀)ခ အရ သစ်တောအုပ်ချုပ်လုပ်ကိုင်မှုနှင့် စပ်လျဉ်းသည့် စီမံကိန်းများကို ရေးဆွဲ၍ သစ်တောရေးရာဌာနထံ တင်ပြရမည့် လုပ်ငန်းကို အကောင်အထည်ဖော်ရန်၊

- ၁၉၉၅ ခုနှစ်၊ မြန်မာ့သစ်တောမူဝါဒ သဘောထားကြေငြာချက် အခန်း ၃-၆ အရ သစ်တောကဏ္ဍဖွံ့ဖြိုးရေးဆိုင်ရာ ယေဘူယျ လမ်းညွှန်ချက်များနှင့် ရည်မှန်းချက်များ ချမှတ်ပေးနိုင်မည့် (၁၀)နှစ် စီမံကိန်းတစ်ရပ်ကို ရေးဆွဲသွားရန် မူဝါဒလုပ်ငန်းများ အကောင်အထည်ဖော်နိုင်ရန်၊

- ၁၉၉၅ ခုနှစ်၊ အမျိုးသားသစ်တောရေးရာ ဆောင်ရွက်မှုစီမံချက် သစ်တောအုပ်ချုပ်လုပ်ကိုင်မှု အပိုင်းတွင် အုပ်ချုပ်လုပ်ကိုင်မှု နယ်မြေတစ်ခုစီအတွက် ဘက်စုံအသုံးချ အုပ်ချုပ်လုပ်ကိုင်မှု စီမံကိန်းများ တင်ပြနိုင်ရန်၊

- သစ်တောအုပ်ချုပ် လုပ်ကိုင်မှုစီမံကိန်းရေးဆွဲ၍အုပ်ချုပ်လုပ်ကိုင်ခြင်းများ၊ အပြည်ပြည်ဆိုင်ရာ အပူပိုင်းဒေသသစ်အဖွဲ့ (International Tropical Timber Organization-ITTO) က သတ်မှတ်ထားသည့် သစ်တောများကို ထာဝစဉ်တည်မြဲစေရန် အုပ်ချုပ်လုပ်ကိုင်ခြင်း (Sustainable Forest Management SFM)၏ စံချိန်စံညွှန်း (Indi-cator) တစ်ခုအား အကောင်အထည် ဖော်ရန်။

- စနစ်တကျ ရေးဆွဲထားသော သစ်တောအုပ်ချုပ်လုပ်ကိုင်မှု စီမံကိန်းဖြင့် သစ်တောများကို ထာဝစဉ်တည်မြဲစေရန် အုပ်ချုပ်လုပ်ကိုင်စေရန်၊

- နိုင်ငံတကာတွင် သစ်တောထွက်ပစ္စည်း၊ အထူးသဖြင့် သစ်အရောင်းအဝယ်ပြုရာတွင် အခက်အခဲ အတားအဆီးများ ရှိနိုင်ပါသည်။ ၎င်းအခက်အခဲ အတားဆီးများကို ကျော်လွှားနိုင်ရန်သစ် တောအုပ်ချုပ်လုပ်ကိုင်မှုစီမံကိန်းကို ရေးဆွဲရခြင်း ဖြစ်ပါသည်။

သို့ဖြစ်ပါ၍ အုပ်ချုပ်လုပ်ကိုင်မှုစီမံကိန်းကို ၁၉၉၅ ခုနှစ်၊ မြန်မာ့သစ်တောမူဝါဒကြေညာချက်တွင်သတ်မှတ်ထားသည့် ပဓာနအချက် (၆)ချက်ကို အကောင်အထည်ဖော် ဆောင်ရွက်ရန်ရည်ရွယ်၍ ရေးဆွဲခြင်းဖြစ်ပါသည်။

**(က) ကာကွယ်ခြင်း**

ရေ၊ မြေ၊ တောရိုင်းတိရစ္ဆာန်၊ ဇီဝမျိုးစုံမျိုးကွဲနှင့် သဘာဝပတ်ဝန်းကျင်ကို ကာကွယ်ရပါမည်။

**(ခ) ထာဝစဉ်တည်တံ့စေခြင်း**

လက်ရှိပြည်သူလူထုနှင့် နောင်လာနောက်သားများပါသစ်တောများမှ ရရှိနိုင်သည့် တိုက်ရိုက်နှင့် သွယ်ဝိုက်သော အကျိုးများကို စဉ်ဆက်မပြတ် ခံစားနိုင်ကြစေရန် သစ်တော သယံဇာတ အရင်းအမြစ်များကို ထာဝစဉ်တည်တံ့ နေစေရေးအတွက် ထိန်းသိမ်းရပါမည်။

**(ဂ) အခြေခံစားဝတ်နေရေးလိုအပ်ချက်များဖြည့်ဆည်းပေးခြင်း**

ပြည်သူလူထု၏ လောင်စာ၊ နေအိမ်၊ အဆောက်အအုံ၊ အစားအစာနှင့် အပန်းဖြေနားနေမှု အစရှိသည့် အခြေခံစားဝတ်နေရေး လိုအပ်ချက်များကို ဖြည့်ဆည်းပေးရပါမည်။

**(ဃ) စွမ်းဆောင်ရည်တိုးတက်မြင့်မားစေခြင်း**

သစ်တောသယံဇာတများမှ ရရှိနိုင်သည့် စီးပွားရေး အကျိုးအမြတ်တို့အား လူမှုရေးနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ တို့ကိုမထိခိုက်ဘဲ အပြည့်အဝ အသုံးချရန်စီမံရမည်။

**(င) ပြည်သူတို့ကပူးပေါင်းပါဝင်ဆောင်ရွက်လာခြင်း**

သစ်တောပြုစု ထိန်းသိမ်းခြင်းနှင့် သစ်တောသယံဇာတများ အသုံးချရေးဆိုင်ရာ လုပ်ငန်းတို့တွင် ပြည်သူတို့က ပူးပေါင်းပါဝင်လာကြစေရန် ဆောင်ရွက်သွားရပါမည်။

**(စ) ပြည်သူအတွင်းနိုးကြားထကြွသည့်အသိရှင်သန်စေခြင်း**

နိုင်ငံတော်၏ လူမှုစီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုဖော်ဆောင်ရာတွင် သစ်တောများသည် အဓိကအခန်းမှပါဝင်နေကြောင်းကို ပြည်သူတို့အတွင်းနိုးကြားသည့် အသိရှင်သန်နေစေရန်စည်းရုံးလှုံ့ဆော်သွားရပါသည်။

## ၈။ အုပ်ချုပ်လုပ်ကိုင်မှုဦးတည်ချက်များနှင့် ရည်ရွယ်ချက်များ

### ၈.၁ အုပ်ချုပ်လုပ်ကိုင်မှုဦးတည်ချက်များ

#### ၈.၁.၁ လူမှုစီးပွားရေး

သစ်တောကဏ္ဍကို အခြေခံ၍ ဒေသခံပြည်သူလူထု၏ လိုအပ်ချက်ဖြစ်သော သစ်နှင့် အခြားသစ်တောထွက် ပစ္စည်းများ၊ ဖူလုံစေရေးနှင့် ဝင်ငွေရရှိစေရန်။

#### ၈.၁.၂ သစ်တောဖွံ့ဖြိုးရေး

စီမံကိန်းများရေးဆွဲ၍ သစ်တောများကို စနစ်တကျအုပ်ချုပ်ပြုစု ထိန်းသိမ်းခြင်းဖြင့် သစ်တောသယံဇာတများကို အကျိုးရှိစွာအသုံးချလာနိုင်ပြီး သစ်တောကဏ္ဍပိုမိုဖွံ့ဖြိုး တိုးတက်လာစေရန်။

#### ၈.၁.၃ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေး

သစ်တောများကို စီမံကိန်းချမှတ်၍ စနစ်တကျအုပ်ချုပ်ခြင်းဖြင့် နိုင်ငံတော်၏ စီးပွား ရေး၊ ပြည်သူတို့၏ စားဝတ်နေရေးကို အထောက်အကူ ဖြစ်စေရန်နှင့် စဉ်ဆက်မပြတ် အကျိုးစီးပွားခံစားနိုင်စေရန်။

#### ၈.၁.၄ သဘာဝဝန်းကျင်ထိန်းသိမ်းရေး

သဘာဝဝန်းကျင် ထာဝစဉ်တည်ငြိမ်ရေးနှင့် ဂေဟစနစ်မျှတရေးကို ဟန်ချက်ညီညီ ဆောင်ရွက်သွားရန်။

### ၈.၂ အုပ်ချုပ်လုပ်ကိုင်မှုရည်ရွယ်ချက်များ

#### ၈.၂.၁ လူမှုစီးပွားရေးဖွံ့ဖြိုးမှု

နိုင်ငံတော်၏ လူမှုစီးပွားရေးဖွံ့ဖြိုးတိုးတက်မှု ဖော်ဆောင်ရာတွင် သစ်တောကဏ္ဍ သည် အဓိက အခန်းမှပါဝင်နေကြောင်း ပြည်သူတို့အတွင်း နိုးကြားသည့် အသိစိတ် ရှင်သန်နေစေရေးကို စည်းရုံးလှုံ့ဆော်သွားရန်နှင့် သစ်တောကဏ္ဍ ထာဝစဉ် ဖွံ့ဖြိုး တိုးတက်ရေးတွင် အထောက်အကူဖြစ်စေရန်အတွက် လူမှုစီးပွားဖွံ့ဖြိုးရေးဆိုင်ရာ သုတေသနလုပ်ငန်းများကို တိုးမြှင့်ဆောင်ရွက်ရန်။

#### ၈.၂.၂ သစ်တောဖွံ့ဖြိုးမှု

လူမှုရေးနှင့် သဘာဝဝန်းကျင်ဆိုင်ရာ အကျိုးအမြတ်များ အစွမ်းကုန် ရရှိခံစား နိုင်ရေး၊ ဂေဟစနစ်များမျှတမှုနှင့် ဇီဝမျိုးစုံမျိုးကွဲများ ထိန်းသိမ်းရေးအတွက် သစ်တောများပြန် လည်စိုက်ပျိုးပြုစုရန်နှင့် သစ်တောများကို ထာဝစဉ်သီ တောထွက် စနစ်ဖြင့် စီမံအုပ်ချုပ်နိုင်ရေးအတွက် ကြိုးဝိုင်းနှင့် ကြိုးပြင်ကာကွယ်တောများ အစဉ် တည်မြဲ

နေစေရေးကို ဆောင်ရွက်သွားရန်။ နိုင်ငံတော်ဧရိယာ၏ စုစုပေါင်း (၃၀%) ကို ကြိုးဝိုင်းတောများ အဖြစ်လည်းကောင်း သဘာဝထိန်းသိမ်းရေးနယ်မြေများ အဖြစ် ဖွဲ့စည်းဆောင်ရွက်ရာ၌ ရေတိုတွင် နိုင်ငံတော်ဧရိယာစုစုပေါင်း၏ (၅%) ကို လည်းကောင်း၊ ရေရှည်တွင် (၁၀%)အထိ လည်းကောင်းဖွဲ့စည်းဆောင်ရွက်ရန်။

**၈.၂.၃ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဖွံ့ဖြိုးမှု**

**၈.၂.၃.၁ သစ်နှင့် သစ်မဟုတ်သည့် သစ်တောထွက်ပစ္စည်းထုတ်လုပ်မှု**

သစ်နှင့် သစ်မဟုတ်သည့် သစ်တောထွက်ပစ္စည်း အမျိုးမျိုးတို့ကို စွမ်းဆောင်ရည် ထက်မြက်စွာဖြင့် ထုတ်ယူ၍ ထာဝစဉ်အသုံးချ အုပ်ချုပ်လုပ်ကိုင်သွားရန်။

**၈.၂.၃.၂ သစ်တောအခြေခံလုပ်ငန်းဖွံ့ဖြိုးမှု**

သစ်တောများမှ လိုအပ်သော သစ်ကုန်ကြမ်းပမာဏ အမှန်တကယ် ထုတ်ပေး နိုင်သည့် အခြေအနေပေါ်မူတည်၍ သစ်တောအခြေခံလုပ်ငန်းများ၊ ဖွံ့ဖြိုးမှု အစီ အစဉ်များချမှတ် ဆောင်ရွက်ရန်။

**၈.၂.၃.၃ ရောင်းဝယ်ရေးနှင့် ကုန်သွယ်မှု**

သစ်တောထွက်ပစ္စည်းများကို ပြည်ပသို့ တန်ဖိုးမြှင့် ပစ္စည်းများအဖြစ် တင်ပို့ ရောင်း ချခြင်းဖြင့် နိုင်ငံတကာ ဈေးကွက်သို့ ဝင်ရောက်ကုန်သွယ်မှုပြုရန်။

**၈.၂.၄ တောရိုင်းတိရစ္ဆာန်နှင့် သဘာဝအပင်များ၊ ဇီဝမျိုးစုံမျိုးကွဲများနှင့် သဘာဝဝန်းကျင် ထိန်းသိမ်းမှု**

တောရိုင်းတိရစ္ဆာန်နှင့် သဘာဝအပင်များကို ယင်းတို့၏ နေရာဒေသများ ကာကွယ် ထိန်းသိမ်း ခြင်းဖြင့်လည်းကောင်း၊ သဘာဝထိန်းသိမ်းရေးနယ်မြေများ တည်ထောင် ခြင်းဖြင့် လည်းကောင်း၊ တိရစ္ဆာန်ဥယျာဉ်နှင့် ရုက္ခဗေဒဥယျာဉ်များ တည်ထောင်ခြင်း ဖြင့်လည်းကောင်း၊ ဇီဝမျိုးစုံမျိုးကွဲများ မျိုးသုဉ်းမည့် အန္တရာယ်မှ ကာကွယ် ထိန်းသိမ်းရန်။

**၉။ အုပ်ချုပ်လုပ်ကိုင်မှုစီမံကိန်းရေးဆွဲခြင်း**

**၉.၁ သစ်ထုတ်လုပ်ရေးသဘာဝတောများ**

**၉.၁.၁ အုပ်ချုပ်လုပ်ကိုင်မှုရည်ရွယ်ချက်များ**

(၁)ရောင်းတန်းဝင်သစ်များ ထာဝစဉ် စဉ်ဆက်မပြတ် ထုတ်လုပ်ရေး၊

(၂)ပါဝင်ပင်များ အမျိုးအစားညီညွတ်၍ သဘာဝတောများ၏ တန်ဖိုးကို ထိန်းသိမ်းရေး၊

(၃) သဘာဝတောများ၏ ဂေဟစနစ်မျှတရေးနှင့် ဇီဝမျိုးစုံမျိုးကွဲထိန်းသိမ်းရေး၊

## ၉.၁.၂ အုပ်ချုပ်လုပ်ကိုင်မှုနည်းလမ်းများ

ထာဝစဉ်တောထွက်ရရှိရန် ရည်မှန်းချက်အပေါ် အခြေခံလျှက် တမူးခရိုင်အတွင်းရှိ သစ်ထုတ်လုပ်ရေး သဘာဝတောများကို စနစ်တကျအုပ်ချုပ်လုပ်ကိုင် သွားရန် အတွက် ထုတ်လုပ်ရေး အလုပ်တိုက်နယ် တစ်ခုနှင့် ခုတ်စဉ် ၁ ခု ဖွဲ့စည်း အုပ်ချုပ် သွားမည် ဖြစ်ပါသည်။ ခုတ်စဉ် တစ်ခုစီအတွင်း သစ်ပင် ပေါက်ရောက်မှု အပေါ် မူတည်၍ သင့်တော်သော သစ်တော စိုက်ပျိုး ပြုပြင်ခြင်းနှင့်၊ ခုတ်ပတ်နှင့် တောထွက် စသည်တို့ကို ချမှတ်ကျင့်သုံး သွားမည် ဖြစ်ပါသည်။ သစ်တောများ၏ မူလဂေဟ စနစ်မပျက်စီးရေးကို ဦးတည်လျှက် သစ်မထုတ်မီနှင့် သစ်ထုတ်ပြီး သစ်တောများ၏ သယံဇာတများကို စာရင်းကောက်ယူခြင်း ပြုလုပ်ပြီး လေ့လာဆန်းစစ် အုပ်ချုပ် လုပ်ကိုင်သွားမည် ဖြစ်ပါသည်။

### ၉.၁.၂.၁ ထုတ်လုပ်ရေး အလုပ်တိုက်နယ်

ဤအလုပ်တိုက်နယ်ကို သစ်ထုတ်လုပ်နိုင်သည့် သဘာဝတောများ ပေါက်ရောက် နေသော အလျှော်ကြိုးဝိုင်းနှင့် ကဘော်ကြိုးဝိုင်း (၂)ခု၊ အတွင်းရိုးမကြိုးပြင် ကာကွယ်တောနှင့် မင်းသမီးတောင်တန်းကြိုးပြင်ကာကွယ်တော (၂) ခု၊ ကြိုးပြင် တောများဖြင့် ဖွဲ့စည်းထားပါသည်။ ဧရိယာအကျယ် အဝန်းအားဖြင့် (၁၆၄၃၂၉) ဧက ဖြစ်ပါသည်။

#### ၉.၁.၂.၁.၁ အလုပ်တိုက်နယ်နှင့် ခုတ်စဉ်များဖွဲ့စည်းခြင်း

တမူးခရိုင်အတွင်း ထုတ်လုပ်ရေးအလုပ်တိုက်နယ်ကို ဖွဲ့စည်းရာတွင် သွားလာ ရေး လွယ်ကူမှု၊ နှစ်စဉ်သစ်ထုတ်လုပ်ရာတွင် စီးပွားရေး တွက်ခြေကိုက်မှု၊ သစ်တော ပမာဏရရှိနိုင်မှု၊ သစ်တောအမျိုးအစား တူညီမှုစသည့် အချက် အလက်များ အပေါ် အခြေခံ၍ ဖွဲ့စည်းထားပါသည်။ ဤထုတ်လုပ်ရေး အလုပ်တိုက်နယ်တွင် နှစ်စဉ် သစ် ထွက်ရရှိနိုင်မှု အလားအလာနှင့်စီမံခန့်ခွဲမှု လွယ်ကူရေးစသည့် အချက်အလက်များ အပေါ် အခြေခံ၍ တမူးခရိုင်အတွင်း ကြိုးဝိုင်း ၂ ခု၊ ကြိုးပြင် ကာကွယ်တော ၂ ခု နှင့် ကြိုးပြင်တောများအား ခုတ်စဉ် ၁ ခု ဖွဲ့စည်းအုပ်ချုပ် လုပ်ကိုင်သွားမည် ဖြစ်ပါသည်။ ခုတ်စဉ် ၁ ခုကို ခုတ်ပတ် အဖြစ် နှစ် ၃၀ သတ်မှတ်ပြီး ဧရိယာအကြမ်းဖျင်း တူညီသည့် နှစ်စဉ်ခုတ်ကွက် ၃၀ ကွက်ခွဲခြားပြီး အပင်ရေဖြင့် ပြန်လည် စစ်ဆေးသည့် စနစ် (Equal Area With Tree Number Check)ကို အသုံးပြု ဆောင်ရွက် သွားမည်ဖြစ်ပါသည်။

အလုပ်တိုက်နယ်အတွင်းရှိ ခုတ်စဉ်များကိုဧရိယာဧက၊ ထုတ်လုပ်ခွင့်ပြုသည့် အရွယ် အစားများကို ဇယား( ၉-၁-၂-၁-၁-၄)ဖြင့် ဖော်ပြအပ်ပါသည်။

## ၉.၁.၂.၁.၁သစ်ပင်ပေါက်ရောက်မှုအခြေအနေ

အလုပ်တိုက်နယ်နှင့် ခုတ်စဉ်များအတွင်း ကျွန်းနှင့် သစ်မာတို့၏ ပေါက်ရောက်မှု အခြေအနေများကို ခုတ်စဉ်အလိုက်ဇယား (၉-၁-၂-၁-၁-၁)က နှင့် (၉-၁-၂-၁-၁-၂)ခ တို့ဖြင့် ဖော်ပြထားပါသည်။

### ပင်ထောင်ဇယား

ခုတ်ပတ် - (၃၀)နှစ် ဇယား - (၉-၁-၂-၁-၁-၁)က

အလုပ်တိုက်နယ်- ထုတ်လုပ်ရေးအလုပ်တိုက်နယ် ဧရိယာ - ၁၆၄၃၂၉ ဧက

ခုတ်စဉ် - I (ပင်ရေ)

| သစ်မျိုး အုပ်စု | ၂'၀" ၂'၅" | ၂'၆" ၂'၁၁" | ၃'၀" ၃'၅" | ၃'၆" ၃'၁၁" | ၄'၀" ၄'၅" | ၄'၆" ၄'၁၁" | ၅'၀" ၅'၅" | ၅'၆" ၅'၁၁" | ၆'၀" ၆'၅" | ၆'၆" ၆'၁၁" | ၇'၀" ၇'၅" | ၇'၆" ၇'၁၁" | ၈၀+ | စုစု ပေါင်း |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| (၁) | (၂) | (၃) | (၄) | (၅) | (၆) | (၇) | (၈) | (၉) | (၁၀) | (၁၁) | (၁၂) | (၁၃) | (၁၄) | (၁၅) |
| ကဘော်၊ အလျှော်(ကြိုးဝိုင်း)၊ မင်းသမီး၊ အတွင်းရိုးမ (ကြိုးပြင်ကာကွယ်တော)၊ ကြိုးပြင်တော | | | | | | | | | | | | | | |
| ကျွန်း | ၃၁၀၆၆ | ၅၂၄၆၁ | ၃၂၉၂၉ | ၁၆၃၇၀ | ၄၈၃၅ | ၈၁၈၅ | - | ၃၃၄၉ | ၁၆၇၄ | ၄၀၉၂ | ၁၄၈၆ | ၁၆၇၄ | ၆၆၉၈ | ၁၆၄၈၂၆ |
| အုပ်စု(၁) | ၁၄၈၈၂ | ၈၁၈၄ | ၉၁၁၅ | ၃၁၆၀ | ၁၆၇၄ | - | - | - | - | - | - | - | ၁၆၇၄ | ၃၈၆၉၄ |
| အုပ်စု(၂) | ၆၇၃၅၁ | ၈၈၅၄၈ | ၇၄၇၉၄ | ၈၅၇၇၃ | ၃၇၉၅၀ | ၂၉၀၂၃ | ၁၀၇၈၉ | ၈၃၇၃ | ၃၃၄၈ | ၃၃၄၈ | - | ၁၆၇၄ | ၅၇၆၆ | ၄၁၆၇၆၁ |
| အုပ်စု(၃) | ၃၃၈၄၉ | ၇၉၄၂၁ | ၄၅၇၅၉ | ၅၉၇၁၂ | ၄၁၃၀၂ | ၃၃၆၆၉ | ၁၀၄၁၃ | ၄၈၃၅ | ၂၄၁၇ | ၇၄၄၂ | ၁၆၇၄ | ၇၄၃ | ၈၃၇၃ | ၃၂၉၆၃၀ |
| အုပ်စု(၄) | ၆၈၇၆ | ၁၃၂၀၉ | ၉၈၆၀ | ၄၀၉၁ | ၆၆၉၇ | ၂၄၁၇ | ၇၄၃ | - | - | - | - | - | - | ၄၃၈၉၇ |
| အုပ်စု(၅) | ၁၂၆၃၀၀ | ၁၁၉၇၇၄ | ၈၈၅၂၉ | ၈၂၀၂၆ | ၃၆၀၈၁ | ၁၆၅၅၂ | ၁၈၂၂၈ | ၂၉၇၂ | - | - | ၅၀၂၂ | ၁၄၈၆ | - | ၄၉၇၀၃၁ |
| **ပေါင်း** | **၂၈၀၃၂၄** | **၃၆၁၅၉၇** | **၂၆၀၉၈၆** | **၂၅၁၁၃၂** | **၁၂၈၅၃၉** | **၈၉၈၄၆** | **၄၀၁၇၃** | **၁၉၅၂၉** | **၇၄၃၉** | **၁၄၈၈၂** | **၈၁၈၂** | **၅၅၇၇** | **၂၂၅၁၁** | **၁၄၉၀၈၃၉** |

ဇစ်မြစ် - ၂၀၁၃-၂၀၁၄ စာရင်းကောက်ကိန်းဂဏန်းများ

## ထုထည်ဇယား

| | | | |
|---|---|---|---|
| ခုတ်ပတ် | - (၃၀)နှစ် | ဇယား | - (၉-၁-၂-၁-၁-၁)ခ |
| အလုပ်တိုက်နယ်- ထုတ်လုပ်ရေးအလုပ်တိုက်နယ် | | ဧရိယာ | - ၁၆၄၃၂၉ ဧက |
| ခုတ်စဉ် | - I | | (ကုဗတန်) |

| သစ်မျိုး အုပ်စု | ၂'၀" ၂'၅" | ၂'၆" ၂'၁၁" | ၃'၀" ၃'၅" | ၃'၆" ၃'၁၁" | ၄'၀" ၄'၅" | ၄'၆" ၄'၁၁" | ၅'၀" ၅'၅" | ၅'၆" ၅'၁၁" | ၆'၀" ၆'၅" | ၆'၆" ၆'၁၁" | ၇'၀" ၇'၅" | ၇'၆" ၇'၁၁" | ၈ ၀ + | စုစု ပေါင်း |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| (၁) | (၂) | (၃) | (၄) | (၅) | (၆) | (၇) | (၈) | (၉) | (၁၀) | (၁၁) | (၁၂) | (၁၃) | (၁၄) | (၁၅) |
| ကဘော်၊ အလျှော်(ကြိုးဝိုင်း)၊ မင်းသမီး၊ အတွင်းရိုးမ (ကြိုးပြင်ကာကွယ်တော)၊ ကြိုးပြင်တော | | | | | | | | | | | | | | |
| ကျွန်း | ၅၈၄၃ | ၁၄၆၈၈ | ၁၃၂၃၇ | ၉၀၇၇ | ၃၈၀၀ | ၇၅၇၄ | - | ၄၆၅၃ | ၂၇၃၈ | ၇၇၇၉ | ၃၃၆၂ | ၄၃၆၀ | ၂၇၃၉၆ | ၁၀၄၅၁၃ |
| အုပ်စု(၁) | ၂၄၅၆ | ၂၁၀၁ | ၃၂၉၂ | ၁၆၃၁ | ၁၁၆၈ | - | - | - | - | - | - | - | ၆၂၅၇ | ၁၆၉၀၉ |
| အုပ်စု(၂) | ၁၁၇၉၄ | ၂၃၇၇၀ | ၂၉၀၆၃ | ၄၆၆၀၀ | ၂၈၄၉၉ | ၂၇၂၆၂ | ၁၃၆၂၈ | ၁၄၉၃၉ | ၆၄၆၂ | ၆၉၂၉ | - | ၄၅၉၁ | ၂၆၀၆၅ | ၂၃၉၆၂၄ |
| အုပ်စု(၃) | ၆၄၇၃ | ၂၁၀၂၈ | ၁၈၁၄၇ | ၃၄၀၈၃ | ၃၁၆၆၉ | ၃၁၉၄၆ | ၁၂၆၉၇ | ၇၅၂၅ | ၄၅၉၇ | ၁၅၅၅၆ | ၄၂၆၇ | ၂၀၇၈ | ၃၀၁၅၉ | ၂၂၀၂၄၈ |
| အုပ်စု(၄) | ၁၂၆၈ | ၄၀၇၈ | ၄၅၂၂ | ၂၃၀၁ | ၅၀၁၃ | ၂၉၀၇ | ၇၉၃ | - | - | - | - | - | - | ၂၀၈၈၉ |
| အုပ်စု(၅) | ၂၁၇၈၅ | ၃၁၆၅၉ | ၃၄၉၃၇ | ၄၂၆၄၇ | ၂၄၇၂၆ | ၁၄၃၂၂ | ၂၁၁၉၁ | ၄၀၁၆ | - | - | ၉၇၁၆ | ၂၅၁၆ | - | ၂၀၇၅၆၆ |
| ပေါင်း | ၄၉၆၁၉ | ၉၇၃၂၄ | ၁၀၃၁၉၈ | ၁၃၆၃၃၉ | ၉၄၈၇၅ | ၈၄၀၁၁ | ၄၈၃၀၉ | ၃၁၁၃၃ | ၁၃၇၉၇ | ၃၀၂၆၄ | ၁၇၃၄၅ | ၁၃၅၄၅ | ၈၉၈၇၇ | ၈၀၉၇၄၉ |

ဇစ်မြစ် - ၂၀၁၃-၂၀၁၄ စာရင်းကောက်ကိန်းဂဏန်းများ

### ၉.၁.၂.၁.၁.၂ သစ်တောစိုက်ပျိုးပြုစုခြင်းစနစ်

တမူးခရိုင်အတွင်းရှိ သဘာဝတောများကို အုပ်ချုပ်လုပ်ကိုင်ရာတွင် မြန်မာ့ရွေးချယ်ခုတ်လှဲနည်း စနစ်ဖြင့် ဆက်လက်ကျင့်သုံး အုပ်ချုပ်လုပ်ကိုင်သွားမည် ဖြစ်ပါသည်။ သဘာဝတောများတွင် ပေါက်ရောက် နေသော ကျွန်းနှင့် ရောင်းတန်းဝင်အဖိုးတန် သစ်မာသစ်မျိုး၏ ကြီးထွား မှုနှင့် ရှင်သန်ပေါက် ရောက်မှုပိုမိုကောင်းမွန်ရန်၊ မျိုးဆက်ရန်၊ ပိုမိုတိုးပွားစေရန်နှင့် ခုတ်ယူသုံးစွဲ နိုင်သည့်အပင်များ၏ အရေအတွက် ပိုမိုများပြားလာစေရန်ဓမ္မတာ မျိုးဆက်ခြင်းကို အားပေးစေသည့် အုပ်မိုးကာဆိုင်းခုတ်လှဲခြင်းလုပ်ငန်း၊ နွယ်ဖြတ် ညောင်ပတ်လှဲ ခြင်းလုပ်ငန်း၊ ကျန်းမာ သန်းစွမ်းသော အပင်အချို့အား မျိုးပင် အဖြစ်ထားရှိခြင်း စသည့် လုပ်ငန်းများကို စနစ်တကျဆောင် ရွက်သွားမည် ဖြစ်ပါသည်။ ထို့ပြင် သဘာဝတောများမှ ထုတ်ယူရာတွင်လည်း သတ်မှတ် ထားသည့် ကန့်သတ်လုံးပတ် ပေမီအပင်များကိုသာ စနစ်တကျ ရွေးချယ် ပင်ထောင်ရိုက်မှတ်ခြင်း၊ ကျွန်းသင်းသတ်ခြင်းလုပ်ငန်းများကို ညွှန်ကြားချက်

အတိုင်း တိကျစွာလိုက်နာလျက် ထုတ်ယူစေမည် ဖြစ်ပါ သည်။ မြန်မာ့ ရွေးချယ် ခုတ်လှဲခြင်းနည်းစနစ်သည် ကန့်သတ် လုံးပတ် အတန်းအစား ပြည့်မီ အပင်များကိုသာ ရွေးချယ်ခုတ်ယူသည့် စနစ်ဖြင့် သဘာဝ ဝန်းကျင် ပျက်စီးမှု နည်းသည့် ထုတ်ယူသည့်စနစ် (Reduce Impact Logging) တစ်ခုလည်း ဖြစ်ပါသည်။ ၎င်းအပြင် နှစ်စဉ် ခုတ်ကွက်များ တွင်ကျွန်းနှင့် သစ်မာအား တပြိုင်တည်း ထုတ်ယူစေမည် ဖြစ်သဖြင့် သစ်တောများ ထိခိုက်မှုနည်းစေမည် ဖြစ်ပါ သည်။

**၉.၁.၂.၁.၁.၃ ခုတ်ပတ်**

ခုတ်စဉ်တစ်ခုပြီးမြောက်သည့်အထိ ဆောင်ရွက်သည့် အချိန်ကာလကို ခုတ်ပတ် (၃၀)နှစ် သတ်မှတ်ပါသည်။

**၉.၁.၂.၁.၁.၄ ထုတ်လုပ်ခွင့် ပြုသည့်အရွယ်အစား**

သစ်မျိုးအလိုက်ထုတ်လုပ်ခွင့် ပြုသည့်အရွယ်အစား (ရင်စို့လုံးပတ်) များနှင့် ကျွန်းအတွက် တောထွက်လုံးပတ် (Yield Girth)ကိုပါ ခုတ်စဉ် အလိုက် ဇယား (၉-၁-၂-၁-၁-၄)တွင် ဖော်ပြပါသည်။

## တမူးခရိုင်အတွင်း သစ်မျိုးအလိုက်ထုတ်လုပ်ခွင့်ပြုသည့်အရွယ်အစားစာရင်း

ဇယား (၉-၁-၂-၁-၁-၄)

| ခုတ်စဉ် | ကြိုးဝိုင်းအမည် | အကွက်အမှတ် | ဧရိယာ (ဧက) | ထုတ်လုပ်ခွင့်ပြုသည့်အရွယ်အစား | | မှတ်ချက် |
|---|---|---|---|---|---|---|
| | | | | သစ်မျိုး | လုံးပတ် | |
| (၁) | (၂) | (၃) | (၄) | (၅) | (၆) | (၇) |
| | အလျော်ကြိုးဝိုင်း | ၃၇-၉၆ | ၇၃၈၇၁ | ကျွန်း | ၆'၆" | |
| | | | | တမလန်း | ၇' | |
| | | | | ပျဉ်းကတိုး | ၇' | |
| | | | | အင်ကြင်း | ၇' | |
| | | | | အင် | ၆' | |
| | ကဘော်ကြိုးဝိုင်း | ၁-၅၄ | ၂၀၀၁၆ | ကညင် | ၇' | |
| | | | | ကျွန်း | ၆'၆" | |
| | | | | အင်ကြင်း | ၇' | |
| | မင်းသမီးတောင်တန်း | ၁-၃၁ | ၃၃၀၁၆ | အင် | ၆' | |
| | ကြိုးပြင်ကာကွယ် | | | ကျွန်း | ၆'၆" | |
| | တော | | | ပျဉ်းကတိုး | ၇' | |
| | | | | အင်ကြင်း | ၇' | |
| | အတွင်းရိုးမကြိုးပြင် | ၁-၁၂ | ၆၆၉၄ | | | |
| | ကာကွယ်တော | | | အင် | ၆' | |
| | ကြိုးပြင်တော | | ၃၀၇၃၂ | | | |
| | | | | ကညင် | ၇' | |
| | **စုစုပေါင်း** | | **၁၆၄၃၂၉** | | | |

ဇစ်မြစ် - တမူးခရိုင်၊ သစ်တောဦးစီးဌာန

### ၉.၁.၂.၁.၁.၅ တောထွက်တွက်ချက်ခြင်း

နှစ်စဉ်တောထွက် တွက်ချက်ရာတွင် အောက်ပါပုံသေနည်းကို အသုံးပြုပါသည်။ ထိုသို့တွက်ချက်ရာတွင် လက်ရှိကွင်းဆင်းတိုင်းတာ စာရင်းကောက်ယူထားသော ကိန်းဂဏန်းများကို အခြေခံပြီး ခန့်မှန်းပင်ထောင်ဇယားမှ တွက်ချက်ထား ပါသည်။

နှစ်စဉ်တောထွက် = လုံးပတ်အတန်းအစား II + ၂ X လုံးပတ်အတန်းအစား(I) ÷ ၆၀

(AAC)

ကျွန်း၏ နှစ်စဉ်တောထွက်ကို လက်ရှိကွင်းဆင်းတိုင်းတာ စာရင်းကောက်ယူထားသော ကိန်းဂဏန်းများမှ အောက်ပါအတိုင်း တွက်ချက်ပါသည်။ ကျွန်း၏ ကန့်သတ်လုံးပတ်အား ၆' ၆" ထား၍ တွက်ချက်ခြင်းဖြစ်ပါသည်။

| လုံးပတ် အတန်းအစား | လက်ရှိအပင် အရေအတွက် | ရှင်သန်မှု % | ရှင်ပင် အရေအတွက် |
|---|---|---|---|
| ၅' ၆" မှ ၆' ၅" (အတန်းအစား II) | ၅၀၂၃ | ၉၀ | ၄၅၂၀ |
| ၆' ၆" နှင့် အထက် (အတန်းအစား I) | ၁၃၉၅၀ | ၉၅ | ၁၃၂၅၂ |

နှစ်စဉ်တောထွက် (AAC) = လုံးပတ်အတန်းအစား II + ၂ X လုံးပတ်အတန်းအစား (I) ÷ ၆၀

$$= \frac{၄၅၂၀+(၂\times ၁၃၂၅၂)}{၆၀}$$

$$= \frac{၄၅၂၀ + ၂၆၅၀၄}{၆၀}$$

$$= \frac{၃၁၀၂၄}{၆၀}$$

= ၅၁၇ ပင်

= ကျွန်းနှစ်စဉ်တောထွက် ၅၀၀ ပင်

သို့ဖြစ်ပါ၍ အထက်ပါနည်းအတိုင်း သစ်မာနှစ်စဉ်တောထွက် တွက်ချက်ရာ-

| စဉ် | ခုတ်ကွက်စဉ် | ကျွန်း | သစ်မာအုပ်စု | | | | | | မှတ်ချက် |
|---|---|---|---|---|---|---|---|---|---|
| | | | အုပ်စု (၁) | အုပ်စု (၂) | အုပ်စု (၃) | အုပ်စု (၄) | အုပ်စု (၅) | ပေါင်း | |
| (၁) | (၂) | (၃) | (၄) | (၅) | (၆) | (၇) | (၈) | (၉) | (၁၀) |
| ၁ | I | ၅၀၀ | ၅၀ | ၅၀၀ | ၈၈၀ | ၁၀ | ၅၂၀ | ၁၉၆၀ | |

ထိုနည်းအတိုင်း သစ်မာသစ်မျိုးများ၏ နှစ်စဉ်တောထွက်အား သစ်မျိုး တစ်မျိုးချင်းစီအလိုက် တွက်ချက်ရာ ထောက်ကြံ့ (၈၃၅)ပင် အများဆုံး ထွက်ရှိပါသည်။ အင် (၂၆၂)ပင်၊ ဇင်ပွန်း(၁၆၁)ပင်၊ ကညင် (၁၂၆)ပင်၊ သစ်မကျည်း(၇၈)ပင်၊ သစ်ဖြူ(၆၄)ပင်၊ တမလန်း(၅၃)ပင်၊ အောက်ချင်းစာ (၅၀)ပင်နှင့် စကပ်(၃၆)ပင် ရှိပါသည်။ ထို့အပြင် သစ်စေး၊ ရင်ခတ်ကြီး၊ ချဉ်ပြစ်၊ သခွတ်၊ သရက်ပြား၊ ကျွန်းဖို၊ ယူး သစ်မျိုးများ၏ နှစ်စဉ် တောထွက်မှာ (၂၅)ပင် ဖြစ်ပြီး၊ ယမနေ၊ သပြေ၊ တောသရက်၊ ဝက်လျှော်၊ တောင်မဲအုပ် သစ်မျိုးများ၏ နှစ်စဉ်တောထွက်မှာ (၁၁)ပင် ဖြစ်ပါသည်။

လက်ထောက်ညွှန်ကြားရေးမှူး ဦးဆောင်ပါဝင်သော မြန်မာ့သစ်လုပ်ငန်း ဝန်ထမ်းများပါဝင်သည့် အဖွဲ့ဖြင့် သစ်မထုတ်မီ (၁)နှစ် ကြိုတင်၍ ကွင်းဆင်း စစ်ဆေးခြင်း သယံဇာတစာရင်း ကောက်ယူခြင်းများ ဆောင် ရွက်ပြီး နှစ်စဉ်သစ်ထုတ်ရာတွင် နှစ်စဉ်တောထွက်အရ တွက်ချက် ရရှိသော အပင်အရေ အတွက်ထက် လျော့နည်းနေပါက ထုတ်လုပ်မှုရပ်နား၍ သစ်တော ပြုစုထိန်းသိမ်းခြင်းလုပ်ငန်းများ ဆောင်ရွက်ရန်နှင့် ဆက်လက် ထုတ်ယူနိုင်မည့် နှစ်ကာလ အပိုင်းအခြားအား သတ်မှတ်၍ ထုတ်လုပ်ခွင့်ပြု သွားမည်ဖြစ်ပါသည်။

### ၉.၁.၂.၁.၁.၆ သစ်မထုတ်မီ သစ်တောသယံဇာတစာရင်းကောက်ယူခြင်း

တမူးခရိုင်ရှိ ထုတ်လုပ်ရေးတိုက်နယ်အဖြစ် ဖွဲ့စည်းထားသော ကြိုးဝိုင်း တော၊ ကြိုးပြင်ကာကွယ်တောနှင့် ကြိုးပြင်တောများမှ သစ်ထုတ် လုပ်ရမည့်အကွက်များတွင် သစ်မထုတ်မီ တစ်နှစ်ကြိုတင်၍ စာရင်း ကောက်ယူသွား မည်ဖြစ်ပါသည်။

ထိုသို့စာရင်း ကောက်ယူခြင်း၏ ရည်ရွယ်ချက်များမှာ -

(၁)သစ်မထုတ်မီ တောအခြေအနေကိုသိရှိရန်၊

(၂)နှစ်စဉ်တောထွက်ကို စနစ်တကျအမှန်အကန်ဆုံး ခန့်မှန်းနိုင်ရန်၊

(၃)သင့်လျော်သော ခုတ်လှဲခြင်းနည်း စနစ်ကို သတ်မှတ်နိုင်ရန်ဖြစ်ပါ သည်။

သစ်မထုတ်မီ သစ်တောသယံဇာတ စာရင်းကောက်ယူခြင်း စနစ်ကို လည်း ညွှန်ကြားချက်အတိုင်း တွက်ချက်တိုင်းတာ၍ ဆောင်ရွက်သွား မည်ဖြစ် ပါသည်။ သစ်မထုတ်မီ သယံဇာတစာရင်း ကောက်ခြင်း သစ်ထုတ်မည့်

အဖွဲ့အစည်းနှင့် သစ်တောဦးစီးဌာနတို့ လုပ်ငန်းများ ဆောင်ရွက်ရာတွင် အဆင်ပြေ ချောမွေ့ ညီညွတ်စေပြီး ဂေဟဗေဒ မျှတမှု နှင့်သဘာဝဝန်းကျင် အရည်အသွေးတိုးတက် ဖြစ်ပေါ်စေနိုင်မည် ဖြစ်ပါ သည်။

**၉.၁.၂.၁.၁.၇ သစ်ထုတ်ပြီး သစ်တောသယံဇာတစာရင်းကောက်ယူခြင်း**

သစ်ထုတ်ပြီး ကျန်ရှိသည့် တော၏ အခြေအနေကိုသိရှိရန် သစ်ထုတ်ပြီး သစ်တောသယံဇာတ စာရင်းကောက်ယူခြင်းလုပ်ငန်းကို သစ်ထုတ်ပြီး သည့် နှစ်စဉ်ခုတ်ကွက်များတွင် အနည်းဆုံး ၁ နှစ်မှ ၃ နှစ်အတွင်း ဆောင်ရွက် လုပ်ကိုင်သွားမည် ဖြစ်ပါသည်။

**ရည်ရွယ်ချက်များ**

၁။ သစ်ထုတ်ပြီး တော၏အခြေအနေကိုသိရှိရန်၊

၂။ တောပျက်စီးမှုနှင့်ဓမ္မတာ မျိုးဆက်မှု အခြေအနေများကို သိရှိပြီး သင့်လျော် သော သစ်တောစိုက်ပျိုး ပြုစုခြင်းစနစ်ကို ရွေးချယ်နိုင်ရန်၊

၃။ ဓမ္မတာနည်းများအရ မျိုးဆက်ရန် လိုအပ်ပါက ဓမ္မတာမျိုး ဆက်ခြင်း လုပ်ငန်းများကိုသစ်ထုတ်ပြီး နှစ်စဉ်ခုတ်ကွက်များတွင် ပြန်လည် ဆောင်ရွက် သွားရန်၊

၄။ ဓမ္မတာမျိုးဆက်ခြင်း မရှိ(သို့) မလုံလောက်သည့် နေရာများတွင် ပဝတ္တိ မျိုးဆက်ခြင်း လုပ်ငန်းများကို ဆောင်ရွက်သွားရန်၊ အသုံး ပြုမည့် နမူနာ ကောက်ယူမည့်နည်း စနစ်မှာ အကွာညီ လိုင်းအကွက် များချမှတ်သည့် စနစ် ဖြစ်ပြီး နမူနာကွက်ကြီး တစ်ကွက်တွင် နမူနာ ကွက်ပေါင်း (၉)ကွက် ချမှတ်စာရင်း ကောက်ယူမည် ဖြစ်ပါသည်။ နမူနာကွက်ငယ် တစ်ခုသည် (၅)မီတာအချင်းဝက်ရှိ စက်ဝိုင်းပုံ ဖော်ဆောင်၍ (၁.၉၄၀၇)ဧက ရှိပါသည်။ နမူနာကွက်ငယ်တစ်ခုနှင့် တစ်ခု အကွာအဝေးမှာ (၁၀၀၀)မီတာ ဖြစ်ပါ သည်။

**၉.၁.၂.၁.၁.၈ အုပ်ချုပ်လုပ်ကိုင်မှုဆိုင်ရာ ပြဋ္ဌာန်းချက်များ (စီမံအုပ်ချုပ်မည့် နည်းလမ်းများ)**

တမူးခရိုင်အတွင်း ထုတ်လုပ်ရေး အလုပ်တိုက်နယ် ၁ ခု၊ ခုတ်စဉ် ၁ ခု ဖွဲ့စည်းပြီး ခုတ်စဉ်များတွင်လည်း ကြိုးဝိုင်းတော ၂ ခု၊ ကြိုးပြင်ကာ ကွယ်တော ၂ ခုနှင့် ကြိုးပြင်တောများ ပါဝင်ပါသည်။

ထုတ်လုပ်ရေးအလုပ်တိုက်နယ်အတွင်း အောက်ဖော်ပြပါ သစ်တော လုပ်ငန်းများ ဆောင်ရွက်ရာတွင် ဌာနဆိုင်ရာ ညွှန်ကြားချက်များအား လိုက်နာဆောင်ရွက် သွားမည်ဖြစ်ပါသည်။

(က) ကျွန်းသင်းသတ်ခြင်းလုပ်ငန်းများ ဆောင်ရွက်ရာတွင် ဌာနဆိုင်ရာ ညွှန်ကြားချက်အပိုဒ် ၈၉ မှ ၉၁ အထိလည်းကောင်း၊ ၁၄၀ မှ ၁၆၀ ထိ လည်းကောင်း လိုက်နာဆောင်ရွက်သွားမည် ဖြစ်ပါသည်။ ကျွန်း သင်းသတ်ခြင်း မှတ်တမ်းများကို နောက်ဆက်တွဲ(ဇ)အရ ဆောင်ရွက်မည် ဖြစ်ပါသည်။

(ခ) သစ်မာပင်ထောင် ရိုက်မှတ်ခြင်း မှတ်တမ်းကို နောက်ဆက်တွဲ (ဈ-၁) အရလည်းကောင်း၊ သစ်မာထုတ်လုပ်ခြင်းများကို နောက်ဆက်တွဲ (ဈ-၂) အရလည်းကောင်း ဆောင်ရွက်မည် ဖြစ်ပါ သည်။

(ဂ) အုပ်မိုးကာဆိုင်း ခုတ်လှဲခြင်းနှင့် နွယ်ဖြတ် ညှောင်ပတ်လှဲခြင်း လုပ်ငန်းများ ဆောင်ရွက်ရာတွင် ဌာနဆိုင်ရာ ညွှန်ကြားချက်အပိုဒ် ၁၀၆ မှ ၁၁၅ အထိ လိုက်နာဆောင်ရွက်မည် ဖြစ်ပါသည်။

(ဃ) ကြိုးဝိုင်း/ အကွက်နယ်နိမိတ် ပြင်ဆင်ခြင်း လုပ်ငန်းများကို ဌာန ဆိုင်ရာ ညွှန်ကြားချက်အပိုဒ် ၄၂ မှ ၆၁ အထိ လိုက်နာ ဆောင်ရွက် မည်ဖြစ်ပါသည်။

(င) သစ်ထုတ်လုပ်ငန်း ဆောင်ရွက်ရာနှင့် ဆောင်ရွက်ပြီးနောက် ကျွန်း နှင့် သစ်မာများ ခုတ်လှဲခြင်းနှင့် ဖြတ်ပိုင်းပေးခြင်း လုပ်ငန်းများ စစ်ဆေးရန် အတွက် ဌာနဆိုင်ရာ ညွှန်ကြားချက်အပိုဒ် ၂၁၅ မှ ၂၁၈ ထိ နောက်ဆက်တွဲ (XXXII) အရ လိုက်နာဆောင်ရွက်မည် ဖြစ်ပါသည်။

(စ) ဓမ္မတာမျိုးဆက်ခြင်း လုပ်ငန်းများ ဆောင်ရွက်ရာတွင် ကျွန်းနှင့် အခြား အဖိုးတန်သစ်မျိုးများ ဓမ္မတာနည်းဖြင့် မျိုးဆက်သည့် ဧရိယာ များကို ခုတ်လှဲမျိုးဆက်ခြင်း စီမံချက်ပါအတိုင်း လိုက်နာဆောင်ရွက် မည် ဖြစ်ပါ သည်။

(ဆ) စီမံကိန်း (၁၀)နှစ်တာ ကာလအတွင်း သစ်ထုတ်လုပ်ခြင်း လုပ်ငန်း များဆောင်ရွက်ရာတွင် သစ်ထုတ်ခွင့်ပြုသည့် အချိန်ကာလ၊ ၄တ်ထုတ် စီမံချက်များ သဘာဝပတ်ဝန်းကျင် ပျက်စီးထိခိုက်မှု အနည်းဆုံး ဖြစ်စေမည့် နည်းလမ်းများကို ရေးဆွဲအကောင်အထည် ဖော်ရန် ဖြစ်ပါသည်။

## ၄.၂ ထုတ်လုပ်ရေးသစ်တောစိုက်ခင်းများ

### ၄.၂.၁ အုပ်ချုပ်လုပ်ကိုင်မှုရည်ရွယ်ချက်များ

(၁) စက်မှုလုပ်ငန်းနှင့် ပြည်တွင်းလိုအပ်ချက်များကို ဖြည့်ဆည်းရန်နှင့် ဂေဟာစနစ်များ မျှတမှုကို ပြန်လည်ရရှိစေရန်အတွက် တောပျက်များနှင့် ယာမြေများတွင် ဒေသနှင့် ကိုက်ညီသည့် ဘက်စုံအဖိုးတန် သစ်မျိုးများ စိုက်ပျိုးရန်။

(၂) ၁၉၉၅ ခုနှစ်တွင် ထုတ်ပြန်သော မြန်မာ့သစ်တောမူဝါဒ သဘောထား ကြေငြာချက် အပိုဒ် ၃-၃ တွင်ဖော်ပြချက်အရ စိုက်ခင်းသစ်တောများသည် သဘာဝ သစ်တောများကို အစားထိုးနိုင်ခြေ မရှိကြောင်းကို အသိအမှတ်ပြု စိုက်ခင်းနှင့်သဘာဝ သစ်တောများကို ညီညွတ်မျှတစွာ ပေါင်းစပ်သည့်နည်းဖြင့် နိုင်ငံတော်၏ သစ်တောသယံဇာတများကို အကျိုးအရှိဆုံး အသုံးချသွားနိုင်ရေးအတွက် ထုတ်လုပ်ရေး သစ်တောစိုက်ခင်းများ တည်ထောင်သွားရန်။

(၃) သဘာဝသစ်တောများကို လိုက်နာထိန်းသိမ်း ကာကွယ်တန်ဖိုးမြှင့် တင်ပို့ ရောင်းချ လျှက် တစ်ဘက်မှလည်း သဘာဝသစ်တောများကို ထိရောက်စွာ ထိန်းသိမ်း ကာကွယ်နိုင်ရေးအတွက် အထောက်အကူဖြစ်စေရန် အတွက် ထုတ်လုပ်ရေး သစ်တောစိုက်ခင်းများကို သင့်တော်သည့် စိုက်ပျိုးပြုစုရေး နည်းစနစ်များ အသုံးပြု အတိုင်းအတာစနစ် တစ်ခုအထိ စိုက်ပျိုးတည်ထောင်ရန်။

### ၄.၂.၂ အုပ်ချုပ်လုပ်ကိုင်မှုနည်းလမ်းများ

တမူးခရိုင်အတွင်း တည်ထောင်ပြီးသော စီးပွားရေးစိုက်ခင်းများ အလုပ်တိုက်နယ် တွင် စိုက်ကွက်စဉ်(I)ကျွန်းနှင့် စိုက်ကွက်စဉ်(II) ပျဉ်းကတိုး ပေါင်း (၂၄၂၅)ဧက နှင့် စီမံကိန်း (၁၀)နှစ်တာကာလအတွင်း နှစ်စဉ် (၅၀) ဧက နှုန်းတည်ထောင်မည့် ပျဉ်းကတိုး(၅၀၀)ဧက၊ ပုဂ္ဂလိက စိုက်ခင်းများ အလုပ်တိုက်နယ်တွင် စိုက်ကွက်စဉ် (I) သစ်မာမျိုးစုံ (၁၃၄) ဧကနှင့် နောင်စီမံကိန်းကာလ (၁၀) နှစ်စာ နှစ်စဉ် (၅၄၆) ဧကနှုန်းဖြင့် (၅၄၆၄) ဧက၊ စုစုပေါင်း (၈၅၂၃)ဧကအား စိုက်ခင်းများ အလုပ်တိုက်နယ် (၂) ခုဖြင့် ဖွဲ့စည်းလျက် စနစ်တကျ ထိန်းသိမ်းအုပ်ချုပ် လုပ်ကိုင်သွားမည် ဖြစ်ပါသည်။

စီမံကိန်း (၁၀) နှစ်တာ ကာလအတွင်း တည်ထောင်မည့် စိုက်ခင်းများအား တော ပျက်များ၊ ဓမ္မတာမျိုးဆက်ခြင်း မလုံလောက်သည့်တောများတွင် တည်ထောင် သွားမည်ဖြစ်ပါသည်။ စိုက်ခင်းမြေနေရာရွေးချယ်ရာတွင်လည်း ပျဉ်းကတိုးများ ပေါက်ရောက်နိုင်သည့် တောပျက်များတွင် ရွေးချယ်တည်ထောင်သွားမည် ဖြစ်ပါ သည်။

## ၉.၂.၂.၁ စိုက်ခင်းများအလုပ်တိုက်နယ်

တမူးခရိုင်တွင် စီးပွားရေးစိုက်ခင်းများ အလုပ်တိုက်နယ် ၁ ခု၊ ပုဂ္ဂလိက စိုက်ခင်းများ အလုပ်တိုက်နယ် ၁ ခုတို့ဖြင့် ဖွဲ့စည်းဆောင်ရွက်သွားမည် ဖြစ်ပါသည်။ ဧရိယာဧက (၈၅၂၃)ဧက ဖြစ်ပါသည်။

### ၉.၂.၂.၁.၁ အလုပ်တိုက်နယ်နှင့် စိုက်ကွက်စဉ်ဖွဲ့စည်းမှု

စီးပွားရေးစိုက်ခင်းများ အလုပ်တိုက်နယ် (၂၉၂၅)ဧကတွင် စိုက်ကွက်စဉ် I (ကျွန်း)နှစ်စဉ်စိုက်ကွက်ပေါင်း (၁၄)ကွက် (၁၈၁၀)ဧက စိုက်ပျိုးထားရှိပြီး စိုက်ကွက်စဉ် I I (ပျဉ်းကတိုး)နှစ်စဉ်စိုက်ကွက်ပေါင်း(၁၀)ကွက် (၆၁၅)ဧကနှင့် (၂၀၁၆-၁၇)မှ (၂၀၂၅-၂၆)ခုနှစ်အတွင်း နှစ်စဉ်(၅၀)ဧကစီဖြင့် (၅၀၀)ဧက တည်ထောင်သွားမည်ဖြစ်ပါသည်။

ပုဂ္ဂလိကစိုက်ခင်းများ အလုပ် တိုက်နယ်တွင် စိုက်ကွက်စဉ် I (သစ်မာမျိုးစုံ) ပါရှိပြီး နှစ်စဉ်စိုက်ကွက် (၆) ကွက် (၁၃၄)ဧက စိုက်ပျိုးပြီးဖြစ်ပါသည်။ (၂၀၁၅-၁၆) မှ (၂၀၂၅၂၆) ခုနှစ် အထိ ပုဂ္ဂလိကစိုက်ခင်းများ အလုပ်တိုက်နယ် စိုက်ကွက်စဉ် I (သစ်မာမျိုးစုံ) (၅၄၆၄) ဧကအား တည်ထောင်သွား မည်ဖြစ်ပါသည်။ သို့ဖြစ်ပါ၍ စိုက်ခင်းများ အလုပ်တိုက်နယ် (၂)ခု ပေါင်းသည် (၂၀၂၅-၂၆) ခုနှစ် အတွင်း (၈၅၂၃)ဧက ဖြစ်ပါမည်။

**တမူးခရိုင် စီးပွားရေးစိုက်ခင်းများ အလုပ်တိုက်နယ်စိုက်ကွက်စဉ် I (ကျွန်း)**

| နှစ် စဉ် စိုက်ကွက် | မြို့ နယ် | စိုက်ခင်းတည်နေရာ | ဧရိယာ (ဧက) | ပန္နက် အကွာအဝေး | တည်ထောင် သည့်ခုနှစ် | မှတ် ချက် |
|---|---|---|---|---|---|---|
| (၁) | (၂) | (၃) | (၄) | (၅) | (၆) | (၇) |
| ၁ | တမူး | ကဘော်ကြိုးဝိုင်း | ၁၀ | ၈ဒ္ဓ'x၈ဒ္ဓ' | ၁၉၉၂-၉၃ | |
| | | **နှစ်စဉ်စိုက်ကွက်(၁)ပေါင်း** | **၁၀** | | | |
| ၂ | တမူး | ကဘော်ကြိုးဝိုင်း | ၁၀ | ၈ဒ္ဓ'x၈ဒ္ဓ' | ၁၉၉၃-၉၄ | |
| | | **နှစ်စဉ်စိုက်ကွက်(၂)ပေါင်း** | **၁၀** | | | |
| ၃ | တမူး | ကဘော်ကြိုးဝိုင်း | ၁၀ | ၈ဒ္ဓ'x၈ဒ္ဓ' | ၁၉၉၄-၉၅ | |
| | | **နှစ်စဉ်စိုက်ကွက်(၃)ပေါင်း** | **၁၀** | | | |
| ၄ | တမူး | ကဘော်ကြိုးဝိုင်း | ၁၆၅ | ၈ဒ္ဓ'x၈ဒ္ဓ' | ၁၉၉၅-၉၆ | |
| | | **နှစ်စဉ်စိုက်ကွက်(၄)ပေါင်း** | **၁၆၅** | | | |
| ၅ | တမူး | ကြိုးပြင် | ၁၀ | ၈ဒ္ဓ'x၈ဒ္ဓ' | ၁၉၉၆-၉၇ | |
| | | **နှစ်စဉ်စိုက်ကွက်(၅)ပေါင်း** | **၁၀** | | | |
| ၆ | တမူး | ကဘော်ကြိုးဝိုင်း | ၅၀ | ၈ဒ္ဓ'x၈ဒ္ဓ' | ၁၉၉၇-၉၈ | |
| | | **နှစ်စဉ်စိုက်ကွက်(၆)ပေါင်း** | **၅၀** | | | |
| ၇ | တမူး | ကဘော်ကြိုးဝိုင်း | ၁၅၀ | ၈ဒ္ဓ'x၈ဒ္ဓ' | ၁၉၉၈-၉၉ | |
| | | **နှစ်စဉ်စိုက်ကွက်(၇)ပေါင်း** | **၁၅၀** | | | |
| ၈ | တမူး | ကဘော်ကြိုးဝိုင်း | ၂၀၀ | ၈ဒ္ဓ'x၈ဒ္ဓ' | ၁၉၉၉-၀၀ | |
| | | **နှစ်စဉ်စိုက်ကွက်(၈)ပေါင်း** | **၂၀၀** | | | |
| ၉ | တမူး | ကဘော်ကြိုးဝိုင်း | ၂၀၀ | ၈ဒ္ဓ'x၈ဒ္ဓ' | ၂၀၀၀-၀၁ | |
| | | **နှစ်စဉ်စိုက်ကွက်(၉)ပေါင်း** | **၂၀၀** | | | |
| ၁၀ | တမူး | ကဘော်ကြိုးဝိုင်း | ၂၄၅ | ၈ဒ္ဓ'x၈ဒ္ဓ' | ၂၀၀၁-၀၂ | |
| | | **နှစ်စဉ်စိုက်ကွက်(၁၀)ပေါင်း** | **၂၄၅** | | | |
| ၁၁ | တမူး | ကဘော်ကြိုးဝိုင်း | ၂၅၀ | ၈ဒ္ဓ'x၈ဒ္ဓ' | ၂၀၀၂-၀၃ | |
| | | **နှစ်စဉ်စိုက်ကွက်(၁၁)ပေါင်း** | **၂၅၀** | | | |
| ၁၂ | တမူး | ကဘော်ကြိုးဝိုင်း | ၂၅၀ | ၈ဒ္ဓ'x၈ဒ္ဓ' | ၂၀၀၃-၀၄ | |
| | | **နှစ်စဉ်စိုက်ကွက်(၁၂)ပေါင်း** | **၂၅၀** | | | |
| ၁၃ | တမူး | ကဘော်ကြိုးဝိုင်း | ၂၅၀ | ၈ဒ္ဓ'x၈ဒ္ဓ' | ၂၀၀၄-၀၅ | |
| | | **နှစ်စဉ်စိုက်ကွက်(၁၃)ပေါင်း** | **၂၅၀** | | | |
| ၁၄ | တမူး | ကြိုးပြင်တော | ၁၀ | ၈ဒ္ဓ'x၈ဒ္ဓ' | ၂၀၁၀-၁၁ | |
| | | **နှစ်စဉ်စိုက်ကွက်(၁၄)ပေါင်း** | **၁၀** | | | |
| | | **စိုက်ကွက်စဉ် I ပေါင်း** | **၁၈၁၀** | | | |

ဇစ်မြစ် - ခရိုင်သစ်တောဦးစီးဌာန၊ တမူးမြို့

**တမူးခရိုင် စီးပွားရေးစိုက်ခင်းများ အလုပ်တိုက်နယ်စိုက်ကွက်စဉ် II (ပျဉ်းကတိုး)**

| နှစ်စဉ် စိုက်ကွက် | မြို့နယ် | စိုက်ခင်းတည်နေရာ | ဧရိယာ (ဧက) | ပန္နက် အကွာအဝေး | တည်ထောင် သည့်ခုနှစ် | မှတ် ချက် |
|---|---|---|---|---|---|---|
| (၁) | (၂) | (၃) | (၄) | (၅) | (၆) | (၇) |
| ၁ | တမူး | ကဘော်ကြိုးဝိုင်း | ၁၈၅ | ၈'x၈' | ၁၉၉၅-၉၆ | |
| | | **နှစ်စဉ်စိုက်ကွက်(၁)ပေါင်း** | **၁၈၅** | | | |
| ၂ | တမူး | ကဘော်ကြိုးဝိုင်း | ၁၂၀ | ၈'x၈' | ၂၀၀၅-၀၆ | |
| | | **နှစ်စဉ်စိုက်ကွက်(၂)ပေါင်း** | **၁၂၀** | | | |
| ၃ | တမူး | ကဘော်ကြိုးဝိုင်း | ၁၀ | ၈'x၈' | ၂၀၀၆-၀၇ | |
| | | **နှစ်စဉ်စိုက်ကွက်(၃)ပေါင်း** | **၁၀** | | | |
| ၄ | တမူး | ကဘော်ကြိုးဝိုင်း | ၁၀ | ၈'x၈' | ၂၀၀၇-၀၈ | |
| | | **နှစ်စဉ်စိုက်ကွက်(၄)ပေါင်း** | **၁၀** | | | |
| ၅ | တမူး | ကြိုးပြင် | ၅၀ | ၈'x၈' | ၂၀၀၈-၀၉ | |
| | | **နှစ်စဉ်စိုက်ကွက်(၅)ပေါင်း** | **၅၀** | | | |
| ၆ | တမူး | ကဘော်ကြိုးဝိုင်း | ၅၀ | ၈'x၈' | ၂၀၀၉-၁၀ | |
| | | **နှစ်စဉ်စိုက်ကွက်(၆)ပေါင်း** | **၅၀** | | | |
| ၇ | တမူး | ကဘော်ကြိုးဝိုင်း | ၄၀ | ၈'x၈' | ၂၀၁၀-၁၁ | |
| | | **နှစ်စဉ်စိုက်ကွက်(၇)ပေါင်း** | **၄၀** | | | |
| ၈ | တမူး | ကဘော်ကြိုးဝိုင်း | ၅၀ | ၈'x၈' | ၂၀၁၁-၁၂ | |
| | | **နှစ်စဉ်စိုက်ကွက်(၈)ပေါင်း** | **၅၀** | | | |
| ၉ | တမူး | ကဘော်ကြိုးဝိုင်း | ၅၀ | ၈'x၈' | ၂၀၁၂-၁၃ | |
| | | **နှစ်စဉ်စိုက်ကွက်(၉)ပေါင်း** | **၅၀** | | | |
| ၁၀ | တမူး | ကဘော်ကြိုးဝိုင်း | ၅၀ | ၈'x၈' | ၂၀၁၃-၁၄ | |
| | | **နှစ်စဉ်စိုက်ကွက်(၁၀)ပေါင်း** | **၅၀** | | | |
| | | **စိုက်ကွက်စဉ် II ပေါင်း** | **၆၁၅** | | | |

ဇစ်မြစ် - ခရိုင်သစ်တောဦးစီးဌာန၊ တမူးမြို့

**တမူးခရိုင်ပုဂ္ဂလိက စီးပွားရေးစိုက်ခင်းများ အလုပ်တိုက်နယ်စိုက်ကွက်စဉ် I (သစ်မာမျိုးစုံ)**

| နှစ်စဉ် စိုက်ကွက် | မြို့နယ် | စိုက်ခင်းတည်နေရာ | ဧရိယာ (ဧက) | ပန္နက် အကွာ အဝေး | တည်ထောင် သည့်ခုနှစ် | မှတ် ချက် |
|---|---|---|---|---|---|---|
| (၁) | (၂) | (၃) | (၄) | (၅) | (၆) | (၇) |
| ၁ | တမူး | ကဘော်ကြိုးဝိုင်း | ၄၅ | ၁၅' x ၁၅' | ၂၀၀၇-၀၈ | ချောင်းနက်ကြီးရွာအနီး |
| | | **နှစ်စဉ်စိုက်ကွက်(၁)ပေါင်း** | **၄၅** | | | |
| ၂ | တမူး | ကဘော်ကြိုးဝိုင်း | ၉ | ၁၅' x ၁၅' | ၂၀၀၈-၀၉ | ချောင်းနကကြီးရွာအနီး |
| | | **နှစ်စဉ်စိုက်ကွက်(၂)ပေါင်း** | **၉** | | | |
| ၃ | တမူး | ကဘော်ကြိုးဝိုင်း | ၁၀ | ၁၅' x ၁၅' | ၂၀၀၉-၁၀ | ကွန်းတောင်းရွာအနီး |
| | | **နှစ်စဉ်စိုက်ကွက်(၃)ပေါင်း** | **၁၀** | | | |
| ၄ | တမူး | ကဘော်ကြိုးဝိုင်း | ၅၀ | ၁၅' x ၁၅' | ၂၀၁၀-၁၁ | ချောင်းနက်ကြီးရွာအနီး |
| | | **နှစ်စဉ်စိုက်ကွက်(၄)ပေါင်း** | **၅၀** | | | |
| ၅ | တမူး | ကဘော်ကြိုးဝိုင်း | ၁၀ | ၁၅' x ၁၅' | ၂၀၁၂-၁၃ | ကွန်းတောင်းရွာအနီး |
| | | **နှစ်စဉ်စိုက်ကွက်(၅)ပေါင်း** | **၁၀** | | | |
| ၆ | တမူး | ကဘော်ကြိုးဝိုင်း | ၁၀ | ၁၅' x ၁၅' | ၂၀၁၃-၁၄ | ကွန်းတောင်းရွာအနီး |
| | | **နှစ်စဉ်စိုက်ကွက်(၆)ပေါင်း** | **၁၀** | | | |
| | | **စိုက်ကွက်စဉ် I ပေါင်း** | **၁၃၄** | | | |

ဇစ်မြစ် - ခရိုင်သစ်တောဦးစီးဌာန၊ တမူးမြို့

### ၉.၂.၂.၁.၁.၁ နေရာဒေသရွေးချယ်ခြင်း

တမူးခရိုင်တွင် စိုက်ခင်းများကို ကဘော်ကြိုးဝိုင်းအတွင်း အကြောင်း အမျိုးမျိုးကြောင့် ကျူးကျော်ခြင်းခံရသည့် သစ်တောမြေများ၊ တောပျက်များ၊ ပလပ်မြေများနှင့် ဝါးပေါက်ရောက်မှု ကောင်းမွန်သည့် ဒေသများကို ရွေးချယ်၍ တည်ထောင်သွားမည် ဖြစ်ပါသည်။

### ၉.၂.၂.၁.၁.၂ ဒေသနှင့် သစ်မျိုးလိုက်ဖက်မှု

ဒေသနှင့်ကိုက်ညီသည့် လိုက်ဖက်သည့် သစ်မျိုးများကို ရွေးချယ်ရာတွင် အောက်ပါ အချက်အလက်များ ထည့်သွင်းစဉ်းစား သွားမည် ဖြစ်ပါသည် -

(၁)နှစ်စဉ်ရွာသွန်းသော မိုးရေချိန်စုစုပေါင်း
(၂)မိုးရွာခြင်းပျံ့နှံ့မှု
(၃)ရေလက်ကျန်
(၄)အပူချိန်
(၅)မြေသားထု
(၆)မြေသားတည်ဆောက်မှု
(၇)မြေဓါတ်တုံ့ပြန်သတ္တိ
(၈)အပင်များ၏ နိုက်တြိုဂျင်ချုပ်သတ္တိ
(၉)အပင်များ၏ မီးနှင့်ရေလွှမ်းမိုးခြင်း ဒဏ်ခံနိုင်မှုတို့ဖြစ်ပါသည်။

အထက်ပါ အချက်အလက်များအရ တမူးခရိုင်တွင် ဒေသနှင့် လိုက်ဖက်သောသစ်မျိုးမှာ ပျဉ်းကတိုး ဖြစ်ပါသည်။

### ၉.၂.၂.၁.၁.၃ သစ်တောစိုက်ပျိုးခြင်းစနစ်

အလှော်ကြိုးဝိုင်းတွင် အောင်လုံကောင်းမွန် သန့်စွမ်းသည့် မျိုးပင်များ ရှာဖွေ သတ်မှတ်၍ ၎င်းမျိုးပင်များမှ သစ်စေ့များစုဆောင်းရန် စီစဉ်သွားမည် ဖြစ်ပါသည်။ စီမံကိန်း(၁၀)နှစ်တာကာလအတွင်း တည်ထောင်မည့် နတလ ပျဉ်းကတိုးစိုက်ခင်းများကို ကဘော်ကြိုးဝိုင်း တွင် နေရာရွေးချယ် သတ်မှတ် တည်ထောင်၍ ၎င်းကြိုးဝိုင်းနှင့် အနီးအနားရှိ အချက်အချာကျသည့် တမူးမြို့နယ် မင်းသာကျေးရွာရှိ ပျိုးဥယျာဉ်တွင် ပျိုးထောင်ပြီး ၎င်းစိုက်ခင်းသို့ သယ်ယူရွှေ့ပြောင်း စိုက်ပျိုးသွားမည် ဖြစ်ပါသည်။

တမူးခရိုင်တွင် စိုက်ပျိုးတည်ထောင်ရာတွင် လုပ်ငန်းဆောင်ရွက်ပုံ အဆင့်ဆင့်ကို တဘက်ပါအတိုင်း ဖော်ပြပါသည်။

**၉.၂.၂.၁.၁.၄ သက်ပက်**

တမူးခရိုင်ရှိ စိုက်ခင်းများသည် စီးပွားရေးစိုက်ခင်းများ အလုပ်တိုက်နယ်တွင် ပါဝင်သဖြင့် စီးပွားရေးအရ အရွယ်ရောက်လျှင် ထုတ်လုပ်ရောင်းချသွားမည့် ရည်ရွယ်ချက် ဖြစ်ခြင်းကြောင့် လည်းကောင်း၊ စိုက်ပျိုးမည့် သစ်မျိုးသည် ပျဉ်းကတိုးသစ်မျိုး ဖြစ်ခြင်းကြောင့် လည်းကောင်း၊ တမူးခရိုင်တွင် တည်ထောင် ထားသည့် စိုက်ခင်းများရှိ မြေ၏ ဒေသအတန်းအစား (Site Quality) သည် အဆင့် ၄ တွင် သာ ရှိခြင်း ကြောင့်လည်းကောင်း၊ ဈေးကွက် အနေဖြင့် အလှမ်းဝေးပြီး သင့်ရုံသာ ရှိသဖြင့် သက်ပတ်အား အနှစ်(၆၀) ထားမည် ဖြစ်ပါသည်။

**၉.၂.၂.၁.၁.၅ အုပ်ချုပ်လုပ်ကိုင်မှု ပြဌာန်းချက်များ(စီမံအုပ်ချုပ်မည့်နည်းလမ်းများ)**

**၉.၂.၂.၁.၁.၅.၁ စိုက်ခင်းမတည်ထောင်မီလုပ်ငန်းများ**

စိုက်ခင်းများကို မတည်ထောင်မီ အကြိုလုပ်ကိုင်ရမည့် လုပ်ငန်းများနှင့် ပတ်သက်၍ အောက်ဖော်ပြပါ ပြဌာန်းချက်များအတိုင်း တိကျစွာ လိုက်နာဆောင်ရွက်မည် ဖြစ်ပါသည်။

(၁)စိုက်ခင်းတည်ထောင်ရန်အတွက် သဘာဝတောကောင်းများကို ခုတ်တွင် ရှင်းလင်းခြင်းမပြုဘဲ ပျက်စီးယိုယွင်းလျှက်ရှိသော သဘာဝတောများ (Degraded Forests) တွင်သာ သစ်တော စိုက်ခင်းများ တည်ထောင်ရန်၊

(၂)ဒေသအဆင့်၊ အမျိုးသားအဆင့်နှင့် နိုင်ငံတကာအဆင့် ထူးခြားခြားနား သည့်မြေမျက်နှာသွင်ပြင် ယဉ်ကျေးမှုအမွေအနှစ်များဖြစ်တည်လျှက် ရှိသော ဒေသများတွင် သစ်တောစိုက်ခင်းများတည်ထောင်ခြင်းမပြုရန်၊

(၃)သစ်တောစိုက်ခင်းများ တည်ထောင်ရာတွင် ကြိုးပြင်ကာကွယ်တောကြိုးဝိုင်းများတွင် တည်ထောင်သွားမည် ဖြစ်ပါသည်။ ကြိုးပြင် တောတွင် တည်ထောင်ပါက ကြိုးပြင်ကာကွယ်တော အဖြစ် အမြန်ဆုံး တည်ထောင် ဖွဲ့စည်းသွားမည်ဖြစ်ပါသည်။

(၄)စီမံကိန်း(၁၀)နှစ်တာ ကာလအတွင်း စိုက်ခင်းများ တည်ထောင်ရန်ရည်ရွယ်သည့် ဧရိယာများကိုစစ်ဆေးပြီး ပါဝင်ပင်မြေပုံရေးဆွဲပြီး ခုတ်လှဲမျိုးဆက်ခြင်း၊ စီမံကိန်းကို ဌာနဆိုင်ရာညွှန်ကြားချက်အပိုဒ် ၆၅၊ ၁၁၃၊ ၁၁၅ နောက်ဆက်တွဲ ၂၂ တွင် ဖော်ပြထားသည့်အတိုင်း လိုက်နာဆောင်ရွက်ရန်၊

(၅)ကျွန်းနှင့်သစ်မာ ပင်ထောင်ရိုက်မှတ်ခြင်းနှင့် ထုတ်လုပ်ခြင်းလုပ်ငန်းများကို ခုတ်လှဲမျိုးဆက်ခြင်း စီမံချက်ထည့်သွင်းရေးဆွဲရန် နှင့် စိုက်ခင်း မတည်ထောင်မီ ၃ နှစ် အတွင်း ထုတ်လုပ်ခွင့် ပြုရန်နှင့် ပင်ထောင် တံဆိပ်ရိုက် မှတ်ရာ၌ ဌာနဆိုင်ရာ ညွှန်ကြားချက်အပိုဒ် ၁၆ အရ ဆောင်ရွက်ရန်၊

(၆)မျိုးဆက်ခြင်းသစ်တောစိုက်ခင်းများ ရွေးချယ်ရာတွင် မိမိဒေသနှင့် သင့်လျော်သည့် သစ်မျိုးရွေးချယ်ခြင်း၊ စိုက်ခင်းတည်ထောင်ရန် သင့်လျော်သည့်နေရာရွေးချယ်ခြင်း၊ သင့်လျော်သော စိုက်ပျိုးပြုစုခြင်း နည်းစနစ် ရွေးချယ်စေသည့် မျိုးဆက်ခြင်းလုပ်ငန်းနှင့် သက်ဆိုင်သည့် လုပ်ငန်းအား ဌာနဆိုင်ရာ ညွှန်ကြားချက်အတိုင်း လိုက်နာဆောင်ရွက် ရန်တို့ဖြစ်ပါသည်။ အထက်ဖော်ပြပါ ပြဋ္ဌာန်းချက်များကို တမူး သစ်တောခရိုင်တွင် ဆောင်ရွက်ပါသည်။

(က) တမူးခရိုင်တွင် သစ်တောစိုက်ခင်းများ တည်ထောင်ရန် သင့်လျော်သည့် ကြိုးဝိုင်း/ပြင်ကာကွယ်တော၊ ကြိုးပြင်တောများတွင် ကွင်းဆင်းစစ်ဆေးရာ စိုက်ခင်းတည် ထောင်ရန် သင့်လျော်သည့် ဧရိယာများကို ဇယား(၉-၂-၂-၁-၁-၅-၁)က တွင် ဖော်ပြထားပါသည်။

ဇယား(၉-၂-၂-၁-၁-၅-၁)က

| မြို့နယ် | ကြိုးဝိုင်း/ ကြိုးပြင် | အကွက်/ ခုတ်ကွက် | စိုက်ခင်း တည်ထောင်ရန် သင့်လျော်သည့် ဧရိယာ | စိုက်ခင်း တည်ထောင်ပြီး ဧရိယာ | ပေါင်း |
|---|---|---|---|---|---|
| (၁) | (၂) | (၃) | (၄) | (၅) | (၆) |
| တမူး | ကဘော်ကြိုးဝိုင်း | - | ၅၉၆၄ | ၂၂၉၉ | ၈၂၆၃ |
| တမူး | ကြိုးပြင် | ၂၆/၂၇ | - | ၂၆၀ | ၂၆၀ |
| | | **ပေါင်း** | **၅၉၆၄** | **၂၅၅၉** | **၈၅၂၃** |

ဇစ်မြစ် - တမူးခရိုင်၊ သစ်တောအုပ်ချုပ်လုပ်ကိုင်မှုစီမံကိန်း

တဘက်ဖော်ပြပါ စိုက်ခင်းတည်ထောင်ရန် သင့်လျော်သည့်ကျွန်ဧရိယာ (၅၉၆၄)ဧက အနက် တမူးသစ်တောခရိုင်၏ ဂန်ထမ်းအင်အားခွင့်ပြု ရန်ပုံငွေနှင့် အလုပ်သမားရရှိ နိုင်မှုအပေါ် မူတည်၍ တစ်နှစ်လျှင် (၅၀)ဧက ခန့် စိုက်ပျိုးရန်ရည်ရွယ်ပါသည်။ ပုဂ္ဂလိက သစ်မာစိုက်ခင်း နှစ်စဉ် (၅၄၆) ဧက စီစိုက်ပျိုးရန်ရည်ရွယ်ပါသည်။ စိုက်ခင်းတည်ထောင်မည့် အစီအစဉ်မှာ အတွဲ(၂)တွင် ဇယား(၉-၂-၂-၁-၁-၅-၁)ခ နှင့် ဇယား(၉-၂-၂-၁-၁-၅-၁)ဂ တို့ဖြင့်ဖော်ပြထားပါသည်။

### ၉.၂.၂.၁.၁.၅.၂ စိုက်ခင်းတည်ထောင်ပြီးလုပ်ငန်းများ

တည်ထောင်ပြီးသည့် သစ်တောစိုက်ခင်းများတွင် လုပ်ကိုင်ရမည့် လုပ်ငန်းများနှင့် ပတ်သက်၍ အောက်ဖော်ပြပါ ပြဋ္ဌာန်းချက်များအတိုင်း တိကျစွာ လိုက်နာဆောင်ရွက်ရန် ဖြစ်ပါသည်။

#### (၁)ပေါင်းရှင်းခြင်းနှင့်ပြုစုခြင်း

(က)တမူးခရိုင်ရှိ စီးပွားရေး ကျွန်းစိုက်ခင်းများတွင် ဌာနဆိုင်ရာ ညွှန်ကြားချက်အတိုင်း ပထမနှစ်တွင် ပေါင်းရှင်းခြင်း (၃) ကြိမ်၊ ဒုတိယနှစ်တွင် (၂)ကြိမ်နှင့် တတိယနှစ်တွင် (၁)ကြိမ် စသည် ဖြင့်ဆောင်ရွက်ရန်ဖြစ်ပါသည်။

(ခ) ပေါင်းသင်းရှင်းလင်းခြင်း လုပ်ငန်းနှင့် ပတ်သက်၍ အမှုထမ်းများလိုက်နာရန် အမိန့်လက်စွဲ အပိုဒ် ၁၃၈(က)(ခ) (ဂ)၊ ၁၃၉ နှင့်ဌာနဆိုင်ရာညွှန်ကြားချက်အတိုင်း လိုက်နာဆောင်ရွက်ရန်၊ တမူးခရိုင်တွင် စီမံကိန်းကာလအတွင်း ပေါင်းသင်ရှင်းလင်းမည့် အစီအစဉ်နှင့်ပမာဏအား အတွဲ(၂) တွင် ခုနှစ်အလိုက် ဇယား ( ၉-၂-၂-၁-၅-၂ )က ဖြင့် ဖော်ပြ ပါသည်။

#### (၂) မီးကာကွယ်ခြင်း

တမူးခရိုင်တည်ထောင်ပြီးသည့် စီးပွားရေးစိုက်ခင်း (၂၄၂၅) ဧကအား လည်းကောင်း၊ စီမံကိန်း(၁၀)နှစ်တာ ကာလအတွင်း တည်ထောင်မည့် စီးပွားရေးပျဉ်းကတိုးစိုက်ခင်း (၅၀၀)ဧကအားလည်းကောင်း၊ ပုဂ္ဂလိက သစ်မာမျိုးစုံ စိုက်ခင်း(၁၆၄)ဧက

အားလည်းကောင်း၊ ဌာန ဆိုင်ရာ ညွှန်ကြားချက်အတိုင်း (၅) နှစ်သားအထိ မီးကာကွယ်မည် ဖြစ်ပါသည်။ အသက်(၅)နှစ် ကျော်သော စိုက်ခင်းများကို မီးကာကွယ် ခြင်းလုပ်ငန်း မဆောင် ရွက်တော့ပါ။

၎င်းအပြင် မီးကာကွယ်ခြင်းနှင့် ပတ်သက်၍ ဌာနဆိုင်ရာ ညွှန်ကြားချက် အမှတ် ၉၉/၁၀၀ နှင့် အမှုထမ်းများလိုက်နာရန် အမိန့်လက်စွဲ အပိုဒ် ၁၃၇၊ ၁၄၄ မှ ၁၆၃ ထိ တို့ကို တိကျစွာ လိုက်နာ ဆောင်ရွက်မည် ဖြစ်ပါသည်။

တမူးခရိုင် စီမံကိန်းကာလအတွင်း မီးကာကွယ်ခြင်း လုပ်ငန်းနှင့် ပတ်သက်၍ ဆောင်ရွက်မည့်ကာလနှင့် အစီအစဉ်အား အတွဲ(၂) တွင် ခုနှစ်အလိုက် ဇယား(၉-၂-၂-၁-၁-၅-၂)ခ ဖြင့် ဖော်ပြပါသည်။

**(၃) ပင်ကျပ်နှုတ်ခြင်း**

(က) ပင်ကျပ်နှုတ်ခြင်း လုပ်ငန်းဆောင်ရွက်ရာတွင် အမှုထမ်း များလိုက်နာရန် အမိန့်လက်စွဲ အပိုဒ် ၁၄၂၊ ၁၄၃၊ ၁၄၃/က နှင့် နောက်ဆက်တွဲ ၂၇ အရ ဖော်ပြထားသည့် ပင်ကျပ် ခုတ်လှဲ ရာတွင် လိုက်နာရန် နည်းလမ်းများနှင့် ဌာနဆိုင်ရာ ညွှန်ကြားချက်များ အတိုင်းလိုက်နာ ဆောင်ရွက်မည် ဖြစ်ပါ သည်။

(ခ) ပင်ကျပ်နှုတ်ခြင်း လုပ်ငန်းကို အတွဲ(၂)တွင် ပင်ကျပ်နှုတ် ခြင်း အစီအစဉ် နောက်ဆက်တွဲဇယား(၉-၂-၂-၁-၁-၅-၂)ဂ ဖြင့် ဖော်ပြ ထားရှိပါသည်။

(ပတ်ဝန်းကျင် ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာန၏ ၂၀၀၁ ခုနှစ်၊ ဇွန်လထုတ် အမျိုးသားသစ်တောကဏ္ဍ ပင်မ စီမံကိန်းအရ) သာမန်နှင့် အခြားစီးပွားရေး စိုက်ခင်းများအား စိုက်ခင်း(၁၀) နှစ်သားတွင် ပထမအကြိမ်ပုံသေ ပင်ကျပ်နုတ်ခြင်း၊ (၁၈)နှစ်သားတွင် ဒုတိယအကြိမ် ပုံသေ ပင်ကျပ်နုတ်ခြင်းနှင့် (၃၀)နှစ်သားတွင် တတိယအကြိမ်နှင့် နောက်ဆုံးအကြိမ် အဖြစ် ရွေးချယ်ပင်ကြပ်နုတ်ခြင်းကို ဆောင်ရွက်မည်ဖြစ်ပါသည်။)

## (၄) ရောဂါပိုးအန္တရာယ်ကာကွယ်ခြင်း

(က) စိုက်ပျိုးမည့် သစ်မျိုးသည် စိုက်ပျိုးသည့်ဒေသ (Site) နှင့် ကိုက်ညီလိုက်ဖက်ရန်၊

(ခ) ရောဂါပိုးမွှားများကို ဖြစ်နိုင်ပါက ဓါတုပစ္စည်းများ အသုံးပြု ကာကွယ် ဟန့်တားခြင်းထက် ဇီဝဆိုင်ရာ ထိန်းသိမ်းမှု နည်းစနစ် မျိုးစုံများကို အသုံးပြုရန်၊

(ဂ) သစ်မျိုး၊ ရောနှောစိုက်ပျိုးခြင်း၊ ရွက်အုပ်လွှာအဆင့်ဆင့် စိုက်ပျိုး ခြင်းတို့ကို ဆောင်ရွက်ရန်၊

(ဃ) ရောဂါပိုးမွှားများတစ်နေရာမှ တစ်နေရာသို့ ပြန့်ပွား ကူးစက်မှု နည်းစနစ်များ ချမှတ်အကောင်အထည်ဖော်ရန်၊

(င) စိုက်ခင်းဒေသ ပတ်ဝန်းကျင်တွင် သဘာဝတောများ ထိန်းသိမ်းထားရှိရန်၊

(စ) ရောဂါပိုးမွှားများ ကာကွယ်ထိန်းသိမ်းမှု ပြုလုပ်နိုင်ရန် အဆိုပါ ပိုးမွှားတို့၏ ဘဝဖြစ်စဉ်နှင့် အလေ့အထကို သိရှိ နားလည် ထားရန်၊

(ဆ) ရောဂါပိုးမွှား ကာကွယ်ခြင်းနှင့် ပတ်သက်၍ ဌာနဆိုင်ရာ ညွှန်ကြားချက်အပိုဒ် ၁၀၄ အတိုင်း လိုက်နာဆောင်ရွက် ရန်၊

## (၅) စိုက်ခင်းမှတ်တမ်းများပြုလုပ်ခြင်း

တမူးခရိုင်ရှိ စိုက်ခင်းတစ်ချင်းအလိုက် စိုက်ခင်းမှတ်တမ်း တစ်ခုစီ အား ဌာနဆိုင်ရာ ညွှန်ကြားချက် အတိုင်းထားရှိပါမည်။

၎င်းစိုက်ခင်းမှတ်တမ်းများ တည်ထောင်သည့် ခုနှစ်၊ သစ်မျိုး၊ စိုက်ပျိုးခြင်း၊ တောင်ယာတိုင်းတာခြင်း၊ တောင်ယာခုတ်ခြင်း၊ မီးရှို့ခြင်း၊ ကျွန်းခွေခြင်း၊ ပန္နက်ရိုက်ခြင်း၊ သေပင်ဖာထေးခြင်း၊ ပေါင်းရှင်းလင်းခြင်း၊ သေပင်ရှင်ပင် ရေတွက်ခြင်း၊ မီး ကာကွယ်ခြင်း စသည့် လုပ်ငန်းများ ဆောင်ရွက်မှုအခြေအနေနှင့် ကုန်ကျစရိတ်များ ဖြည့်သွင်းထားပြီး ပင်ကျပ်နှုတ်ခြင်းလုပ်ငန်း

များဆောင်ရွက်လျှင်လည်း ၎င်းစိုက်ခင်း မှတ်တမ်းများတွင် ရေးသွင်း မှတ်သားထားမည် ဖြစ်ပါသည်။

၎င်းစိုက်ခင်း မှတ်တမ်းများတွင် ဌာနဆိုင်ရာ ညွှန်ကြားချက် အတိုင်း စိုက်ခင်းဒေသအနေအထား ဖော်ပြသော မြေပုံရေးဆွဲ ထားမည်ဖြစ်ပါသည်။

**၉.၂.၂.၁.၁.၆ သစ်တောသယံဇာတစာရင်းကောက်ယူခြင်း**

**၉.၂.၂.၁.၁.၆.၁ ကြားဖြတ်တောထွက်**

စီမံကိန်းကာလအတွင်း အထက်ပါစိုက်ခင်း ပင်ကျပ်နှုတ်ခြင်း လုပ်ငန်း အစီအစဉ်အရ စိုက်ခင်းများ ပင်ကျပ်နှုတ်ရာတွင် ရရှိမည့် ကြားဖြတ် တောထွက်များကို အတွဲ(၂)တွင် ဇယား(၉-၂-၂-၁-၁-၆-၁)ဖြင့် ဖော်ပြထားပါသည်။

**၉.၂.၂.၁.၁. ၆.၂ အပြီးသတ်တောထွက်**

နှစ်(၄၀)၊ နှစ်(၆၀) သက်တမ်းများ၏ အပြီးသတ်တောထွက်ကို ဇယား(၉-၂-၂-၁-၁-၆-၂)က ဖြင့် ဖော်ပြထားပါသည်။

## သက်ပတ်(၄၀)နှစ်တွင် ထွက်ရှိမည့် ခန့်မှန်းအပြီးသတ်တောထွက်စာရင်း

ဇယား(၉-၂-၂-၁-၁-၆-၂)က

| စဉ် | သစ်မျိုး | နှစ်စဉ်ခုတ်ကွက် | ဧရိယာ (ဧက) | (၄၀)နှစ်ပြည့်မည့်နေ့ | အပြီးသတ်တောထွက် Hp Cu ton |
|---|---|---|---|---|---|
| (၁) | (၂) | (၃) | (၄) | (၅) | (၆) |
| ၁ | ကျွန်း | I | ၁၀ | ၂၀၃၂ | ၁၂၅ |
| ၂ | ကျွန်း | II | ၁၀ | ၂၀၃၃ | ၁၂၅ |
| ၃ | ကျွန်း | III | ၁၀ | ၂၀၃၄ | ၁၂၅ |
| ၄ | ကျွန်း | IV | ၁၆၅ | ၂၀၃၅ | ၂၀၆၆ |
| ၅ | ကျွန်း | V | ၁၀ | ၂၀၃၆ | ၁၂၅ |
| ၆ | ကျွန်း | VI | ၅၀ | ၂၀၃၇ | ၆၂၆ |
| ၇ | ကျွန်း | VII | ၁၅၀ | ၂၀၃၈ | ၁၈၇၈ |
| ၈ | ကျွန်း | VIII | ၂၀၀ | ၂၀၃၉ | ၂၅၀၅ |
| ၉ | ကျွန်း | IX | ၂၀၀ | ၂၀၄၀ | ၂၅၀၅ |
| ၁၀ | ကျွန်း | X | ၂၄၅ | ၂၀၄၁ | ၃၀၆၈ |
| ၁၁ | ကျွန်း | XI | ၂၅၀ | ၂၀၄၂ | ၃၁၃၁ |
| ၁၂ | ကျွန်း | XII | ၂၅၀ | ၂၀၄၃ | ၃၁၃၁ |
| ၁၃ | ကျွန်း | XIII | ၂၅၀ | ၂၀၄၄ | ၃၁၃၁ |
| ၁၄ | ကျွန်း | XIV | ၁၀ | ၂၀၅၀ | ၁၂၅ |
| | **ပေါင်း** | | **၁၈၁၀** | | **၂၂၆၆၅** |

ဇစ်မြစ်- တမူးခရိုင်၊ သစ်တောဦးစီးဌာန

ကျွန်းစိုက်ခင်းအားလုံးသည် နှစ်(၄၀) ပြည့်ချိန်တွင် တစ်ဧက (၄၇) ပင်ရှိပြီး တစ်ဧက လျှင် (၁၂.၅၂၂၆၂) ဟော့ပတ်တန် ရှိသည်ဟု ခန့်မှန်းပါသည်။ စိုက်ခင်းကိန်းဂဏန်း II / III ဖြင့် တွက်ချက်ထားပါသည်။

စီမံကိန်းကာလ(၂၀၁၆-၁၇)ခုနှစ်မှ (၂၀၂၅-၂၆) ခုနှစ်အတွင်း သက်တမ်းနှစ် (၄၀) ရောက်ရှိ မည့် စိုက်ခင်းများမရှိပါ။

## သက်ပတ်(၄၀)နှစ်တွင်ထွက်ရှိမည့် ခန့်မှန်းအပြီးသတ်တောထွက်စာရင်း

ဇယား(၉-၂-၂-၁-၁-၆-၂)က

| စဉ် | သစ်မျိုး | နှစ်စဉ် ခုတ်ကွက် | ဧရိယာ (ဧက) | (၄၀)နှစ် ပြည့်မည့်နေ့ | အပြီးသတ်တောထွက် Hp Cu ton |
|---|---|---|---|---|---|
| (၁) | (၂) | (၃) | (၄) | (၅) | (၆) |
| ၁ | ပျဉ်းကတိုး | I | ၁၈၅ | ၂၀၃၅ | ၂၃၁၇ |
| ၂ | ပျဉ်းကတိုး | II | ၁၂၀ | ၂၀၄၅ | ၁၅၀၃ |
| ၃ | ပျဉ်းကတိုး | III | ၁၀ | ၂၀၄၆ | ၁၂၅ |
| ၄ | ပျဉ်းကတိုး | IV | ၁၀ | ၂၀၄၇ | ၁၂၅ |
| ၅ | ပျဉ်းကတိုး | V | ၅၀ | ၂၀၄၈ | ၆၂၆ |
| ၆ | ပျဉ်းကတိုး | VI | ၅၀ | ၂၀၄၉ | ၆၂၆ |
| ၇ | ပျဉ်းကတိုး | VII | ၄၀ | ၂၀၅၀ | ၅၀၁ |
| ၈ | ပျဉ်းကတိုး | VIII | ၅၀ | ၂၀၅၁ | ၆၂၆ |
| ၉ | ပျဉ်းကတိုး | IX | ၅၀ | ၂၀၅၂ | ၆၂၆ |
| ၁၀ | ပျဉ်းကတိုး | X | ၅၀ | ၂၀၅၃ | ၆၂၆ |
| | **ပေါင်း** | | **၆၁၅** | | **၁၀၄၀၁** |

ဇစ်မြစ် - တမူးခရိုင်သစ်တောအုပ်ချုပ်လုပ်ကိုင်မှုစီမံကိန်း

ပျဉ်းကတိုးစိုက်ခင်း အားလုံးသည် နှစ်(၄၀) ပြည့်ချိန်တွင် တစ်ဧက (၄၇) ပင်ရှိပြီး တစ်ဧကလျှင် (၁၂.၅၂၂၆၂)ဟော့ပတ်တန် ရှိသည်ဟု ခန့်မှန်းပါသည်။ စိုက်ခင်း ကိန်းဂဏန်း II/III ဖြင့် တွက်ချက်ထားပါသည်။

စီမံကိန်းကာလ(၂၀၁၆-၁၇) ခုနှစ်မှ (၂၀၂၅-၂၆) ခုနှစ်အတွင်း သက်တမ်းနှစ် (၄၀) ရောက်ရှိ မည့် စိုက်ခင်းများမရှိပါ။

## သက်ပတ်(၆၀)နှစ်တွင်ထွက်ရှိမည့် ခန့်မှန်းအပြီးသတ်တောထွက်စာရင်း

ဇယား(၉-၂-၂-၁-၁-၆-၂)က

| စဉ် | သစ်မျိုး | နှစ်စဉ် ခုတ်ကွက် | ဧရိယာ (ဧက) | (၄၀)နှစ် ပြည့်မည့်နေ့ | အပြီးသတ်တောထွက် Hp Cu ton |
|---|---|---|---|---|---|
| (၁) | (၂) | (၃) | (၄) | (၅) | (၆) |
| ၁ | ကျွန်း | I | ၁၀ | ၂၀၅၂ | ၂၃၃ |
| ၂ | ကျွန်း | II | ၁၀ | ၂၀၅၃ | ၂၃၃ |
| ၃ | ကျွန်း | III | ၁၀ | ၂၀၅၄ | ၂၃၃ |
| ၄ | ကျွန်း | IV | ၁၆၅ | ၂၀၅၅ | ၃၈၄၉ |
| ၅ | ကျွန်း | V | ၁၀ | ၂၀၅၆ | ၂၃၃ |
| ၆ | ကျွန်း | VI | ၅၀ | ၂၀၅၇ | ၁၁၆၇ |
| ၇ | ကျွန်း | VII | ၁၅၀ | ၂၀၅၈ | ၃၄၉၉ |
| ၈ | ကျွန်း | VIII | ၂၀၀ | ၂၀၅၉ | ၄၆၆၆ |
| ၉ | ကျွန်း | IX | ၂၀၀ | ၂၀၆၀ | ၄၆၆၆ |
| ၁၀ | ကျွန်း | X | ၂၄၅ | ၂၀၆၁ | ၅၇၁၆ |
| ၁၁ | ကျွန်း | XI | ၂၅၀ | ၂၀၆၂ | ၅၈၃၂ |
| ၁၂ | ကျွန်း | XII | ၂၅၀ | ၂၀၆၇ | ၅၈၃၂ |
| ၁၃ | ကျွန်း | XIII | ၂၅၀ | ၂၀၆၈ | ၅၈၃၂ |
| ၁၄ | ကျွန်း | XIV | ၁၀ | ၂၀၇၀ | ၂၃၃ |
| | **ပေါင်း** | | **၁၈၁၀** | | **၄၂၂၂၉** |

ဇစ်မြစ် - တမူးခရိုင်သစ်တောအုပ်ချုပ်လုပ်ကိုင်မှုစီမံကိန်း

ကျွန်းစိုက်ခင်း အားလုံးသည် နှစ်(၆၀) ပြည့်ချိန်တွင် တစ်ဧက (၃၂)ပင်ရှိပြီး တစ်ဧက လျှင် (၂၃.၃၃၀၇၆) ဟော့ပတ်တန် ရှိသည်ဟု ခန့်မှန်းပါသည်။ စိုက်ခင်းကိန်းဂဏန်း II/III ဖြင့် တွက်ချက်ထားပါသည်။

**သက်ပတ်(၆၀)နှစ်တွင်ထွက်ရှိမည့် ခန့်မှန်းအပြီးသတ်တောထွက်စာရင်း**

ဇယား(၉-၂-၂-၁-၁-၆-၂)က

| စဉ် | သစ်မျိုး | နှစ်စဉ် ခုတ်ကွက် | ဧရိယာ (ဧက) | (၆၀)နှစ် ပြည့်မည့်နေ့ | အပြီးသတ်တောထွက် Hp Cu ton |
|---|---|---|---|---|---|
| (၁) | (၂) | (၃) | (၄) | (၅) | (၆) |
| ၁ | ပျဉ်းကတိုး | I | ၁၈၅ | ၂၀၅၅ | ၄၃၁၆ |
| ၂ | ပျဉ်းကတိုး | II | ၁၂၀ | ၂၀၆၅ | ၂၇၉၉ |
| ၃ | ပျဉ်းကတိုး | III | ၁၀ | ၂၀၆၆ | ၂၃၃ |
| ၄ | ပျဉ်းကတိုး | IV | ၁၀ | ၂၀၆၇ | ၂၃၃ |
| ၅ | ပျဉ်းကတိုး | V | ၅၀ | ၂၀၆၈ | ၁၁၆၆ |
| ၆ | ပျဉ်းကတိုး | VI | ၅၀ | ၂၀၆၉ | ၁၁၆၆ |
| ၇ | ပျဉ်းကတိုး | VII | ၄၀ | ၂၀၇၀ | ၉၃၃ |
| ၈ | ပျဉ်းကတိုး | VIII | ၅၀ | ၂၀၇၁ | ၁၁၆၆ |
| ၉ | ပျဉ်းကတိုး | IX | ၅၀ | ၂၀၇၂ | ၁၁၆၆ |
| ၁၀ | ပျဉ်းကတိုး | X | ၅၀ | ၂၀၇၃ | ၁၁၆၆ |
| | **ပေါင်း** | | **၆၂၅** | | **၁၄၃၄၇** |

ဇစ်မြစ် - တမူးခရိုင်သစ်တောအုပ်ချုပ်လုပ်ကိုင်မှုစီမံကိန်း

ပျဉ်းကတိုးစိုက်ခင်း အားလုံးသည် နှစ်(၆၀) ပြည့်ချိန်တွင် တစ်ဧက(၃၂)ပင်ရှိပြီး တစ်ဧက လျှင် (၂၃.၃၃၀၇၆) ဟောပတ်တန် ရှိသည်ဟု ခန့်မှန်းပါသည်။ စိုက်ခင်းကိန်းဂဏန်း II/III ဖြင့် တွက်ချက် ထားပါသည်။

### ၉.၂.၃ အဖွဲ့အစည်းလုပ်ထုံးလုပ်နည်းနှင့် ဥပဒေစည်းမျဉ်းစည်းကမ်းများဆိုင်ရာ စီမံခန့်ခွဲမှု

တမူးခရိုင်တွင် သစ်တောစိုက်ခင်းများ တည်ထောင်ခြင်းအတွက် နှစ်အလိုက်စီမံကိန်း လျာထားချက်များနှင့် အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပြီး စိုက်ခင်းအတွက် သီးခြား ဝန်ထမ်းများကိုလည်း တာဝန်ပေးဆောင်ရွက်လျှက် ရှိပါသည်။

### ၉.၂.၄ ဘတ်ဂျက်နှင့် ဘဏ္ဍာရေး

တမူးခရိုင်တွင်စိုက်ပျိုးထားသော သစ်တောစိုက်ခင်းများအတွက် ရရှိသော ခွင့်ပြု ရန်ပုံငွေ သည် အလွန်နည်းပါးသောကြောင့် စိုက်ခင်းများ အောင်မြင်မှုမရှိကြောင်း တွေ့ရှိရပါသည်။ တမူးခရိုင်၊ တမူးမြို့နယ်သည် နယ်စပ်ဒေသဖြစ်သည်နှင့်အညီ အလုပ်သမားရှားပါးခြင်း၊ အလုပ်သမားစရိတ်စျေးမြင့်မားခြင်းများနှင့် ကြုံတွေ့ရပြီး စိုက်ခင်းများ တည်ထောင်ရာတွင် အလုပ်သမား အခက်အခဲ ရံပုံငွေများစွာမရှိကြောင်း တွေ့ရှိရ ပါသည်။

စိုက်ခင်းရန်ပုံငွေများကို တိုးမြှင့်ချထားပေးသော်လည်း တမူးခရိုင်တွင် တောင်ယာသမား ရှားပါးသောကြောင့် စိုက်ခင်းလုပ်ငန်းများအား နေ့စားပုတ်ပြတ် လုပ်သားများဖြင့်ဆောင်ရွက် ရသဖြင့် ရန်ပုံငွေလုံလောက်မှု မရှိပါ။ တမူးမြို့နယ်၌ နေ့စားအလုပ်သမားများကို တစ်နေ့ လျှင် ၃၀၀၀ိ/- မှ ၄၀၀၀ိ/- ထိ ပေး၍ ငှားရမ်းရသည်ကို ကြုံတွေ့နေရပါသည်။ ထို့ကြောင့် သစ်တောစိုက်ခင်းများကို စီးပွားရေးအရ တည်ထောင်ပြီး ၎င်းစိုက်ခင်းများ ပင်ကျပ်နှုတ်၍ ကြားဖြတ်တောထွက်၊ အပြီးသတ်တောထွက်များမှရရှိသော ဝင်ငွေများကို သစ်တောစိုက်ခင်း များတွင် ပြန်လည်ရင်းနှီးမြှုပ်နှံမှုပေး၍ ဆောင်ရွက်သင့်ပါသည်။

## ၉.၃ ဒေသထောက်ပံ့ရေး/ ဒေသခံပြည်သူအစုအဖွဲ့ပိုင်သစ်တောများ

### ၉.၃.၁ ရည်ရွယ်ချက်များ

(၁)နိုင်ငံတော်၏ စီးပွားရေးတိုးတက်မှုအပေါ် အထောက်အကူဖြစ်စေရန်နှင့် သဘာဝဝန်းကျင် တည်ငြိမ်မှုနှင့် ဂေဟစနစ် မျှတမှု ရရှိစေရန်၊

(၂)ဒေသခံပြည်သူများ၏ အခြေခံစားဝတ်နေရေး လိုအပ်ချက်များကို အထောက်အကူပြုစေရန်၊

(၃)ဒေသခံပြည်သူများ၏ ပူးပေါင်းဆောင်ရွက်မှုဖြင့် သစ်တောစိုက်ခင်းများ တည်ထောင်ခြင်း လုပ်ငန်းကို အကောင်အထည်ဖော် ဆောင်ရွက်ရန်၊

(၄)ပြည်သူများ၏ သစ်တောတန်ဖိုးချစ်မြတ်နိုးသည့် အသိစိတ်ဓါတ်များ ပေါ်ပေါက်လာပြီး သစ်တောများ ပျက်စီးပြုန်းတီးမှုကို ဒေသခံပြည်သူများ ကိုယ်တိုင်ပါဝင်ထိန်းသိမ်း တတ်လာစေရန် ရည်ရွယ်ပါသည်။

### ၉.၃.၂ အုပ်ချုပ်လုပ်ကိုင်မှုနည်းလမ်းများ

ယခင်စီမံကိန်းကာလအတွင်း ဒေသခံပြည်သူ အစုအဖွဲ့ပိုင်သစ်တောများ တည်ထောင်ရန် စီမံခဲ့သော်လည်း ညွှန်ကြားချက်နှင့်အညီ စနစ်တကျ ဆောင်ရွက်နိုင်မှုမရှိခဲ့ပါ။ ယခုအသစ် ရေးဆွဲသည့် စီမံကိန်းကာလအတွင်း ဒေသခံပြည်သူအစုအဖွဲ့ပိုင် သစ်တောများ တည်ထောင် သွားမည် ဖြစ်ပါသည်။ တမူးခရိုင်အတွင်းရှိ ဒေသခံ ပြည်သူလူထု၏ အခြေခံစားဝတ်နေရေး လိုအပ်ချက်များကို ဖြည့်ဆည်းပေးရန် ဦးတည်လျက် သစ်တောထွက်ပစ္စည်းများဖြစ်သည့် သစ်၊ ထင်း၊ တိုင်၊ မျှော၊ဝါး စသည်တို့ကို သစ်တောအတွင်းမှ ရေရှည်ထုတ် လုပ်သုံးစွဲနိုင်ရန်နှင့် သစ်တော မရှိသောနေရာများ၊

သစ်တောများ ပျက်စီးပြုန်းတီးသွားသော နေရာများတွင် ကျေးရွာသုံး သစ်တော စိုက်ခင်း တည်ထောင်ခြင်း၊ ဓမ္မတာနည်းဖြင့် ပြန်လည်ပြုစု ပျိုးထောင်ခြင်းတို့ကို ဒေသခံပြည်သူလူထု၏ တက်ကြွစွာပူးပေါင်းပါဝင် ဆောင်ရွက်မှုဖြင့် အုပ်ချုပ် လုပ်ကိုင်သွားမည် ဖြစ်ပါသည်။

## ၉.၃.၂.၁ ဒေသထောက်ပံ့ရေး၊ ဒေသခံပြည်သူအစုအဖွဲ့ပိုင်သစ်တောများ အလုပ်တိုက်နယ်

### ၉.၃.၂.၁.၁ အလုပ်တိုက်နယ်နှင့် လုပ်ကွက်စဉ်ဖွဲ့စည်းခြင်း

တမူးခရိုင်တွင် ဒေသထောက်ပံ့ရေး/ ဒေသခံပြည်သူအစုအဖွဲ့ပိုင် သစ်တောများ အလုပ်တိုက်နယ် (၄၈၇၅)ဧကကို ဖွဲ့စည်းရာတွင် -

၁။ ဒေသအတွင်း နေထိုင်သည့် လူဦးရေပမာဏ

၂။ သစ်တောထွက်ပစ္စည်းလိုအပ်ချက် နှင့်

၃။ သစ်တောများမှ ထွက်ရှိမှုပမာဏစသည့် အချက်များအပေါ် အခြေခံပါသည်။ ခုတ်စဉ်အလိုက် ခွဲဝေချထားသော ဧရိယာများကို ဇယား (၉.၃.၂.၁.၁)က ဖြင့် ဖော်ပြထားပါသည်။ Effective ဧရိယာတွင် လက်ရှိ အပင်ပေါက်ရောက် နေသော ဧရိယာနှင့် ပြန်လည်ပြုစု ပျိုးထောင် နိုင်သော ဧရိယာများပါဝင်ပြီး Ineffective ဧရိယာတွင် ဖြစ်ထွန်းနိုင်ခြင်း မရှိသော ဧရိယာများ ထည့်သွင်း ထားပါသည်။

အုပ်ချုပ်မှု လွယ်ကူထိရောက်စေရန်နှင့် ပြန်လည်ထူထောင်ရေး လုပ်ငန်းများ အရှိန်အဟုန်ဖြင့် လုပ်ကိုင်နိုင်ရန် ဒေသထောက်ပံ့ရေး အလုပ်တိုက်နယ်ကို ဇယား(၉.၃.၂.၁.၁)ခ ဖြင့် ဖော်ပြထားသည့်အတိုင်း အတန်းအစားများ ခွဲခြားဆောင်ရွက်မည် ဖြစ်ပါသည်။ ခုတ်စဉ်အလိုက် နှစ်စဉ်ခွင့်ပြု နိုင်သည့် တောထွက်အလားအလာ (Potential Annual Yeild)ကို ဇယား (၉.၃.၂.၁.၁)ဂ ဖြင့် တွက်ချက် ဖော်ပြ ထားပါသည်။

ဇယား(၉-၃-၂-၁-၁)က

| လုပ်ကွက်စဉ် | ကြိုးဝိုင်း / ကြိုးပြင် ကြိုးပြင်ကာကွယ်တော | အကွက်အမှတ်များ | ဧရိယာ(ဧက) | | | မှတ်ချက် |
|---|---|---|---|---|---|---|
| | | | Effective | Ineffective | စုစုပေါင်း | |
| (၁) | (၂) | (၃) | (၄) | (၅) | (၆) | (၇) |
| I | ကသော်ကြိုးဝိုင်း | - | ၄၃၆၃ | ၂၃၇ | ၄၆၀၀ | |
| II | အတွင်းရိုးမကြိုးပြင် ကာကွယ်တော | - | ၂၇၅ | - | ၂၇၅ | |
| | **စုစုပေါင်း** | | **၄၆၄၈** | **၂၃၇** | **၄၈၇၅** | |

ဇစ်မြစ် - တမူးခရိုင်သစ်တောအုပ်ချုပ်လုပ်ကိုင်မှုစီမံကိန်း

ဇယား (၉-၃-၂-၁-၁)ခ

| ခုတ်စဉ် | ကြိုးဝိုင်း / ကြိုးပြင် / ကြိုးပြင်ကာကွယ်တော | ထောက်ပံ့ရေးအကွက် (ဧက) | အနားပေးအကွက် (ဧက) | တိုင်းကွင်းအကွက် (ဧက) | မှတ်ချက် |
|---|---|---|---|---|---|
| (၁) | (၂) | (၃) | (၄) | (၅) | (၆) |
| I | ကသော်ကြိုးဝိုင်း | ၄၆၀၀ | - | - | |
| II | အတွင်းရိုးမကြိုးပြင် ကာကွယ်တော | ၂၇၅ | - | - | |
| | **စုစုပေါင်း** | **၄၈၇၅** | **-** | **-** | |

ဇစ်မြစ် - တမူးခရိုင်သစ်တောအုပ်ချုပ်လုပ်ကိုင်မှုစီမံကိန်း

### ၉.၃.၂.၁.၁.၁ သစ်ပင်ပေါက်ရောက်မှုအခြေအနေ

တည်ထောင်ပြီး ဒေသထောက်ပံ့ရေး အလုပ်တိုက်နယ်များမှ သစ်တောထွက်ပစ္စည်းများ ထုတ်လုပ်နိုင်မှု အခြေအနေကို အတွဲ(၂) တွင် ဇယား(၉-၃-၂-၁-၁)ဂ တွင် ဖော်ပြအပ်ပါသည်။

## ၉.၃.၂.၁.၁.၂ သစ်တောစိုက်ပျိုးပြုစုနည်းစနစ်

ဒေသထောက်ပံ့ရေးအလုပ်တိုက်နယ်မှ ဒေသခံပြည်သူများ၏ အခြေခံလိုအပ်ချက် ဖြစ်သည့် သစ်နှင့် သစ်တောထွက်ပစ္စည်းများ စဉ်ဆက်မပြတ် ထုတ်ယူရရှိရေး အတွက် ထုတ်လုပ်ခုတ်ကွက်များ စနစ်တကျ သတ်မှတ်၍ ဆောင်ရွက်ရပါသည်။

အနားပေးကွက်များတွင် သဘာဝမျိုးဆက်ခြင်း နည်းစနစ်များဖြစ်သော ငုတ်တက်စနစ်၊ ငုတ်တက်ပင်ချန်စနစ်များဖြင့် ဓမ္မတာမျိုးဆက်ခြင်း လုပ်ငန်း များဆောင်ရွက်၍ မျိုးဆက်ခြင်းညံ့ဖျင်းပါက သီးနှံသစ်တော ရောနှောစိုက်ခင်း များဖြင့်လည်းကောင်း၊ ကျေးရွာပိုင်ထင်း စိုက်ခင်းများ ဖြင့်လည်းကောင်း၊ စိုက်ပျိုး တည်ထောင်သွားမည် ဖြစ်ပါသည်။

## ၉.၃.၂.၁.၁.၃ သစ်ထုတ်လုပ်နည်းစနစ်

ဒေသထောက်ပံ့ရေး အလုပ်တိုက်နယ်များမှ ဒေသခံပြည်သူများလိုအပ်သည့် သစ်၊ ထင်း၊ ဝါး၊ မျော၊ တိုင် စသည့် သစ်နှင့် သစ်တောထွက် ပစ္စည်းများကို ကြိုးဝိုင်း၊ ကြိုးပြင်ကာကွယ်တော၊ ကြိုးပြင်များဖြစ်ပါက ရွေးချယ်ခုတ်လှဲ နည်းစနစ်ဖြင့် ခုတ်စဉ်အလိုက် ထုတ်လုပ်မည်ဖြစ်ပြီး ဒေသထောက်ပံ့ရေး စိုက်ခင်း၊ ကျေးရွာသုံးထင်းစိုက်ခင်း၊ ပြည်သူအစု အဖွဲ့ပိုင် သစ်တောများ ဖြစ်ပါက ခုတ်ကွက်စဉ်အလိုက် အပြောင်ရှင်း စနစ်ဖြင့်သစ်ထုတ် လုပ်သွားမည် ဖြစ်ပါသည်။ ရေမြေတိုက်စားလွယ်သည့် နေရာများရှိ အပြောင်ရှင်းစနစ် ကိုမသုံးဘဲငုတ်တက်ပင်ကျန် ခုတ်လှဲနည်း စနစ်ကို အဓိကကျင့်သုံး လုပ်ကိုင်မည် ဖြစ်ပါသည်။

## ၉.၃.၂.၁.၁.၄ ခုတ်ပတ်

တိုင်၊ မျော ခုတ်ပတ်အား နှစ်ပေါင်း (၂၀)၊ ထင်း၊ မီးသွေး ခုတ်ပတ်အား နှစ်ပေါင်း (၅)နှစ်၊ ဝါးခုတ်ပတ်အား (၃)နှစ် သတ်မှတ်ထားပါသည်။

## ၉.၃.၂.၁.၁.၅ ထုတ်လုပ်ခွင့်ပြုသည့်အရွယ်အစား

တမူးခရိုင်တွင် ကျွန်းမှလွဲ၍ အခြားသစ်များကို ဒေသခံပြည်သူတို့၏ လိုအပ်ချက်အပေါ် မူတည်၍ ထုတ်လုပ်ခွင့်ပြုသည့် အရွယ်အစား လုံးပတ် ကန့်သတ် ချက် မရှိပါ။

### ၉.၃.၂.၁.၁.၆ တောထွက်တွက်ချက်ခြင်း

လုပ်ကွက်စဉ်အလိုက် နှစ်စဉ်တောထွက်အား အတွဲ(၂)တွင် ဇယား (၉-၃-၂-၁-၁)ဂ ဖြင့် ဖော်ပြထားရှိပါသည်။

### ၉.၃.၂.၁.၁.၇ သစ်မထုတ်မီ သယံဇာတစာရင်းကောက်ယူခြင်း

သစ်နှင့် အခြားသစ်တောထွက်ပစ္စည်းများ မထုတ်မီ တောထွက် ရရှိနိုင်ရန် ၁နှစ်ကြိုတင်၍ သစ်တောသယံဇာတစာရင်း ကောက်ယူခြင်းလုပ်ငန်း စီမံချက် ရေးဆွဲပြီး အကောင်အထည်ဖော် ဆောင်ရွက်မည် ဖြစ်ပါသည်။

### ၉.၃.၂.၁.၁.၈ သစ်ထုတ်လုပ်ပြီး သယံဇာတစာရင်းကောက်ယူခြင်း

သစ်ထုတ်ပြီးနောက် တော၏ အခြေအနေ သိရှိရန်နှင့် သစ်တောစိုက်ပျိုးပြုစုခြင်း လုပ်ငန်းများဆောင်ရွက်ရန် သစ်ထုတ်ပြီး (၁)နှစ်အတွင်း သယံဇာတ စာရင်းကောက်ယူခြင်းလုပ်ငန်း ဆောင်ရွက်ရမည် ဖြစ်ပါသည်။

### ၉.၃.၂.၁.၁.၉ အုပ်ချုပ်လုပ်ကိုင်မှုဆိုင်ရာ ပြဌာန်းချက်များ (စီမံအုပ်ချုပ်မည့် နည်းလမ်းများ)

တမူးခရိုင်တွင် ဒေသထောက်ပံ့ရေး၊ ဒေသခံပြည်သူအစုအဖွဲ့ပိုင် သစ်တောများ အုပ်ချုပ်လုပ်ကိုင်ရာတွင် သစ်တောဥပဒေ၊ နည်းဥပဒေများ၊ ဒေသခံပြည်သူ အစုအဖွဲ့ပိုင် သစ်တောလုပ်ငန်းဆိုင်ရာ ညွှန်ကြားချက်များအတိုင်း ဆောင်ရွက်ရန် ဖြစ်ပါသည်။

(၁) ဒေသထောက်ပံ့ရေး အလုပ်တိုက်နယ်များတွင် ပါဝင်ဖွဲ့စည်းထားသည့် ဧရိယာ အားလုံးကွင်းဆင်း စစ်ဆေးတိုင်းတာ မှတ်သားခြင်းနှင့် ၄ လက္ခ ၁မိုင် စကေးဖြင့်ရေးဆွဲပြီး ထောက်ပံ့ရေးအကွက်နှင့် အနားပေးကွက် ဟူ၍ ခွဲခြားဖော်ပြခြင်း၊

(၂) ထောက်ပံ့ရေး အကွက်တွင် ကျွန်းပင်နှင့် ရောင်းတန်ဝင် သစ်မာများ ထုတ်လုပ်ရေးအတွက် အစီအစဉ်များရေးဆွဲခြင်း။

(၃) ဒေသခံပြည်သူများ အသုံးပြုမည့် သစ်နှင့် သစ်တောထွက်ပစ္စည်းများ ထုတ်လုပ်ရန်အတွက် နှစ်စဉ်ခုတ်ကွက်အလိုက် အုပ်ချုပ်လုပ်ကိုင်မှု မြေပုံကို ၄ လက္ခ ၁ မိုင် စကေးဖြင့်ရေးဆွဲခြင်း၊

(၄) နှစ်စဉ်ခုတ်ကွက်များ၏ နယ်နိမိတ်သတ်မှတ်ခြင်း၊

(၅) ခုတ်ပတ်အလိုက် ထုတ်လုပ်ခွင့်ပြုသည့် နှစ်စဉ်ခုတ်ကွက်များ ဖွင့်လှစ် မည့် အစီအစဉ်များရေးဆွဲသတ်မှတ်ခြင်း၊

(၆) သစ်၊ ထင်း၊ တိုင်၊ မျောထုတ်လုပ်ခွင့်ပြုသည့် အရွယ်အစားများ သတ်မှတ်ခြင်း နှင့် နှစ်စဉ်ခုတ်ကွက်များ၏ ကွင်းဆင်း သတ်မှတ်ခြင်း၊

(၇) ကျေးရွာသားများအား ခုတ်စဉ်ခုတ်ကွက်ဖွင့်လှစ်မည့် ဧရိယာနှင့် ဖွင့်လှစ်မည့် အချိန်စသည်ဖြင့်ကြေငြာခြင်း။

(၈) ခုတ်ကွက်စဉ်အလိုက် ပြုစုပျိုးထောင်မည့် နည်းစနစ်များဖြစ်သော သစ်တောစိုက်ခင်းများ တည်ထောင်ခြင်း၊ ဓမ္မတာနည်းဖြင့် မျိုးဆက်ခြင်း၊ ငုတ်ချွန်တောခုတ်လှဲနည်းစနစ် (သို့မဟုတ်) ငုတ်ချွန် ပင်ကျန် ခုတ်လှဲနည်း စနစ်များနှင့် မျိုးဆက်ခြင်း၊ မျိုးကာကွယ်ခြင်း စသည့် လုပ်ငန်းဆောင်ရွက်ရန်အတွက် ပြဋ္ဌာန်းချက်များ သီးခြား ရေးဆွဲခြင်း၊

(၉) အနားပေးကွက်များတွင်လည်း အုပ်ချုပ်လုပ်ကိုင်မှု မြေပုံများကို ၄ လက္ခ ၁ မိုင် စကေးဖြင့် ရေးဆွဲခြင်း၊

(၁၀)သစ်တောစိုက်ပျိုး၊ ပြုစုမှုပျိုးထောင် နည်းစနစ်များဖြစ်သော နွယ်ဖြတ် ညောင်ပတ်လှဲခြင်း၊ ငုတ်တက်ချွန်ခြင်း၊ ပေါင်းသင်ရှင်းလင်းခြင်း၊ မီးကာကွယ်ခြင်းစသည့် လုပ်ငန်းများ ဆောင်ရွက်ရန်အတွက် ပြဋ္ဌာန်းချက်များ သီးခြားရေးဆွဲခြင်းတို့ ဖြစ်ပါသည်။

### ၉.၃.၂.၂ ပြည်သူလူထု ပူးပေါင်းဆောင်ရွက်ခြင်း

တမူးခရိုင်တွင် ဒေသထောက်ပံ့ရေးနှင့် ဒေသခံပြည်သူအစုအဖွဲ့ပိုင် အလုပ်တိုက်နယ်များ ဖွဲ့စည်းဆောင်ရွက်ရာတွင် ဒေသခံပြည်သူများ အနေဖြင့် ပါဝင်ဆောင်ရွက်မှု နည်းနေပြီး အာဏာပိုင်အဖွဲ့အစည်းများမှ တွန်းအားပေးမှုသာ

ဆောင်ရွက်သည့် အခြေအနေတွင် ရှိပါသေးသည်။ သို့ဖြစ်ပါ၍ ဒေသခံပြည်သူများ၏အသိစိတ်ဓာတ်မြင့်မားရေး၊ ဒေသခံ ပြည်သူများ ပူးပေါင်းပါဝင်ဆောင်ရွက်မှုများတိုးတက် လာစေရန်အတွက် ဝန်ထမ်းများအား ပြည်သူလူထု တိုးချဲ့ ပညာပေးရေးလုပ်ငန်းများကို ဒေသထောက်ပံ့ရေး အလုပ်တိုက်နယ်အနီးနှင့် ကျေးရွာများသို့ ကွင်းဆင်း စည်းရုံးခြင်း၊ ဟောပြောခြင်းများ ဆောင်ရွက်စေရန် တာဝန်ပေးအပ်သွားမည် ဖြစ်ပါသည်။

### ၉.၃.၂.၃ သစ်တောပညာပေးခြင်း

ဒေသခံပြည်သူတို့၏ လူမှုအဆင့်အတန်းမြင့်မားရေး ဝင်ငွေပိုမိုရရှိရေးအတွက် အလုပ် အကိုင်သစ်များပေါ်ထွန်းရေး၊ သစ်တောထွက်ပစ္စည်းများကို တန်ဖိုးအရှိဆုံး ပညာပေးရေး အဖွဲ့မှ ဝန်ထမ်းများမှ ၎င်းကျေးရွာများသို့ အလှည့်ကျ ဟောပြောပို့ချသွားရန် စီစဉ်ဆောင်ရွက်သွားမည် ဖြစ်ပါသည်။

## ၉.၃.၃ အဖွဲ့အစည်း လုပ်ထုံးလုပ်နည်းနှင့် ဥပဒေစည်းကမ်း စည်းမျဉ်းများဆိုင်ရာ စီစဉ် ခန့်ခွဲမှု

ဒေသထောက်ပံ့ရေး၊ ဒေသခံပြည်သူအစုအဖွဲ့ပိုင်သစ်တောများ တည်ထောင်ခြင်းအတွက် သစ်တောဥပဒေများ၊ ဒေသခံပြည်သူများ တည်ထောင်ခြင်းအတွက် ဥပဒေများ၊ ဒေသခံ ပြည်သူအစုအဖွဲ့ပိုင် သစ်တောလုပ်ငန်းဆိုင်ရာ ညွှန်ကြားချက်များ၊ လုပ်ထုံးလုပ်နည်းများ သတ်မှတ်ခဲ့ပြီးဖြစ်ပါသည်။ အဆိုပါလုပ်ထုံးလုပ်နည်းများနှင့်အညီ အကောင်အထည်ဖော် ဆောင်ရွက်သွားမည် ဖြစ်ပါသည်။

## ၉.၃.၄ ဘတ်ဂျက်နှင့်ဘဏ္ဍာရေး

ဒေသထောက်ပံ့ရေး အလုပ်တိုက်နယ်များမှ ထုတ်လုပ်သည့် သစ်နှင့်အခြား သစ်တောထွက်ပစ္စည်းများကို အလုပ်တိုက်နယ်အနီးရှိ ကျေးရွာများမှ ဒေသခံပြည်သူများ ထုတ်လုပ်လျှင် အခွန်လွတ်သင့်၍မြို့နေပြည်သူများ ထုတ်ယူသုံးစွဲက သစ်တောဦးစီးဌာနမှ သတ်မှတ်ထားသည့် အခွန်တော်ငွေများ ကောက်ခံ၍ ခွင့်ပြုသွားမည် ဖြစ်ပါသည်။ ဒေသခံပြည်သူများ အစုအဖွဲ့ပိုင်သစ်တောစိုက်ခင်းများ တည်ထောင်ရာတွင် နှစ်စဉ်ပျိုးထောင်ရန် သတ်မှတ် ထားသည့် လူထုဖြန့်ပျိုးပင်များကို ဖြန့်ဝေပြီး စိုက်ပျိုးသွားမည် ဖြစ်ပါသည်။ ၎င်းစိုက်ခင်းများ အတွက်ရှင်းလင်းခြင်း၊ ပန္နက်ရိုက်ခြင်း၊ ကျင်းတူးခြင်း၊ မြေဆွေးထည့်ခြင်း၊ စိုက်ပျိုးခြင်း၊ ဖာထေးခြင်း၊ ပေါင်းသင်ရှင်းလင်းခြင်း၊ မီးကာကွယ်ခြင်း လုပ်ငန်းများကို အနီးရှိ ကျေးရွာပြည်သူများ၏ လုပ်အားဖြင့် ဆောင်ရွက်သွားမည် ဖြစ်ပါသည်။

## ၉.၄ ရေဝေရေလဲသစ်တောများ

### ၉.၄.၁ အုပ်ချုပ်လုပ်ကိုင်မှုရည်ရွယ်ချက်များ

(၁)ရေ၊ မြေ၊ တောရိုင်းတိရစ္ဆာန်နှင့် သဘာဝဝန်းကျင်ကို ရေရှည်တည်တံ့စေရန်၊

(၂)ဆည်အတွင်း နုန်းပို့ချမှုနည်းပါးစေရန်၊

(၃)စိုက်ပျိုးရေလုံလောက်စွာရရှိစေရန်၊

(၄)လူ၊ တိရစ္ဆာန်တို့ အရိပ်ခိုနား အပန်းဖြေနားနေမှုရရှိစေရန်၊

(၅)ရာသီဥတုမျှတစေရန် တို့ဖြစ်ပါသည်။

### ၉.၄.၂ အုပ်ချုပ်လုပ်ကိုင်မှုနည်းလမ်းများ

ဆည်တမံများ သက်တမ်းရှည်ကြာ တည်တံ့စေရန် အရည်အသွေး အစဉ်ကောင်းမွန်နေစေရေး၊ ရေစီးရေလာကောင်းစေရေး၊ ရေဝင်ပမာဏကောင်းစေရေးအတွက် ရေဝေရေလဲဒေသများတွင် ပြည်သူလူထု ပူးပေါင်းပါဝင်ဆောင်ရွက်မှုဖြင့် စိုက်ခင်းများကို လိုအပ်သလို တည်ထောင်ခြင်းနှင့် မြေဆီလွှာထိန်းသိမ်းရေး လုပ်ငန်းများ (နုံးတားတမံ၊ ရေထိန်းတမံ)၊ ကွန်တိုကန်သင်းကန်၊ ရေစိမ့်မြောင်း၊ ရေလွှဲမြောင်း၊ ကွန်တိုစည်းရိုးနှင့် ဝါးစိုက်ပျိုးခြင်းများ ဆောင်ရွက်သွားရန်။

#### ၉.၄.၂.၁ ရေဝေရေလဲသစ်တောများအလုပ်တိုက်နယ်

##### ၉.၄.၂.၁.၁ အလုပ်တိုက်နယ်နှင့် လုပ်ကွက်စဉ်များဖွဲ့စည်းခြင်း

ရေဝေရေလဲအလုပ်တိုက်နယ်ကို အောက်ပါအတိုင်း ဖွဲ့စည်းမည် ဖြစ်ပါသည်။ တမူးခရိုင်တွင် ရေဝေရေလဲအလုပ်တိုက်နယ် (၁)ခုဖြင့် ဖွဲ့စည်းသွားမည် ဖြစ်ပါသည်။ ၎င်းအလုပ်တိုက်နယ်တွင် ဆည်ငယ်(၅)ခုဖြင့် ဖွဲ့စည်းထားပါသည်။ ဇယား(၉-၄-၂-၁-၁) ဖြင့် ဖော်ပြထားပါသည်။

## တမူးခရိုင်အတွင်းရှိ ဆည်အမည်နှင့်ရေဝေရေလဲအလုပ်တိုက်နယ်စာရင်း

ဇယား(၉-၄-၂-၁-၁)

| လုပ်ကွက်စဉ် | ဆည်အမည် | ကြိုးဝိုင်း/ကြိုးပြင် | ဧရိယာ(ဧက) | မှတ်ချက် |
|---|---|---|---|---|
| (၁) | (၂) | (၃) | (၄) | (၅) |
| I | ရာနိုး | ကဘော်ကြိုးဝိုင်း | ၈၆၀၀ | |
| II | တုံးကျော် | ။ | ၂၅၆၀ | |
| III | ဝက်ရှူ့ | ။ | ၃၂၀၀ | |
| IV | စေတီ | ကြိုးပြင်အပတော | ၈၉၆၀ | |
| V | သနန် | မင်းသမီးတောင်တန်း ကြိုးပြင်ကာကွယ်တော | ၃၂၀၀ | |
| ရေဝေရေလဲအလုပ်တိုက်နယ်ဧရိယာပေါင်း | | | ၂၆၅၂၀ | |

ဇစ်မြစ်- ခရိုင်သစ်တောဦးစီးဌာန၊ တမူးမြို့

### ၉.၄.၂.၁.၁.၁သစ်ပင်ပေါက်ရောက်မှုအခြေအနေ

အိန္ဒိယနိုင်ငံဘက်မှ စီးဆင်းလာသည့် ချောင်းငယ်များကိုပိတ်လျက် (ကဘော်ကြိုးဝိုင်းနှင့် ကြိုးပြင်တောအတွင်း) တစ်ဖက်ရပ် ဆည်ငယ်(၅) ခုနှင့် မင်းသမီးတောင်တန်းကြိုးပြင်တောအတွင်း သနန်ဆည်(၁)ခု၏ ဝန်းကျင်တွင် အထက်ရွက်ပြတ် ရောနှောတော၊ အောက်ရွက်ပြတ် ရောနှောတောနှင့် အင်တိုင်းတောတို့ ကောင်းမွန်စွာ ပေါက်ရောက် ကြပါသည်။

### ၉.၄.၂.၁.၁.၂သစ်တောစိုက်ပျိုးပြုစုနည်းစနစ်

ဆည်ငယ်(၅)ခု၏ ဝန်းကျင်တွင် သစ်တောဖုံးလွှမ်းမှုကောင်းသဖြင့် ရေဝေရေလဲစိုက်ခင်းများ တည်ထောင်ရန် မလိုအပ်ပါ။ သဘာဝတောထိန်းသိမ်းခြင်းလုပ်ငန်းကို ဆောင်ရွက်သွားမည် ဖြစ်ပါသည်။

### ၉.၄.၂.၁.၁.၃ခုတ်ပတ်

ရေဝေရေလဲ အလုပ်တိုက်နယ် ဖြစ်သဖြင့် သစ်ထုတ်လုပ်မှုမရှိသဖြင့် ခုတ်ပတ် သတ်မှတ်ရန် မလိုအပ်ပါ။

### ၉.၄.၂.၁.၁.၄ထုတ်လုပ်ခွင့်ပြုသည့် အရွယ်အစား

သစ်ထုတ်ရန်မရှိသဖြင့် ထုတ်လုပ်ခွင့်ပြုသည့် အရွယ်အစား သတ်မှတ်ရန် မလိုအပ်ပါ။

### ၉.၄.၂.၁.၁.၅တောထွက် တွက်ချက်ခြင်းနှင့်ထိန်းသိမ်းခြင်း

သစ်ထုတ်မည့်တောမဟုတ်သဖြင့် သစ်တောထွက် တွက်ချက်ခြင်းမရှိပါ။

### ၉.၄.၂.၁.၁.၆အုပ်ချုပ်လုပ်ကိုင်မှုဆိုင်ရာ ပြဌာန်းချက်များ (စီမံအုပ်ချုပ်မည့် နည်းလမ်းများ)

(က) လိုအပ်သောနေရာများ၌ သစ်တောသစ်ပင် ထိန်းသိမ်းကာကွယ်ခြင်းနှင့် သစ်တောစိုက်ခင်းများ တည်ထောင်သွားပါမည်။

(ခ) မြေစားမြေပြိုခြင်းကို ကာကွယ်သည့် ရေမြေထိန်းသိမ်းရေး လုပ်ငန်းများ ဆောင်ရွက်သွားပါမည်။

(ဂ) နုံးပို့မှုကို လျှော့နည်းစေမည့် နုံးစစ်ကန်များ၊ နုံးထိန်းဆည်များကို လိုအပ်သလို တည်ဆောက်သွားပါမည်။

(ဃ) ဒေသခံပြည်သူအစုအဖွဲ့ပိုင် သစ်တောများ တည်ထောင်သည့် အလုပ်တိုက်နယ်များတွင် အုပ်ချုပ်လုပ်ကိုင်မှုဆိုင်ရာ ပြဌာန်းချက်များကို ဒေသခံ ပြည်သူအစုအဖွဲ့ပိုင် သစ်တောလုပ်ငန်းဆိုင်ရာ ညွှန်ကြားချက်များအတိုင်း ပြဌာန်းဆောင်ရွက်သွားပါမည်။

(င) သီးနှံသစ်တောရောနှောစိုက်ပျိုးသည့် အလုပ်တိုက်နယ်များတွင် သီးနှံသစ်တောတည်ထောင်ခြင်းအတွက် ရေးဆွဲထားသည့် အုပ်ချုပ်လုပ်ကိုင်မှု ဆိုင်ရာ ပြဌာန်းချက်များအတိုင်း လိုက်နာ ဆောင်ရွက်သွားပါမည်။

(စ) ရေဝေရေလဲဒေသ အလုပ်တိုက်နယ် ဖြစ်သည့်အတွက် ရေမြေထိန်းသိမ်းရေး၊ မြေတိုက်စားမှုမဖြစ်စေရေး၊ သက်ဆိုင်ရာ ဆည်မြောင်း တမံများတွင် ရေ လုံလောက်စွာနှင့် ရေကောင်းရေသန့် ရရှိနိုင်စေရေး စသည့် အကျိုးပြု လုပ်ငန်းများ ဖြစ်ပေါ်စေရန် (သို့မဟုတ်) မထိခိုက်စေရန်အတွက် အထူးသတိပြုဆောင်ရွက် သွားမည်ဖြစ်ပါသည်။

### ၉.၄.၂.၂ ပြည်သူလုထုပူးပေါင်းပါဝင်ဆောင်ရွက်ခြင်း

တမူးခရိုင်တွင် နေထိုင်လျက်ရှိသော ပြည်သူလုထုများအနေနှင့် ရေဝေရေလဲ၏ အဓိပ္ပါယ် ကို နားလည်သိရှိသူ နည်းပါးပါလိမ့်မည်။ ပြည်သူလုထုမှ ပူးပေါင်းပါဝင်

ဆောင်ရွက်လာ ကြစေရန် သဘာဝတောများကို ထိန်းသိမ်းလာကြစေရန် သစ်တော ဘိနယ်ဝန်ထမ်းများမှ စည်းရုံးဆောင်ရွက်သွားမည် ဖြစ်ပါသည်။

**၉.၄.၂.၃ သစ်တောပညာပေးခြင်း**

တမူးခရိုင်အတွင်းရှိ ဆည်(၅)ခုကို ရေဝေရေလဲ အလုပ်တိုက်နယ်အဖြစ် ဖွဲ့စည်း ထိန်းသိမ်း ထားကြောင်း၊ ဆည်အတွင်း နုန်းပို့ချမှုနည်းစေရန်၊ စိုက်ပျိုးရေး ထာဝစဉ်ရရှိစေရန် အကောင်းဆုံးသောနည်းလမ်းမှာ ဆည်ငယ်များကိုဝန်းရံထား သည့် သဘာဝတောကြီးအား ထိန်းသိမ်းစောင့်ရှောက်ရန် အဓိကတာဝန် ဖြစ်ကြောင်း၊ ပြည်သူများ သိရှိလိုက်နာ ထိန်းသိမ်းတတ်လာစေရန် သစ်တော ဦးစီးဌာနမှ ဘိနယ်ဝန်ထမ်းများမှ ကွင်းဆင်းလျှက် တိုးချဲ့ပညာပေးခြင်း လုပ်ငန်း များကို အထူးဆောင်ရွက်သွားကြရမည် ဖြစ်ပါသည်။

## ၉.၅ သစ်မဟုတ်သည့် သစ်တောထွက်ပစ္စည်းများ

### ၉.၅.၁ အုပ်ချုပ်လုပ်ကိုင်မှုဆိုင်ရာရည်ရွယ်ချက်များ

(၁)နိုင်ငံဘဏ္ဍာငွေရှာဖွေနိုင်လျက် ဂျီ.ဒီ.ပီ ပြည့်မီရေး အထောက်အပံ့ဖြစ်စေရန်၊

(၂)သစ်မဟုတ်သည့် သစ်တောထွက်ပစ္စည်းများ ရှာဖွေရောင်းချလျက် ကျေးလက်နေ ပြည်သူများ စားဝတ်နေရေး အဆင်ပြေချောမွေ့စေရန်၊

(၃)သစ်တောပြုန်းတီးခြင်းမှ ကာကွယ်ရန်၊

### ၉.၅.၂ အုပ်ချုပ်လုပ်ကိုင်မှုနည်းလမ်းများ

တမူးခရိုင် အလှော်ကြိုးဝိုင်းအတွင်းရှိ ဝါး၊ ကြိမ်၊ သစ်ခေါက် စသည့် သစ်မဟုတ် သည့် အခြားသစ်တောထွက်ပစ္စည်းများ နှစ်စဉ်ထုတ်လုပ်မှုရှာလာစေရန် ပြည်သူ လူထုအား ထာဝစဉ် ထုတ်လုပ်နိုင်မည့် နည်းလမ်းများရရှိစေရန် ပညာပေးစည်းရုံး ဆောင်ရွက်သွားမည် ဖြစ်ပါ သည်။

### ၉.၅.၂.၁ သစ်မဟုတ်သည့် သစ်တောထွက်ပစ္စည်းအလုပ်တိုက်နယ်

**၉.၅.၂.၁.၁ အလုပ်တိုက်နယ်နှင့်လုပ်ကွက်စဉ်ဖွဲ့စည်းခြင်း**

တမူးခရိုင်တွင် ဝါး၊ ကြိမ်၊ သစ်ခေါက် စသည့် သစ်မဟုတ်သည့် သစ်တောထွက် ပစ္စည်းများအနေဖြင့် ထွက်ရှိနိုင်မည့်ပမာဏနှင့် စီးပွားဖြစ် ရောင်းဝယ်နိုင်သည့် အခြေအနေ ပေါ်မူတည်၍ မင်းသမီးကြိုးပြင်ကာကွယ်တောတွင် (၆၀)ဧကနှင့် အတွင်းရိုးမကြိုးပြင်ကာကွယ်တောတွင် (၂၀၀)ဧကနှင့် ထုတ်လုပ်ရေးအလုပ် တိုက်နယ် ဧရိယာ (၁၆၄၃၂၉)ဧက အား ဖွဲ့စည်း ထားရှိပါသည်။

### ၉.၅.၂.၁.၁.၁ အပင်ပေါက်ရောက်မှု/ထွက်ရှိမှု အခြေအနေ

အလျော်ကြိုးဝိုင်းအတွင်း ဝါး၊ ကြိမ် ပေါက်ရောက်မှုရှိပြီး ထုတ်လုပ်လိုပါ က မိုးရာသီတွင် ချောင်းငယ်များမှ ဖောင်ဖွဲ့မျောချပြီး လှည်း၊ ကား တို့ဖြင့် အဆင့်ဆင့်သယ်ယူပါက ထုတ်လုပ်နိုင်မည့် အခြေအနေ ရှိပါသည်။ တမူးခရိုင် အတွင်း ရှိသဘာဝတောများတွင် ဝါးပေါက် ရောက်မှု အခြေအနေကို ဇယား(၂-၃-၃-၁) တွင်ဖော်ပြခဲ့ပြီးဖြစ်ပါသည်။

### ၉.၅.၂.၁.၁.၂ သစ်တောစိုက်ပျိုးပြုစုခြင်းနည်းစနစ်

သစ်မဟုတ်သည့် သစ်တောထွက်ပစ္စည်းများ အနေနှင့်စိုက်ခင်းအသွင် စိုက်ပျိုးခြင်း မရှိသေးပါ။ တောထဲတွင် သဘာဝအလျောက် မျိုးပွားခြင်းသာရှိပါသည်။ သဘာဝတော ထိန်းသိမ်းခြင်းလုပ်ငန်း၊ ဓမ္မတာ မျိုးဆက်ခြင်း လုပ်ငန်း အနေနှင့်သာ ထိန်းသိမ်းပြုစုရန်လိုပါမည်။

### ၉.၅.၂.၁.၁.၃ ခုတ်ပတ်

စီးပွားဖြစ် ထုတ်လုပ်မှုမရှိ၍ သစ်တောထွက်ပစ္စည်း အမျိုးအစားအလိုက် (ဝါး၊ ကြိမ်) အလုပ်တိုက်နယ် သတ်မှတ်ထားခြင်း မရှိသောကြောင့် ခုတ်ပတ် သတ်မှတ်ထားခြင်းမရှိပါ ။

### ၉.၅.၂.၁.၁.၄ ထုတ်လုပ်ခွင့်ပြုသည့် အရွယ်အစားနှင့်ပမာဏ

ထုတ်လုပ်မည့် သစ်တောထွက်ပစ္စည်း အမျိုးအစားပေါ်မူတည်၍ ထုတ်လုပ်ခွင့်ပြုသည့် အရွယ်အစားနှင့် ပမာဏတို့ကို ဦးစီးရုံးချုပ်၏ လျာထားချက်အရ နှစ်စဉ်သတ်မှတ်သွားမည်ဖြစ်ပါသည်။

### ၉.၅.၂.၁.၁.၅ တောထွက်ချက်ခြင်း

စီးပွားဖြစ်ထုတ်လုပ်မှု မရှိသေးသဖြင့် တောထွက်တွက်ချက်မှုအား ဌာနဆိုင်ရာ ညွှန်ကြားချက်နှင့်အညီ ဆောင်ရွက်သွားပါမည်။ AAC တွက်ချက်ရာတွင် ယခင် ၂၀၁၃-၁၄ ခုနှစ်သစ်တောသယံဇာတ စာရင်း ကောက်ယူခဲ့သည့် ကိန်းဂဏန်းများကို အခြေခံ၍ တွက်ချက်သွားမည် ဖြစ်ပါသည်။

နှစ်စဉ်တောထွက်=(၂.၅xအတန်းအစား(II)+၂x အတန်းအစား(I))/၁၀

## ဝါးနှစ်စဉ်တောထွက်တွက်ချက်ခြင်း

| အသက် | လက်ရှိ ပေါက်ရောက် နေသည့် ဝါး(လုံးရေ) | ရှင်ပင်မှု ရာခိုင်နှုန်း | ရှင်ပင်အရေ အတွက် (လုံးရေ) |
|---|---|---|---|
| ၁ နှစ်သား (ဝါးနု) | ၁၄၉၅၈၄၇၀ | ၈၀ % | ၁၁၉၆၆၇၇၆ |
| ၂ နှစ်သား (ကညင်) | ၁၁၁၇၄၃၄၀ | | ၈၉၃၉၄၇၂ |
| အတန်းအစား (II) | | | ၂၀၉၀၆၂၄၈ |
| ၃ နှစ်နှင့် အထက် (ဝါးရင့်) | ၁၀၇၃၄၄၄၀ | ၉၀ % | ၉၆၆၀၉၉၆ |
| အတန်းအစား (I) | | | ၉၆၆၀၉၉၆ |

ဇစ်မြစ် - ခရိုင်သစ်တောဦးစီးဌာန၊ တမူးမြို့

နှစ်စဉ်တောထွက် = (၂.၅ X အတန်းအစား (II) + ၂ X အတန်းအစား (I) )/ ၁၀

= (၂.၅ X ၂၀၉၀၆၂၄၈ + ၂ X ၉၆၆၀၉၉၆) / ၁၀

= (၅၂၂၆၅၆၂ + ၁၉၃၂၁၉၉၂) / ၁၀

= ၇၁၅၈၇၆၁၂ / ၁၀

= ၇၁၅၈၇၆၁

= ၇၁၅၈၇၆၀ လုံး

### ၉.၅.၂.၁.၁.၆ သက်ပတ်

ဌာနဆိုင်ရာ ညွှန်ကြားချက်နှင့်အညီ ဝါးသတ်ပတ်(၃)နှစ် သတ်မှတ်ဆောင်ရွက် သွားမည် ဖြစ်ပါသည်။

### ၉.၅.၂.၁.၁.၇ အုပ်ချုပ်လုပ်ကိုင်မှုဆိုင်ရာပြဋ္ဌာန်းချက်များ (စီမံအုပ်ချုပ်မည့် နည်းလမ်းများ)

အုပ်ချုပ်လုပ်ကိုင်မှုဆိုင်ရာ ပြဋ္ဌာန်းချက်များ ဌာနဆိုင်ရာ ညွှန်ကြားချက်များ လုပ်ထုံးလုပ်နည်းများ သစ်တောဥပဒေ၊ နည်းဥပဒေများအတိုင်း လိုက်နာ ဆောင်ရွက်သွားမည် ဖြစ်ပါသည်။

(က) သစ်မဟုတ်သည့် သစ်တောထွက်ပစ္စည်း အလုပ်တိုက်နယ်ကို သစ်တော ဖုံးလွှမ်းလျက်ရှိသော အစိုးရမြေ (ကြိုးပြင်တော)တွင် ဖွဲ့စည်းပါက ကြိုးပြင်ကာကွယ်တောအဖြစ် ဖွဲ့စည်းရန်။

(ခ) ဤအလုပ်တိုက်နယ်မှ ထုတ်လုပ်မည့် သစ်မဟုတ်သည့် သစ်တော ထွက်ပစ္စည်းများ၏ ပေါက်ရောက်မှု/ ထွက်ရှိမှု စာရင်းများ ကောက်ယူ ရန်။

(ဂ) ဤအလုပ်တိုက်နယ်မှ ထုတ်လုပ်မည့် သစ်မဟုတ်သည့် သစ်တော ထွက် ပစ္စည်းများ၏ စီမံကိန်း(၁၀)နှစ်တာ ကာလအတွင်း ထုတ်လုပ်မှု အစီ အစဉ်ကို ခုတ်စဉ်အလိုက်ရေးဆွဲ၍ အကောင်အထည်ဖော် ဆောင်ရွက်ရန်။

(ဃ) သစ်မဟုတ်သည့် သစ်တောထွက်ပစ္စည်း ထုတ်ယူခွင့်ပြုသည့် အရွယ် အစား၊ ထုတ်ယူခွင့်ပြုသည့်အချိန်ကာလ၊ ထုတ်ယူခွင့်ပြုသည့် နေရာ ဒေသ၊ ထုတ်ယူခွင့်ပြုမည့် နည်းစနစ်နှင့် အခွန်တော်နှုန်းထားများ ကိုပြဋ္ဌာန်း ချက်များတွင် ထည့်သွင်းဖော်ပြပေးရန် ဖြစ်ပါသည်။

### ၉.၅.၂.၂ သယံဇာတစာရင်းကောက်ယူခြင်း

သစ်မဟုတ်သည့် အခြားသစ်တောထွက် ပစ္စည်းများတွင် ဝါးစာရင်းကောက် ယူမှုကိုသာ ဆောက်ရွက်ခဲ့ပါသည်။ အခြားသစ်တောထွက် ပစ္စည်းများထွက်ရှိမှု အား စာရင်းကောက် ယူနိုင်ခြင်းမရှိပါ။ ဝါးထွက်ရှိမှုအား ဇယား(၂-၃-၃-၁)တွင် ဖော်ပြထားပြီး ဖြစ်ပါသည်။

## ၉.၆ သဘာဝထိန်းသိမ်းရေးနယ်မြေများ

တမူးခရိုင်တွင် သဘာဝထိန်းသိမ်းရေးနယ်မြေများ မရှိပါ။

## တမူးခရိုင်အတွင်းဖွဲ့စည်းတည်ထောင်ရန်ရည်ရွယ်ထားသည့်သဘာဝထိန်းသိမ်း ရေးနယ်မြေများစာရင်း

ဇယား(၉-၆)

| စဉ် | သဘာဝ ထိန်းသိမ်းရေး နယ်မြေအမျိုးအစား | တည်နေရာ | ဧရိယာအကျယ်အဝန်း (ဧက/စတုရန်းမိုင်) | မှတ်ချက် |
|---|---|---|---|---|
| (၁) | (၂) | (၃) | (၄) | (၅) |
| | ------------------မရှိပါ------------------- | | | |

ဇစ်မြစ် - ခရိုင်သစ်တောဦးစီးဌာန၊ တမူးမြို့

### ၉.၆.၁ ဂေဟစနစ်များ အုပ်ချုပ်လုပ်ကိုင်ခြင်း

တမူးခရိုင်တွင် ဂေဟစနစ်အုပ်ချုပ်လုပ်ကိုင်ခြင်း မရှိပါ။

### ၉.၆.၁.၁ အုပ်ချုပ်လုပ်ကိုင်မှုရည်ရွယ်ချက်များ

သစ်တောခရိုင်အတွင်း ၁၉၉၄ ခုနှစ် ဥပဒေအရ သဘာဝထိန်းသိမ်းရေးနယ်မြေ အမျိုး အစားတစ်မျိုး သို့မဟုတ် တစ်မျိုးထက်ပိုမို၍ သတ်မှတ်ထားရှိနိုင်ပါသည်။ သဘာဝ ထိန်းသိမ်းရေးနယ်မြေ သတ်မှတ်ထားခြင်း မရှိသော သစ်တောခရိုင် များလည်း ရှိမည်ဖြစ်ပါသည်။ သဘာဝထိန်းသိမ်းရေး နယ်မြေများ သတ်မှတ်လျက် ဂေဟစနစ်များကို ထိန်းသိမ်းကာကွယ် အုပ်ချုပ်လုပ်ကိုင်ရာတွင် အောက်ပါ ဖော်ပြထားသော ရည်ရွယ်ချက် များအနက် တစ်ခု (သို့မဟုတ်) တစ်ခုထက်ပိုမို၍ ထားရှိ မည်ဖြစ်ပါသည်။

(က) အစိုးရ၏ တောရိုင်းတိရစ္ဆာန်နှင့် သဘာဝအပင်များ ကာကွယ်ရေးဆိုင်ရာ မူဝါဒကို အကောင်အထည်ဖော်ရန်။

(ခ) အစိုးရ၏ သဘာဝနယ်မြေများ ထိန်းသိမ်းရေးဆိုင်ရာမူဝါဒကို အကောင်အ ထည် ဖော်ရန်။

(ဂ) တောရိုင်းတိရစ္ဆာန်နှင့် သဘာဝအပင်များ၊ သက်ရှိသက်မဲ့ ဖွဲ့စည်းမှုများနှင့် ရာသီ အလိုက် ဒေသပြောင်းရွှေ့ ကျက်စားလေ့ရှိသော ငှက်များကို ကာကွယ် ထိန်းသိမ်း ရေးနှင့်စပ်လျဉ်း၍ နိုင်ငံတော်က လက်ခံသဘောတူသော အပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းများနှင့်အညီ ဆောင်ရွက်ရန်။

(ဃ) မျိုးသုန်းမည့် အန္တရာယ်ရှိသည့် တောရိုင်းတိရစ္ဆာန်များ၊ သဘာဝအပင်များနှင့် ယင်းတို့၏ နေရင်းဒေသများကို ကာကွယ် ထိန်းသိမ်းရန်နှင့် အခြားထူးခြားသည့် အသွင်အပြင် လက္ခဏာရှိသော နေရာဒေသများအား နိုင်ငံတော်၏ ယဉ်ကျေးမှု အမွေ အနှစ်အဖြစ် ထိန်းသိမ်းရန်။

(င) သဘာဝသိပ္ပံဆိုင်ရာ သုတေသနလုပ်ငန်းများကို အထောက်အကူဖြစ်စေရန်။

(စ) တိရစ္ဆာန်ဥယျာဉ်နှင့် ရုက္ခဗေဒဥယျာဉ်များ တည်ထောင်ခြင်းဖြင့်တောရိုင်းတိရစ္ဆာန် နှင့် သဘာဝအပင်များကို ကာကွယ်ရန်။

(ဆ) တောရိုင်းတိရစ္ဆာန်နှင့် သဘာဝအပင်များ ထိန်းသိမ်းကာကွယ်ခြင်းဆိုင်ရာ အသိ ပညာများ ပြည်သူလူထုအတွင်း စိမ့်ဝင်ပျံ့နှံ့စေရန်။

(ဇ) ပြည်သူလူထုအတွက် အပန်းဖြေအနားယူမှု အခွင့်အလမ်းများ ဖော်ထုတ်ပြီး သဘာဝအခြေခံ ခရီးသွားလုပ်ငန်းကို မြှင့်တင်ရန်။

**၉.၆.၁.၂ အုပ်ချုပ်လုပ်ကိုင်မှုနည်းလမ်းများ/အမျိုးအစားများ**

ဥပဒေဖြင့် သတ်မှတ်ထားသော သဘာဝထိန်းသိမ်းရေးနယ်မြေ အမျိုးအစားကွဲပြား သည်နှင့် အမျှ ၎င်းတို့၏ဂေဟစနစ်ကို ထိန်းသိမ်းအုပ်ချုပ် လုပ်ကိုင်သည့် နည်းလမ်းများ ကွဲပြားမည်ဖြစ်ပါသည်။

**၉.၆.၁.၂.၁ လုံးဝကာကွယ်ထိန်းသိမ်းထားသော သဘာဝကြိုးဝိုင်း**

တမူးခရိုင်အတွင်း လုံးဝကာကွယ် ထိန်းသိမ်းထားသော သဘာဝကြိုးဝိုင်း မရှိပါ။

**၉.၆.၁.၂.၂ အမျိုးသားဥယျာဉ်**

တမူးခရိုင်တွင် အမျိုးသားဥယျာဉ် တည်ထောင်ထားခြင်း မရှိပါ။

**၉.၆.၁.၂.၃ သဘာဝထူးခြားသည့်မြေပြင်လက္ခဏာ**

တမူးခရိုင်တွင် သဘာဝထူးခြားသည့် မြေပြင်လက္ခဏာ မရှိပါ။

**၉.၆.၁.၂.၄ တောရိုင်းတိရစ္ဆာန်နှင့်သဘာဝအပင်များဘေးမဲ့တော**

တမူးခရိုင်တွင် တောရိုင်းတိရစ္ဆာန်နှင့် သဘာဝအပင်များ ဘေးမဲ့တော မရှိပါ။

**၉.၆.၁.၂.၅ ကာကွယ်ထိန်းသိမ်းထားသော တောတောရေမြေရှုခင်း**

တမူးခရိုင်တွင် ကာကွယ်ထိန်းသိမ်းထားသော တောတောရေမြေရှုခင်း မရှိပါ။

**၉.၆.၁.၂.၆သဘာဝသယံဇာတ အရင်းအမြစ်ကြိုးဝိုင်း**

တမူးခရိုင်တွင် သဘာဝသယံဇာတ အရင်းအမြစ်ကြိုးဝိုင်း မရှိပါ။

**၉.၆.၁.၂.၇ဇီဝဆိုင်ရာ သဘာဝနယ်မြေ**

တမူးခရိုင်တွင် ဇီဝဆိုင်ရာ သဘာဝနယ်မြေ မရှိပါ။

**၉.၆.၁.၂.၈ဘက်စုံအသုံးချရေး အုပ်ချုပ်လုပ်ကိုင်မှုနယ်မြေ**

တမူးခရိုင်တွင် ဘက်စုံအသုံးချရေး အုပ်ချုပ်လုပ်ကိုင်မှုနယ်မြေ မရှိပါ။

**၉.၆.၁.၂.၉ဇီဝဝန်းကျင်ကြိုးဝိုင်း**

တမူးခရိုင်အတွင်း ဇီဝဝန်းကျင်ကြိုးဝိုင်း မရှိပါ။

**၉.၆.၁.၂.၁၀ ကမ္ဘာ့အမွေအနှစ်ထိန်းသိမ်းရေးကြိုးဝိုင်း**

တမူခရိုင်းတွင် ကမ္ဘာ့အမွေအနှစ် ထိန်းသိမ်းရေးကြိုးဝိုင်း မရှိပါ။

**၉.၆.၁.၂.၁၁အခြားကြိုးဝိုင်းများ**

တမူးခရိုင်တွင် အခြားကြိုးဝိုင်းများ မရှိပါ။

**၉.၆.၁.၃ ဥယျာဉ်စီမံအုပ်ချုပ်လုပ်ကိုင်ခြင်း**

တမူးခရိုင်တွင် ဥယျာဉ်စီမံအုပ်ချုပ်လုပ်ကိုင်ခြင်း မရှိပါ။

**၉.၆.၁.၄ တရားဥပဒေစိုးမိုးရေး**

တောရိုင်းတိရစ္ဆာန်နှင့် သဘာဝအပင်များ ကာကွယ်ရေးနှင့် သဘာဝနယ်မြေများ ထိန်းသိမ်းရေး ဥပဒေကို ၁၉၉၄ ခုနှစ်တွင် ပြဋ္ဌာန်းပြီး ဖြစ်ပါသည်။ ယင်းဥပဒေတွင် ဖော်ပြထားသည်ကို တိကျစွာ အကောင်အထည်ဖော်ဆောင်ရန် ဖြစ်ပါသည်။

**၉.၆.၁.၅ ကြားခံနယ်မြေအုပ်ချုပ်လုပ်ကိုင်ခြင်း**

တမူးခရိုင်တွင် ကြားခံနယ်မြေ အုပ်ချုပ်လုပ်ကိုင်ခြင်း မရှိသေးပါ။

**၉.၆.၁.၆ ပညာပေးအစီအစဉ်**

တမူးခရိုင်တွင် ပညာပေးအစီအစဉ် ဆောင်ရွက်နိုင်ခြင်း မရှိသေးပါ ။

**၉.၆.၁.၇ သဘာဝအခြေခံခရီးသွားလုပ်ငန်း**

တမူးခရိုင်တွင် သဘာဝအခြေခံ ခရီးသွားလုပ်ငန်းများ မရှိသေးပါ။

### ၉.၆.၁.၈ ဇီဝမျိုးစုံမျိုးကွဲ စာရင်းကောက်ယူခြင်း

ဇီဝမျိုးစုံမျိုးကွဲ စာရင်းကောက်ယူခြင်း မရှိသေးပါ။

### ၉.၆.၁.၉ နေရင်းဒေသ ပြန်လည်တည်ထောင်ထိန်းသိမ်းခြင်း

တမူးခရိုင်တွင် နေရင်းဒေသ ပြန်လည်တည်ထောင်ထိန်းသိမ်းခြင်း မရှိပါ။

### ၉.၆.၁.၁၀ ကြီးကြပ်စစ်ဆေးခြင်းနှင့်အကဲဖြတ်ခြင်း

တမူးခရိုင်တွင် ကြီးကြပ်စစ်ဆေးခြင်းနှင့် အကဲဖြတ်ခြင်း မရှိပါ။

## ၉.၆.၂ တောရိုင်းတိရစ္ဆာနှင့် သဘာဝအပင်များ အုပ်ချုပ်လုပ်ကိုင်ခြင်း

### ၉.၆.၂.၁ အုပ်ချုပ်လုပ်ကိုင်မှု ရည်မှန်းချက်များ

၁၉၉၄ ခုနှစ်တွင်ပြဌာန်းသော တောရိုင်းတိရစ္ဆာန်နှင့် သဘာဝအပင်များ ကာကွယ်ရေး နှင့် သဘာဝနယ်မြေများ ထိန်းသိမ်းရေးဥပဒေတွင် ပါရှိသည့် အောက်ဖော်ပြပါ ရည်ရွယ်ချက်များအနက် တစ်ခုကိုဖြစ်စေ၊ တစ်ခုထက်ပိုမို၍ ဖြစ်စေ ရည်ရွယ်ချက် အဖြစ် ထားရှိ နိုင်ပါသည်။

(က) အစိုးရ၏ တောရိုင်းတိရစ္ဆာန်နှင့် သဘာဝအပင်များ ကာကွယ်ရေးဆိုင်ရာ မူဝါဒကို အကောင် အထည်ဖော်ရန်။

(ခ) အစိုးရ၏ သဘာဝနယ်မြေများ ထိန်းသိမ်းရေးဆိုင်ရာမူဝါဒကို အကောင် အထည် ဖော်ရန်။

(ဂ) တောရိုင်းတိရစ္ဆာန်နှင့် သဘာဝအပင်များ၊ သက်ရှိသက်မဲ့ ဖွဲ့စည်းမှုများနှင့် ရာသီအလိုက် ဒေသပြောင်းရွှေ့ ကျက်စားလေ့ရှိသော ငှက်များကို ကာကွယ် ထိန်းသိမ်းရေးနှင့်စပ်လျဉ်း၍ နိုင်ငံတော်က လက်ခံသဘောတူသော အပြည် ပြည်ဆိုင်ရာကွန်ဗင်းရှင်းများနှင့်အညီဆောင်ရွက်ရန်။

(ဃ) မျိုးသုန်းမည့်အန္တရာယ်ရှိသည့် တောရိုင်းတိရစ္ဆာန်များ၊ သဘာဝအပင်များ နှင့် ယင်းတို့၏ နေရင်းဒေသများကို ကာကွယ်ထိန်းသိမ်းရန်နှင့် အခြား ထူးခြားသည့် အသွင်အပြင် လက္ခဏာရှိသော နေရာဒေသများအား နိုင်ငံတော်၏ ယဉ်ကျေးမှု အမွေအနှစ်အဖြစ် ထိန်းသိမ်းရန်။

(င) သဘာဝသိပ္ပံဆိုင်ရာ သုတေသနလုပ်ငန်းများကို အထောက်အကူဖြစ်စေရန်။ အသွင်အပြင်လက္ခဏာရှိသော နေရာဒေသများအား နိုင်ငံတော်၏ ယဉ်ကျေးမှု အမွေ အနှစ်အဖြစ် ထိန်းသိမ်းရန်။

(စ) တိရစ္ဆာန်ဥယျာဉ်နှင့် ရုက္ခဗေဒဥယျာဉ်များ တည်ထောင်ခြင်းဖြင့် တောရိုင်း တိရစ္ဆာန် နှင့်သဘာဝအပင်များကို ကာကွယ်ရန်။

(ဆ) တောရိုင်းတိရစ္ဆာန်နှင့် သဘာဝအပင်များ ထိန်းသိမ်းကာကွယ်ခြင်းဆိုင်ရာ အသိ ပညာများ ပြည်သူလူထုအတွင်း စိမ့်ဝင်ပျံ့နှံ့စေရန်။

(ဇ) ပြည်သူလူထုအတွက် အပန်းဖြေအနားယူမှု အခွင့်အလမ်းများ ဖော်ထုတ်ပြီး သဘာဝအခြေခံခရီးသွားလုပ်ငန်းကို မြှင့်တင်ရန်။

**၉.၆.၂.၂ အုပ်ချုပ်လုပ်ကိုင်မှုနည်းလမ်းများ**

တောရိုင်းတိရစ္ဆာန်နှင့် သဘာဝအပင်များကို သဘာဝထိန်းသိမ်းရေးနယ်မြေများ သတ်မှတ်၍ ကာကွယ်ရာတွင် သဘာဝထိန်းသိမ်းရေးနယ်မြေ အမျိုးအစား ကွဲပြား သည့် အတွက်လည်းကောင်း၊ ရည်ရွယ်ချက်ကွဲပြားသည့်အတွက် လည်းကောင်း၊ အုပ်ချုပ်လုပ်ကိုင်မှု နည်းလမ်းများကွဲပြားခြင်းနားစွာဖြင့် အုပ်ချုပ်လုပ် ကိုင်ရန် လိုအပ်ပါသည်။

**၉.၆.၂.၂.၁ နေရင်းဒေသအတွင်း/ပြင်ပကာကွယ်ထိန်းသိမ်းခြင်း**

**နေရင်းဒေသအတွင်း ကာကွယ်ထိန်းသိမ်းခြင်း**

မျိုးရိုးဗီဇအရင်းအမြစ်များနှင့် ထူးခြားသောသွင်ပြင်လက္ခဏာများကို မူရင်း ဂေဟ စနစ်များနှင့် သဘာဝနေရင်းဒေသများအတွင်း ကာကွယ် ထိန်းသိမ်းရန် ဖြစ်ပါသည်။

**နေရင်းဒေသပြင်ပ ကာကွယ်ထိန်းသိမ်းခြင်း**

ဇီဝမျိုးစုံမျိုးကွဲများကို နေရင်းဒေသအပြင်ဘက်တွင် ကာကွယ်ထိန်းသိမ်းခြင်း ဖြစ်ပါ သည်။

**၉.၆.၂.၂.၂ မျိုးစိတ်အလိုက်အုပ်ချုပ်လုပ်ကိုင်ခြင်း**

မျိုးသုန်းမည့်အန္တရာယ်ရှိသည့် တောရိုင်းတိရစ္ဆာန်များ သဘာဝအပင်များနှင့် ၎င်း တို့၏ နေရင်းဒေသများကို ကာကွယ်ထိန်းသိမ်းရန် ဖြစ်ပါသည်။

#### ၉.၆.၂.၂.၃ တောရိုင်းတိရစ္ဆာန်နှင့်သဘာဝအပင်များစာရင်းကောက်ယူခြင်း

တမူးခရိုင်တွင် သဘာဝထိန်းသိမ်းရေးနယ်မြေ မရှိသဖြင့် တောရိုင်းတိရစ္ဆာန်နှင့် သဘာဝ အပင်များ စာရင်းကောက်ယူခြင်း မရှိပါ။

#### ၉.၆.၂.၂.၄ သုတေသနလုပ်ငန်း

တောရိုင်းတိရစ္ဆာန်နှင့် သဘာဝအပင်များဆိုင်ရာ ဖြစ်စဉ်ပြောင်းလဲမှုများနှင့် ပတ်သက်သည့် သုတေသနလုပ်ငန်း မရှိသေးပါ။ လွန်ခဲ့သည့် (၁၅) နှစ်တာကာလ သစ်မွှေးပင်များ ပေါက်ရောက်သည့်ဒေသတစ်ခုဖြစ်သဖြင့် ပုဂ္ဂလိက သစ်မာမျိုးစုံ စိုက်ခင်းများတွင် သစ်မွှေးပင်ငယ်များ စုဆောင်းလျက် ပြန်လည်စိုက်ပျိုး ဆောင်ရွက် သင့်ပါကြောင်း အကြံပြုအပ်ပါသည်။

### ၉.၆.၃ အဖွဲ့အစည်းလုပ်ထုံးလုပ်နည်းနှင့် ဥပဒေစည်းမျဉ်းစည်းကမ်းများဆိုင်ရာ စီစဉ်ခန့်ခွဲမှု

အဖွဲ့အစည်းလုပ်ထုံးလုပ်နည်းနှင့် ဥပဒေစည်းမျဉ်းစည်းကမ်းများဆိုင်ရာ စီစဉ်ခန့်ခွဲမှု လုပ်ငန်း များ တမူးခရိုင်တွင် မရှိပါ။

### ၉.၆.၄ ဘတ်ဂျက်နှင့်ဘဏ္ဍာရေး

တမူးခရိုင်တွင် သဘာဝထိန်းသိမ်းရေးနယ်မြေ မရှိသဖြင့် ဘတ်ဂျက်နှင့် ဘဏ္ဍာရေး သုံးစွဲမှု မရှိပါ။

## ၉.၇ သစ်တောကာကွယ်ခြင်း

### ၉.၇.၁ နယ်နိမိတ်သတ်မှတ်ပြင်ဆင်ထိန်းသိမ်းခြင်း

တမူးခရိုင်တွင် စီမံကိန်းကာလ (၁၀) နှစ် အတွင်းကြိုးဝိုင်းအတွက် နယ်နိမိတ် ပြင်ဆင်ခြင်း လုပ်ငန်းအား လက်အောက်အမှုထမ်းများ အမြဲလိုက်နာရန် အမိန့်လက်စွဲ အခန်း ၆၊ စာမျက်နှာ ၅၀ မှ ၅၇ တွင် ပြဋ္ဌာန်းသည့်အတိုင်း တာဝန်ရှိ ဝန်ထမ်းများအား နှစ်စဉ်တာ ဝန်ပေးသွားမည်ဖြစ်ပါသည်။ ယခင်ပြီးခဲ့သော ကာလက ပြုလုပ်ခဲ့သည့် ကြိုးဝိုင်းအကွက် နယ်နိမိတ်များကို သေချာစွာ မှတ်တမ်းတင်ထားပြီး ကြိုးဝိုင်းအကွက်နယ်နိမိတ်များကို ကျူးကျော်ဝင်ရောက်နိုင်သည့် နေရာအခြေ အနေနှင့် အဓိက သစ်တောလုပ်ငန်း များဖြစ်သည့် ကျွန်းသင်းသတ်ခြင်း၊ သစ်မာပင်ထောင် ရိုက်ခြင်းလုပ်ငန်း အခြေအနေတို့အပေါ် မူတည်၍ ဆောင်ရွက်သွားမည် ဖြစ်ပါသည်။

### ၉.၇.၁.၁ ကြိုးဝိုင်းနယ်နိမိတ်

(က) တမူးခရိုင်တွင် စီမံကိန်းကာလ(၁၀)နှစ်တာအတွင်း ကြိုးဝိုင်းနယ်နိမိတ်ပြင်ဆင်ခြင်းကို အတွဲ(၂)တွင် ဇယား(၉-၇-၁-၁)က ဖြင့် ဖော်ပြထားပါသည်။

(ခ) ကျေးရွာများနှင့် နီးစပ်သည့် နယ်နိမိတ်များကို တာဝန်ကျတောအုပ်၊ တောခေါင်းများအား နှစ်စဉ်စစ်ဆေး၍ ဦးစီးအရာရှိမှတဆင့် လက်ထောက်ညွှန်ကြားရေးမှူးထံ အစီရင်ခံစာ ရေးသားတင်ပြရန် ညွှန်ကြားသွားမည်ဖြစ်ပါသည်။

(ဂ) ကြော်ငြာပျဉ်ပြား (အစိုးရ) ပြုလုပ်တပ်ဆင်ခြင်းကို အတွဲ(၂)တွင် ဇယား(၉-၇-၁-၁)ခ ဖြင့်ဖော်ပြထားသည်။

### ၉.၇.၁.၂ အကွက်နယ်နိမိတ်

(က) တမူးခရိုင်တွင် အကွက်နယ်နိမိတ်ပြင်ဆင်ခြင်းကို ကျွန်းသင်းသတ်ခြင်း၊ သစ်မာ ပင်ထောင်ရိုက်မှတ်ခြင်းလုပ်ငန်း ဆောင်ရွက်သည့် အကွက်များ၌ အကွက်နယ်နိ မိတ်ပြင်ဆင်ခြင်း လုပ်ငန်းဆောင်ရွက်သွားမည် ဖြစ်ပါသည်။ တမူးခရိုင်တွင် အကွက်နယ်နိမိတ်ပြင်ဆင်ခြင်းအားတစ်နှစ်လျှင် (၂၅)မိုင်နှုန်းဖြင့် စီမံကိန်းကာလ (၁၀)နှစ်အတွင်း မိုင်ပေါင်း (၂၅၀)ကို ပြုလုပ်သွားမည်ဖြစ်ပါသည်။

(ခ) တမူးခရိုင်ရှိ အကွက်နယ်နိမိတ်များ အခြေအနေကို ကျွန်းသင်းသတ်ခြင်းလုပ်ငန်း၊ သစ်မာပင်ထောင်ရိုက်ခြင်း လုပ်ငန်းစသည့် သစ်တောလုပ်ငန်းများ လုပ်ကိုင် ဆောင်ရွက်တိုင်း သက်ဆိုင်ရာ၏ လုပ်ငန်းတာဝန်ခံမှဖြစ်စေ၊ နယ်မြေ တာဝန်ခံမှ ဖြစ်စေ၊ မှတ်တမ်းတင်ပြီး အဆင့်ဆင့် ပြန်လည်တင်ပြရန် ညွှန်ကြားချက်အတိုင်း ဆောင်ရွက်သွားမည် ဖြစ်ပါသည်။

(ဂ) တမူးခရိုင်ရှိ ကဘော်ကြိုးဝိုင်းအတွင်း ရိုးမကြိုးပြင်ကာကွယ်တောနှင့် မင်းသမီး တောင်တန်းကြိုးပြင်ကာကွယ်တောများမှာ အကွက်များမဖွဲ့စည်းရသေး၍ စီမံကိန်း ကာလအတွင်းတွင် အထူးခွင့်ပြုရန်ရန်ပုံငွေ တောင်းခံ၍ အကွက်များ၊ ဖွဲ့စည်းရန် ဆောင်ရွက်သွားမည် ဖြစ်ပါသည်။ ၎င်းနယ်မြေများအတွင်းသို့ မော်တော်ကားလမ်း ဖြတ်သန်းသွားသဖြင့် အကွက်နယ်နိမိတ်များတွင် သတိပေး၊ ပညာပေးနှင့် ကြော်ငြာဆိုင်းဘုတ်များလည်း ချက်ချင်းပြုလုပ်ရန် စီစဉ်သွားမည် ဖြစ်ပါသည်။

## ၉.၇.၂ မီးကာကွယ်ခြင်း

တမူးခရိုင်တွင် စီမံကိန်းကာလအတွင်း စိုက်ခင်းများ၌ မီးကာကွယ်ခြင်းလုပ်ငန်းများ ဆောင်ရွက်မှုနှင့် ပတ်သက်၍ ဆောင်ရွက်မည့်အစီအစဉ်ကို ခရိုင်အတွင်း စိုက်ပျိုးတည်ထောင်ပြီးဧကနှင့် ခရိုင်အတွင်း တည်ထောင်မည့် စိုက်ခင်းဧက တို့အပေါ် မူတည်၍ တွက်ချက်ပြီး ဇယား(၉-၂-၂-၁-၅-၂)ခတွင် ဖော်ပြထားပြီး ဖြစ်ပါသည်။ စိုက်ခင်းများကို မီးကာကွယ်ခြင်း လုပ်ငန်းဆောင်ရွက်ရာတွင် မီးတားလမ်း ဖောက်လုပ်ခြင်း လုပ်ငန်းများ၊ စောစီးစွာမီးရှို့ခြင်း၊ (early burning)များ လည်းဆောင်ရွက်မည် ဖြစ်ပါသည်။ အထူး အစီအစဉ် တစ်ရပ်အနေဖြင့်လည်း စိုက်ခင်းယာယီမီးစောင့်တဲများ ဆောက်လုပ်ခြင်း၊ မီးမျှော်စင်များထားရှိခြင်း စသည့်လုပ်ငန်းများ ဆောင်ရွက်နိုင်ရန် ရန်ပုံငွေများခွင့်ပြု ပေးသင့်ပါသည်။ တမူးခရိုင်တွင် တန်ဖိုးရှိ ကျွန်းပင်ငယ်လေးများသည် တစ်နေရာ တစ်အုပ်စုလျှင် နှစ်ဧကခန့်မျှ အစု လိုက်ပေါက်နေခြင်းများကို တွေ့ရှိရပါသည်။

## ၉.၇.၃ ပိုးမွှားနှင့်ရောဂါအန္တရာယ်ကာကွယ်ခြင်း

တမူးခရိုင်အတွင်းရှိ သစ်တောစိုက်ခင်းများနှင့် သဘာဝတောများတွင် ပိုးမွှားနှင့် ရောဂါ အန္တရာယ်များကျရောက်ပါက သစ်တောသုတေသနဌာနခွဲရှိ ကျွမ်းကျင်သော ပုဂ္ဂိုလ်များ ကိုတင်ပြခေါ်ယူ၍ ကွင်းဆင်းလေ့လာစေပြီး ကာကွယ်နှိမ်နင်းမှု လုပ်ငန်းများကို ဆောင်ရွက် သွားမည်ဖြစ်ပါသည်။

## ၉.၇.၄ လှည့်လည်စစ်ဆေးခြင်း

တမူးခရိုင်အတွင်းရှိ ဝန်ထမ်းများအနက် တောအုပ်ကြီး ၁ ဦး၊ တောအုပ် ၂ ဦး၊ တောခေါင်း ၄ ဦး၊ စုစုပေါင်း ၇ ဦးတို့အား ခရိုင်အတွင်း လှည့်လည်စစ်ဆေးနိုင်ရန် ကာကွယ်စစ်ဆေးရေး အဖွဲ့အနေဖြင့် ဖွဲ့စည်းပြီးကြိုးဝိုင်း၊ ကြိုးပင်ကာကွယ်တောများ အားစစ်ဆေးစေခြင်း၊ စောင့်ကြပ် ကြည့်ရှုစေခြင်းနှင့် တွေ့ရှိချက်တို့ကို အစီရင်ခံရန် ညွှန်ကြားဆောင်ရွက်သွားမည် ဖြစ်ပါ သည်။

## ၉.၇.၅ ကြိုးဝိုင်းတော၊ ကြိုးပြင်ကာကွယ်တောများ ဖွဲ့စည်းခြင်း

ကြိုးဝိုင်းတော၊ ကြိုးပြင်ကာကွယ်တော ဖွဲ့စည်းသင့်သည့် ကြိုးပြင်တောများအား ဇယား (၉-၇-၅)ဖြင့် ဖော်ပြထားပါသည်။

## တမူးခရိုင်အတွင်း တိုးချဲ့ဖွဲ့စည်းသွားမည့် ကြိုးဝိုင်း/ကြိုးပြင်ကာကွယ်တောများစာရင်း

ဇယား (၉-၇-၅)

| စဉ် | မြို့နယ် | ကြိုးဝိုင်းတော/ကြိုးပြင်ကာကွယ်တောအမည် | ဧရိယာ (ဧက) | မှတ် ချက် |
|---|---|---|---|---|
| (၁) | (၂) | (၃) | (၅) | (၆) |
| ၁။ | တမူး | အလျော်တိုးချဲ့ကြိုးပြင်ကာကွယ်တော(၁) | ၆၀၀၀ | |
| ၂။ | တမူး | အလျော်တိုးချဲ့ကြိုးပြင်ကာကွယ်တော(၂) | ၁၀၀၀၀ | |
| ၃။ | တမူး | အတွင်းရိုးမတိုးချဲ့ကြိုးပြင်ကာကွယ်တော | ၄၀၀၀ | |
| | | **စုစုပေါင်း** | **၂၀၀၀၀** | |

ဇစ်မြစ် - တမူးခရိုင်၊ သစ်တောဦးစီးဌာန

### ၉.၈ လေ့ကျင့်ရေး၊ သုတေသနနှင့် ဖွံ့ဖြိုးရေး

#### ၉.၈.၁ လေ့ကျင့်ရေး

တမူးခရိုင်အတွင်းရှိ ဝန်ထမ်းများ၏ လုပ်ရည်ကိုင်ရည် အရည်အသွေး မြင့်မားတိုးတက် ရန်အတွက် သင်တန်းများ တက်ရောက်ပြီးစီးမှု အခြေအနေများကို အတွဲ ၂၊ ဇယား (၄-၄) တွင် ဖော်ပြထားပါသည်။

စီမံကိန်းကာလအတွင်း သင်တန်းပို့ချသည့် အစီအစဉ်များကို လေ့ကျင့်ရေးနှင့် သုတေသန ဖွံ့ဖြိုးရေးဌာနခွဲမှ စီစဉ်သော ရက်တိုသင်တန်းများတွင် တမူးခရိုင်ရှိ ဝန်ထမ်းများ အားလုံး တက်ရောက်နိုင်ရေးအတွက် စီစဉ်ဆောင်ရွက်သွားမည် ဖြစ်ပါသည်။

#### ၉.၈.၂ သုတေသန

တမူးခရိုင်အတွင်း လုပ်ဆောင်ခဲ့သည့် သုတေသနလုပ်ငန်းများ၊ လုပ်ဆောင်ဆဲလုပ်ငန်းများ မရှိသေးပါ။ တမူးခရိုင်တွင်ယခင်က သစ်မွေးပေါက်ရောက်ခဲ့သည့်ဒေသတွင် တစ်ခု အပါအဝင် ဖြစ်သဖြင့် ပုဂ္ဂလိကသစ်မာမျိုးစုံ စိုက်ခင်းတွင် ပျဉ်းကတိုး၊ မျောက်ငိုပင် သစ်မျိုး အပြင်သစ်မွေးပင်များပါ စိုက်ပျိုးတည်ထောင်နိုင်ရန် စည်းရုံးဆောင်ရွက်သွားမည်ဖြစ်ပါသည်။

### ၉.၈.၃ ဖွံ့ဖြိုးရေး

တမူးခရိုင်အတွင်းရှိ ဝန်ထမ်းများအား လေ့ကျင့်ရေးနှင့် သုတေသနဖွံ့ဖြိုးရေးဌာနခွဲမှ ပို့ချသော သင်တန်းများသို့ တက်ရောက်စေခြင်းဖြင့် အောက်ပါအကျိုးများကို ရရှိစေမည် ဖြစ်ပါသည်။

(၁)ဝန်ထမ်းများ လုပ်ရည်ကိုင်ရည် အရည်အချင်း တိုးတက်မြင့်မားလာခြင်း၊ လုပ်ငန်းကျွမ်း ကျင်လာခြင်း၊ နည်းပညာဆိုင်ရာ ဖွံ့ဖြိုးတိုးတက်လာခြင်း၊

(၂)ဝန်ထမ်းများ လုပ်ရည်ကိုင်ရည် အရည်အချင်းတိုးတက် လာခြင်းကြောင့် လုပ်ငန်း များ လည်း အရည်အသွေးမြင့်မားလာပြီး စံချိန်မှီလာခြင်း၊

(၃)သတ်မှတ်သည့် အချိန်အတွင်း လုပ်ငန်းဆောင်တာများ စံချိန်မှီစွာပြီးစီးလာခြင်း၊

(၄)လုပ်ငန်းများကို ကုန်ကျစရိတ်သက်သာစွာ ဆောင်ရွက်လာနိုင်ခြင်း၊

(၅)ပြည်သူလူထု၏ လူမှုစီးပွားရေးဆိုင်ရာ ဖွံ့ဖြိုးမှုလုပ်ငန်းများကိုလည်း ထိရောက်စွာ ဆောင်ရွက် လာနိုင်ခြင်းတို့ ဖြစ်ပါသည်။

## ၉.၉ သစ်တောအခြေခံလုပ်ငန်း

သစ်တောအခြေခံလုပ်ငန်းများတွင် စက်မှုလက်မှုလုပ်ငန်းများ၊ သဘာဝအခြေခံခရီးသွား လုပ်ငန်းများ စသည်တို့ ပါဝင်ပါသည်။ ၎င်းလုပ်ငန်း အမျိုးအစားများနှင့် လုပ်ငန်း ပမာဏ အလားအလာများကို အောက်ဖော်ပြပါ ကဏ္ဍများဖြင့် စာရင်းပြုစုဖော်ပြ ထားပါ သည်။

### ၉.၉.၁ ပြည်သူပိုင်ကဏ္ဍ

တမူးခရိုင်တွင် ပြည်သူပိုင်ကဏ္ဍ မရှိပါ။

### ၉.၉.၂ သမဝါယမပိုင်ကဏ္ဍ

တမူးခရိုင်တွင် သမဝါယမပိုင်ကဏ္ဍ မရှိပါ။

### ၉.၉.၃ ဖက်စပ်ပိုင်ကဏ္ဍ

တမူးခရိုင်တွင် မြန်မာ့သစ်လုပ်ငန်းနှင့် ဖက်စပ်လျက် ဆောင်ရွက်နေသည့် ကုမ္ပဏီကြီး များမရှိပါ။

### ၉.၉.၄ ပုဂ္ဂလိကပိုင်ကဏ္ဍ

တမူးခရိုင်အတွင်းရှိ အခြေခံလုပ်ငန်းများအနေဖြင့် သစ်လုံးခွဲစက်များ ရှိပါသည်။ ၎င်းတို့ကို အောက်ပါဇယားဖြင့် ဖော်ပြပါသည်။

**တမူးခရိုင်အတွင်းရှိ သစ်တောအခြေခံလုပ်ငန်းများစာရင်း**

| စဉ် | လုပ်ငန်း အမျိုး အမည် | စက် ကိရိယာ အမျိုး အစား | မြင်း ကောင် ရေ | နှစ်စဉ် ထုတ်လုပ် နိုင်မှု ပမာဏ | တည်နေ ရာ | အရေ အ တွက် | ပိုင်ဆိုင် မှု | မှတ် ချက် |
|---|---|---|---|---|---|---|---|---|
| (၁) | (၂) | (၃) | (၄) | (၅) | (၆) | (၇) | (၈) | (၉) |
| ၁ | သစ်အခြေခံ အသုံးပြုစက် | တရုတ်နီ | ၂၅ | တန်၃၀၀၀ အောက် | တမူးမြို့ | ၁၁ | ပုဂ္ဂလိက | စက်သေး |
| ၂ | -။- | EH ၃၀၀ | ၆ | တန်၃၆ အောက် | ။ | ၄၃ | ။ | အိမ်တွင်း စက်မှု လက်မှု |

ဇစ်မြစ် - တမူးခရိုင်၊ သစ်တောဦးစီးဌာန၊ သစ်စက်မှတ်တမ်း

## ၉.၁၀ သဘာဝပတ်ဝန်းကျင်နှင့်ပတ်သက်၍ ထည့်သွင်းစဉ်းစားရမည့်အချက်များ

### ၉.၁၀.၁ သစ်တောစိုက်ခင်းများ

တမူးခရိုင်အတွင်း သစ်တောစိုက်ခင်းများ တည်ထောင်ခြင်းကြောင့် ရေ၊ မြေ၊ သဘာဝ ဝန်းကျင်အပေါ် ဖြစ်ပေါ်လာနိုင်သည့် ကောင်းကျိုးများမှာ အောက်ပါအတိုင်း ဖြစ်ပါသည်။

(က) သုံးနှစ်မှ ငါးနှစ်အတွင်း စိမ်းလန်းစိုပြည်လာခြင်း၊

(ခ) ရာသီဥတုများ တိုးတက်ကောင်းမွန်လာခြင်း၊

(ဂ) နေအပူဒဏ်ခံစားမှုမှသက်သာလာခြင်း၊

(ဃ) မိုးရွာသွန်းမှုများပြားစေခြင်း၊

(င) စိုက်ပျိုးသည့် သစ်ပင်များမှ ရွာချသော မိုးရေများကို ကောင်းမွန်ထိန်းသိမ်းမှုကြောင့်အပေါ်ယံမြေဆီလွှာများ တိုက်စားဆုံးရှုံးခြင်းမှ ကာကွယ်နိုင်ခြင်း၊

(စ) တောအမျိုးအစား ပြောင်းလဲတိုးတက်လာခြင်း၊

(ဆ) စိုက်ခင်းအနီးရှိ မြို့ပြကျေးရွာများ ရေကြီးခြင်း၊ ရေလျှံခြင်းများ လျော့နည်းလာခြင်းတို့ဖြစ်ကြပါသည်။

သစ်တောစိုက်ခင်းများ တည်ထောင်ခြင်းကြောင့် ရေ၊ မြေ၊ သဘာဝဝန်းကျင် အပေါ် ဖြစ်ပေါ်လာနိုင်သည့် ဆိုးကျိုးများမှာ အောက်ပါအတိုင်းဖြစ်ပါသည်။

(က) စိုက်ပျိုးထားသောသစ်ပင်များကောင်းစွာကြီးထွားမှုမရမီတစ်နှစ်၊ နှစ်နှစ်အ တွင်း ၌ စိုက်ခင်းအနီးပတ်ဝန်းကျင် ခြောက်သွေ့ပူပြင်းခြင်း၊

(ခ) သစ်ပင်စိုက်ပြီး တစ်နှစ်၊ နှစ်နှစ်အတွင်း မိုးရေကြောင့် အပေါ်ယံမြေဆီလွှာများ တိုက်စားခံရခြင်း၊

(ဂ) စိုက်ခင်းတည်ထောင်သောနေရာသည်တောင်ကမ်းပါးမတ်စောက်လျက် မြေပြိုစား ခြင်း ဒဏ်ခံရခြင်းတို့ ဖြစ်ပါသည်။

## ၉.၁၀.၂ သစ်ထုတ်ခြင်း

လက်ရှိသစ်ထုတ်ရေးစနစ်သည် တန်ဖိုးရှိမျိုး ကောင်းသစ်များကိုသာ ရွေးချယ် ထုတ်လုပ်နေသဖြင့် သစ်တောမျိုးကောင်းများ လျော့နည်းလာပြီး တောညံ့များအဖြစ်သို့ ပြောင်းလဲ သည်ကို တွေ့ရသဖြင့် လူသုံးနည်းသစ်များကိုပါ ထုတ်လုပ်အသုံးချနိုင်သော စနစ်သို့ ကူးပြောင်းသင့်ပါသည်။ ထိုသို့သစ်ထုတ်ရေးစနစ်ကောင်းခြင်းဖြင့် သစ်တော များ စိုက်ပျိုးပြုစု ပျိုးထောင် ရာတွင်လည်း ထိရောက်နိုင်မည် ဖြစ်ပါသည်။

## ၉.၁၀.၃ အပန်းဖြေခြင်းနှင့်သဘာဝအခြေခံခရီးသွားလုပ်ငန်း

အပန်းဖြေခြင်းနှင့် သဘာဝအခြေခံ ခရီးသွားလုပ်ငန်း လုပ်ဆောင်လာခြင်းဖြင့် နိုင်ငံခြားသားများ ပိုမိုနှစ်သက်သဘောကျသဖြင့် နိုင်ငံခြားဝင်ငွေများကို တိုးတက် ရရှိလာနိုင်ရေး သဘာဝဝန်းကျင်ကို မပျက်စီးစေသောကြောင့် သစ်တောများ မပျက်စီးခြင်း၊ အခြားနိုင်ငံများမှ မြန်မာနိုင်ငံသည် သာယာလှပရှုချင်စဖွယ်ရှိသည့် သဘာဝနယ်မြေများ ရှိကြောင်း အသိအမှတ်ပြုလာခြင်း၊ ကျေးရွာပြည်သူများ၏ သန့်ရှင်းသပ်ရပ်စွာ စည်းကမ်းတကျနေ ထိုင်တတ်သောအလေ့အကျင့်၊ အပြုအမူ အတုခိုးတတ်စေခြင်း စသော ကောင်းကျိုးများ ရရှိနိုင်ပါသည်။

သို့ရာတွင် အပန်းဖြေခြင်းနှင့် သဘာဝအခြေခံခရီးသွားလုပ်ငန်းကြောင့် ဝင်ရောက် လာသည့် နိုင်ငံခြားသားများသည် ဝိသမလောဘ စီးပွားရေးသမားများဖြစ်လျှင် မိမိနိုင်ငံရှိ အကျင့်ပျက် ပြားသူများနှင့် ပူးပေါင်းပြီး နိုင်ငံအဖိုးတန် သယံဇာတ ပစ္စည်းများ တရားမဝင် ခိုးထုတ်ယူခြင်းများ ဖြစ်ပေါ်လာနိုင်ပါသည်။ တမူးခရိုင်တွင် ၎င်းလုပ်ငန်းလုပ်ဆောင်ရန် သင့်တော်သည့် နေရာမရှိကြောင်း တွေ့ရှိရပါသည်။

### ၉.၁၀.၄ တောရိုင်းတိရစ္ဆာန်နှင့်သဘာဝအပင်များ

တောရိုင်းတိရစ္ဆာန်နှင့် သဘာဝအပင်များ ထိန်းသိမ်းခြင်းကြောင့် မိမိနိုင်ငံတွင် ရှားပါး သစ်ပင်များ၊ တောရိုင်းတိရစ္ဆာန်များ တိုးတက်များပြား လာခြင်းများ၊ တောတောင် ရေမြေစိမ်း လန်းစိုပြည်လာခြင်းများ၊ မိုးရွာသွန်းမှုကောင်းမွန်၍ ရေများ ထိန်းသိမ်း လာနိုင်ခြင်း၊ မြေဆီ လွှာများ တိုးတက်ကောင်းမွန်လာခြင်း၊ နိုင်ငံခြားသားများ နှစ်သက် သဘောကျပြီး အများအပြား လာရောက် လေ့လာခြင်းကြောင့် သဘာဝအခြေခံခရီးသွား လုပ်ငန်းများတိုး တက်လာခြင်းစသော အကျိုးတရားများ ရရှိနိုင်ပါသည်။

### ၉.၁၀.၅ သဘာဝပတ်ဝန်းကျင်အပေါ် အကျိုးသက်ရောက်မှုကို အကဲဖြတ်ခြင်း

သစ်တောများကို အုပ်ချုပ်လုပ်ကိုင်ရာတွင် သစ်တောများမှ ထာဝစဉ်ညီညွတ် တောထွက် ရရှိရေးဟူသော အချက်ကိုအခြေခံသည့် ရည်မှန်းချက်တစ်ရပ်အဖြစ် လက်ကိုင်ထားရှိပြီး ၎င်းရည်မှန်းချက်က အပြည့်အဝ အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရန် သစ်တောများ ဂေဟဗေဒဆိုင်ရာဖြစ်စဉ်များနှင့် သဟဇာတဖြစ်ပြီး လူမှုအဖွဲ့အစည်းများအပေါ် သစ်တော များမှ သဘာဝပတ်ဝန်းကျင်ကာကွယ်ခြင်း၊ ဓလေ့ထုံးတမ်း အစဉ်အလာအရ မြေအသုံးချ ပိုင်ခွင့်နှင့်ထုတ်ယူသုံးစွဲခြင်း၊ အနားယူ အပန်းဖြေခြင်း စသည်တို့ကို အကာအကွယ် ပေးသည့်သစ်တော အုပ်ချုပ်လုပ်ကိုင်မှု နည်းစနစ် တစ်ခုခုဖြင့် အုပ်ချုပ်လုပ်ကိုင်သွားရန် ဖြစ်သည်။ ယေဘုယျအားဖြင့် သဘာဝနှင့် လူမှုစီးပွားရေးဆိုင်ရာ ပတ်ဝန်းကျင်တို့အပေါ် အုပ်ချုပ်လုပ်ကိုင်မှု လုပ်ငန်း များ၏ အကျိုးသက်ရောက်မှုအပေါ် အကဲဖြတ်ပြီး အပြုသဘော မဆောင်သည့် အကျိုးသက်ရောက်မှုများ (Negative Impacts) လျော့နည်းစေမည့် လုပ်ဆောင် ချက်များ ကိုပြဋ္ဌာန်းသတ်မှတ်ပေးမည် ဖြစ်ပါသည်။

## ၉.၁၁ အခြေခံအဆောက်အဦး

### ၉.၁၁.၁ အဆောက်အအုံနှင့်လမ်းတံတားများ

တမူးခရိုင်အတွင်း ဝန်ထမ်းအိမ်များ၊ ရုံးများ၊ အခြေစိုက် စခန်းများကို ကျန်စီမံကိန်း ကာလ (၁၀)နှစ်အတွင်း တည်ထောင်မည့် အစီအစဉ်နှင့် ပြုပြင် ထိန်းသိမ်းမည့် အစီအစဉ်ကို အတွဲ(၂)တွင် ဇယား( ၉-၁၁-၁)ဖြင့်ဖော်ပြပါသည်။

### ၉.၁၁.၂ ဆက်သွယ်ရေး

တမူးခရိုင်တွင် စီမံကိန်းကာလအတွင်း ဆက်သွယ်ရေးလုပ်ငန်းများ တပ်ဆင်ဆောင်ရွက်မည့် အစီအစဉ်မရှိပါ။

ဇယား(၉-၁၁-၂)

| စဉ် | မြို့နယ် | တပ်ဆင်မည့်ခုနှစ် | အသုံးပြုမည့်ဆက်သွယ်ရေးစနစ်များ | | | ADSL | မှတ် ချက် |
|---|---|---|---|---|---|---|---|
| | | | တယ်လီဖုန်း | ကြိုးမဲ့ကြေးနန်း | ဖက်(စ်) | | |
| (၁) | (၂) | (၃) | (၄) | (၅) | (၆) | (၇) | (၈) |
| ၁။ | တမူး | ၂၀၁၀-၁၁ | - | - | - | - | - |
| ၂။ | ။ | ၂၀၁၅-၁၆ | - | - | - | - | - |

ဇစ်မြစ်- ခရိုင်သစ်တောဦးစီးဌာန၊ တမူးမြို့

### ၉.၁၁.၃ စက်နှင့် စက်ကိရိယာများ

တမူးခရိုင်တွင် စီမံကိန်းကာလအတွင်း ယာဉ်ယန္တရားများ၊ စက်ကိရိယာပစ္စည်းများ လိုအပ်ချက်ကို အောက်ဖော်ပြပါ ဇယား (၉-၁၁-၃)တွင် ဖော်ပြပါသည်။

ဇယား (၉-၁၁-၃)

| စဉ် | မြို့နယ် | စက်/ယာဉ်ယန္တရားအမျိုးအစား | အရေအတွက် | လိုအပ်သည့်ခုနှစ် | အသုံးပြုမည့်လုပ်ငန်း | မှတ်ချက် |
|---|---|---|---|---|---|---|
| (၁) | (၂) | (၃) | (၄) | (၅) | (၆) | (၇) |
| ၁။ | တမူး | မီးစက် | ၁ | ၂၀၁၆-၁၇ | ရုံးသုံး | |
| ၂။ | ။ | ရေစုပ်စက် | ၂ | ၂၀၁၆-၁၇ | ရုံးနှင့် ပျိုးဥယျာဉ် | |

၎င်းအပြင် တမူးခရိုင်အတွင်း စက်နှင့်စက်ကိရိယာများ အထူးလိုအပ်ချက်များရှိလာလျှင် အခါအားလျော်စွာ တင်ပြသွားမည်ဖြစ်ပါသည်။

## ၉.၁၂ ဂန်ထမ်းအင်အားနှင့် ဘတ်ဂျက်

### ၉.၁၂.၁ ဂန်ထမ်းအင်အား

တမူးခရိုင်အတွင်း စီမံကိန်းကာလအတွင်း သစ်တောလုပ်ငန်းအလိုက် ဂန်ထမ်းအင်အားနှင့် လုပ်သားလိုအပ်ချက်များကို အတွဲ(၂)တွင် ဇယား(၉-၁၂-၁) ဖြင့် ဖော်ပြပါသည်။

လုပ်သားအင်အားမှာ ပုံမှန်အနေဖြင့် အမြဲတမ်းလိုအပ်မည့် အရေအတွက်ကို ဖော်ပြထားခြင်းဖြစ်ပါသည်။ လုပ်ငန်းအခြေအနေအရ အရေးကြီးပါက ၎င်းထက် ပိုမို၍ လုပ်သားများ လိုအပ်လာမည်ဖြစ်ပါသည်။ အုပ်မိုးကာဆိုင်း ခုတ်လှဲခြင်း၊ နွယ်ဖြတ်ညောင်ပတ်လှဲခြင်း သည်ကျွန်းသင်းသတ်ခြင်း၊ ကျွန်းစိုရိုက်မှတ်ခြင်းတို့နှင့် အတူပူးတွဲဆောင်ရွက် ရမည်ဖြစ် ၍ကျွန်းသင်းသတ်ခြင်းလုပ်ငန်းပါ လုပ်သား အင်အားအတိုင်း ဖော်ပြထားခြင်းဖြစ်ပါသည်။ ထို့အတူပေါင်းသင်ရှင်းလင်းခြင်း လုပ်ငန်း နှင့် မီးကာကွယ်ခြင်း လုပ်ငန်းများသည်လည်း ပဂတ္တိ မျိုးဆက်ခြင်း လုပ်ငန်းတွင် ပါဂင်ဆောင်ရွက် ရမည့်လုပ်ငန်းဖြစ်၍ ပဂတ္တိမျိုးဆက်ခြင်း လုပ်ငန်းအဆင့်ဆင့် နှင့် အလုပ်သမား အင်အားအတိုင်း ဖော်ပြခြင်းဖြစ်ပါသည်။ အထက်ပါ ဂန်ထမ်းလိုအပ်ချက်၊ လုပ်သားအင်အား လိုအပ်ချက်များသည် စီမံကိန်းကာလ နှစ်စဉ်လိုအပ်ချက် ဖြစ်ပါသည်။

### ၉.၁၂.၂ ဘတ်ဂျက်

တမူးခရိုင်အတွင်း စီမံကိန်းကာလ၌ သစ်တောလုပ်ငန်း အမျိုးအစားအလိုက် ဘတ်ဂျက် လိုအပ်မှုကို အတွဲ(၂)တွင် ဇယား(၉-၁၂-၂)က နှင့် ဇယား(၉-၁၂-၂)ခ တို့ဖြင့် ဖော်ပြထား ပါသည်။

### ၉.၁၂.၃ ကုန်ကျစရိတ်နှင့် အကျိုးအမြတ်ဆန်းစစ်ခြင်း

ကျွန်းသင်းသတ်ခြင်းလုပ်ငန်း အတွက်ကုန်ကျစရိတ်သည် ကျွန်းသင်းသတ်ပြီး ထုတ်လုပ် ရရှိသော ဂင်ငွေနှင့်နှိုင်းစာလျှင် မပြောပလောက်ပါ။ ကျွန်းပင်တစ်ပင်မှ ပျမ်းမျှ ခြင်းခန့်မှန်း ကုဗတန် ၂ တန်ခန့်ရရှိသဖြင့် ၎င်းမှရရှိသော ဝင်ငွေသည် စီမံကိန်းကာလ အတွင်း ကျွန်း သင်းသတ်ခြင်း လုပ်ငန်းဆောင်ရွက်မှု ကုန်ကျစရိတ်ထက်များနေကြောင်း တွေ့ရှိရပါသည်။ ကျွန်းသင်းသတ်ခြင်းသည်လည်း မြန်မာ့ရွေးချယ် ခုတ်လှဲ နည်းစနစ်အရ တောမှရရှိသော အတိုးကိုသာ ထုတ်ယူသုံးစွဲသဖြင့် တောကိုလည်း ထိခိုက်ခြင်း မရှိနိုင်ပေ။ ထို့အတူသစ်မာ ပင်ထောင်ရိုက်ခြင်း လုပ်ငန်းများလည်း မြန်မာ့ရွေးချယ်ခုတ်လှဲ နည်းစနစ် အရအတိုးကို ထုတ်ယူသုံးစွဲခြင်းသာ

ဖြစ်သဖြင့်တော မထိခိုက်စေဘဲ ကုန်ကျစရိတ် အနည်းငယ်မျှနှင့် အကျိုးအမြတ်များ စွာခံစားရရှိပါသည်။

သစ်တောစိုက်ခင်းတည်ထောင်မှု ကုန်ကျစရိတ်သည် စီးပွားရေးစိုက်ခင်း (ပျဉ်းကတိုး) တစ်ဧကလျှင် ကျပ် ၁၆၆၆၅၀/- ရှိပြီး ၎င်းစိုက်ခင်းထုတ်လုပ်သုံးစွဲရန် အရွယ်ရောက်၍ ထုတ်လုပ်သုံးစွဲရာ အပြီးသတ် တောထွက်အနေဖြင့် စိုက်ခင်း တစ်ဧကမှ ပျဉ်းကတိုး ကုဗတန် ၈၀ ခန့်ရရှိမည် ဖြစ်ပါသည်။ ၎င်းကုဗတန် ၈၀ ကိုရောင်းချ၍ ရရှိသော ငွေသည်စိုက်ခင်း တည်ထောင်စဉ်က ကုန်ကျစရိတ်နှင့် နှိုင်းစာကြည့်လျှင် များစွာအကျိုးအမြတ် ရရှိသည်ကို တွေ့ရမည်ဖြစ်ပါသည်။

သို့ဖြစ်ပါ၍ ကျန်လုပ်ငန်းများသည်လည်း လောလောလတ်လတ်အားဖြင့် အကျိုးအမြတ် မရှိဟုထင်ရသော်လည်း နောင်ရေရှည်၌ များစွာအကျိုးရှိနိုင်သည်မှာ ဧကန်မလွဲ ဖြစ်ပါသည်။ လုပ်ငန်းတစ်ခုချင်းအတွက် ကုန်ကျစရိတ်များသည် ရရှိမည့် အကျိုးအမြတ်နှင့် နှိုင်းယှဉ်လျှင် မပြောပလောက်ကြောင်းတွေ့ရှိရမည် ဖြစ်ပါသည်။

## ၉.၁၃ကြီးကြပ်စစ်ဆေးခြင်းနှင့်အကဲဖြတ်ခြင်း

ကြီးကြပ်စစ်ဆေးခြင်းသည် လုပ်ငန်းအကောင်အထည်ဖော် ဆောင်ရွက်နေစဉ်ကာလ အတွင်း ဆောင်ရွက်ရသည့် လုပ်ငန်းဖြစ်ပြီး အကဲဖြတ်ခြင်းမှာ စီမံကိန်းအစီအစဉ် တစ်ခုကို အကောင်အထည်ဖော် ဆောင်ရွက်သဖြင့် ထွက်ပေါ်လာသည့်ရလာဒ်များကို တန်ဖိုးဖြတ်သည့် လုပ်ဆောင်မှုတစ်ခုဖြစ်ပါသည်။

### ၉.၁၃.၁ ရည်ရွယ်ချက်များ

ကြီးကြပ်စစ်ဆေးခြင်းဆိုင်ရာရည်ရွယ်ချက်များ

၁။ တိုးတက်မှုနှင့် ရလာဒ်များကို ခန့်မှန်းအကဲဖြတ်ရန်၊

၂။ အခက်အခဲများ ကြုံတွေ့ဖွယ်ရှိသည့်နယ်မြေ ( Potential Problem area ) များကိုမီးမောင်းထိုးပြရန်၊

၃။ ကုန်ကျစရိတ်သက်သာသည့် လုပ်ကိုင်နည်းစနစ်များတိုးတက်ဖြစ်ပေါ်လာစေရန်၊

၄။ ပိုမိုထိရောက်မှုရှိပြီး စနစ်ကျသည့် လုပ်နည်းကိုင်နည်းများကို ကျင့်သုံးရာတွင် စီမံကိန်းအကောင်အထည်ဖော်သူမန်နေဂျာများကိုပံ့ပိုးကူညီရန်တို့ ဖြစ်ပါသည်။

**အကဲဖြတ်ခြင်းဆိုင်ရာရည်ရွယ်ချက်များ**

၁။ စီမံကိန်း/လုပ်ငန်း အစီအစဉ်တစ်ခုကို အကောင်အထည်ဖော် ဆောင်ရွက်ရာမှ ရရှိလာ သည့် ကျိုးကြောင်းဆီလျော်မှု/အခြေခိုင်ခြင်း (Validity)၊ ထိရောက်မှု (Effecti-veness) နှင့် လျော်ကန်သင့်မြတ်မှု (Worthiness) စသည့်

အချက်များ အပေါ် အခြေခံသော လက်တွေ့သင်ခန်းစာများကို နောင်လုပ်ကိုင်မည့် လုပ်ငန်းများအတွက် ထုတ်ဖော် အသုံးချသွားနိုင်ရန်၊

၂။ လုပ်ဆောင်မှုများနှင့် ဆက်နွယ်နေသည့် အကြောင်းအရာများ၊ အကျိုးသက်ရောက်မှုများနှင့် လုပ်ဆောင်မှုများကြောင့် ဖြစ်ပေါ်လာသည့် ထိခိုက်မှုများကို ဓမ္မဓိဋ္ဌာန်ကျကျ စိစစ်ရန်တို့ ဖြစ်ပါသည်။

## ၉.၁၃.၂ ကြီးကြပ်စစ်ဆေးခြင်းနှင့် အကဲဖြတ်ခြင်း စနစ်/နည်းလမ်း

သစ်တောအုပ်ချုပ် လုပ်ကိုင်မှုစီမံကိန်း ရေးဆွဲအကောင်အထည် ဖော်ရာတွင် လုပ်ငန်းတိုးတက်မှုကို ကြီးကြပ်သည့်စနစ် (Monitoring System)သည် အောက်ပါ အချက်အလက် များကို သုံးသပ်သွားမည်ဖြစ်ပါသည်။

၁။ ရေးဆွဲချမှတ်ထားသည့် စီမံကိန်းပါအချက်အလက်များကို အကောင်အထည်ဖော်ဆောင်ရွက်ရာတွင်ရရှိသည့် အောင်မြင်မှုများနှင့်တွေ့ကြုံရသည့် အခက်အခဲ အတား အဆီးများ၊

၂။ တာဝန်ယူဆောင်ရွက်မှုများ၏ အရည်အသွေး၊

၃။ ကုန်ကျမှုနှင့် အကျိုးရှိမှု၊

၄။ ဝင်ငွေနှင့် သုံးငွေ၊

ထို့အတူ အကဲဖြတ်သည့်စနစ် ( Evaluation System ) သည်လည်း စီမံကိန်း ကာလတစ်လျှောက်လုံးတွင် အကဲဖြတ်ခြင်း ၄ မျိုးကို ဆောင်ရွက်မည်ဖြစ်ပါသည်။

၁။ စဉ်ဆက်မပြတ်အကဲဖြတ်ခြင်း

၂။ စီမံကိန်းအလယ်အကဲဖြတ်ခြင်း

၃။ စီမံကိန်းအဆုံးအကဲဖြတ်ခြင်း

၄။ လုပ်ငန်းပြီးဆုံးပြီးနောက်အကဲဖြတ်ခြင်း

## ၉.၁၃.၃ စီမံကိန်းအလယ်/စီမံကိန်းအဆုံးတွင် အကဲဖြတ်ခြင်း

စီမံကိန်း အလယ်(၅)နှစ်တွင် တစ်ကြိမ်အကဲဖြတ်ခြင်းဖြင့် ချမှတ်ထားသော မူဝါဒများကို ပြန်လည်သုံးသပ်နိုင်ပြီးဖွံ့ဖြိုးမှု လမ်းကြောင်းကိုလည်း လိုအပ်ပါက ပြန်လည်တည့်မတ် ပေးနိုင်မည်ပါသည်။ အကဲဖြတ်ခြင်းကြောင့် ချမှတ်ထားသော ရည်မှန်းချက်များကို ပြန်လည်ပြင်ဆင်နိုင်ပြီး စီမံကိန်းဆိုင်ရာ လုပ်ဆောင်ချက်များကိုလည်း ပိုမိုတိုးတက် ကောင်းမွန်စေနိုင်ပါသည်။ စီမံကိန်းအဆုံးတွင် အကဲဖြတ်ခြင်းဖြင့် စီမံကိန်းအတွက် ချမှတ် ထားသော ရည်ရွယ်ချက်များကိုပြီးမြောက်အောင်ဆောင်ရွက်နိုင်ခြင်း ရှိ/မရှိ၊ စီမံကိန်း ကိုရေးဆွဲ အကောင်အထည်ဖော် ဆောင်ရွက်

ခြင်းကြောင့် ဒေသခံပြည်သူတို့၏ လူမှုစီးပွားရေး နှင့် သဘာဝပတ်ဝန်းကျင်အပေါ် အကျိုးသက်ရောက်မှုများ (ကောင်းကျိုး/ ဆိုးကျိုး) ကို ပြန်လည်သုံးသပ်ရန် ဖြစ်ပါသည်။

**၉.၁၄ အထွေထွေ**

တမူးခရိုင် အနေဖြင့်လာမည့် (၁၀)နှစ်စီမံကိန်းအတွင်း သစ်တောများကို ထုတ်လုပ်ရေး အလုပ်တိုက်နယ်၊ စိုက်ခင်းများအလုပ်တိုက်နယ်၊ ဒေသထောက်ပံ့ရေးနှင့် ဒေသခံ ပြည်သူ အစုအဖွဲ့ပိုင် သစ်တောများ အလုပ်တိုက်နယ်၊ ရေဝေရေလဲ အလုပ်တိုက်နယ်၊ သစ်မဟုတ်သည့် သစ်တောထွက်ပစ္စည်းအလုပ်တိုက်နယ် ဟူ၍ အလုပ် တိုက်နယ် ၅ ခု ခွဲခြား အုပ်ချုပ်လုပ်ကိုင်သွားမည် ဖြစ်ပြီးထာဝစဉ်သို့ တောထွက်များ စဉ်ဆက် မပြတ် ရရှိနိုင်ရန်အတွက် သစ်တောသယံဇာတစာရင်းများ ကောက်ယူ၍ ရရှိသော ကိန်းဂဏန်း အပေါ် အခြေခံကာ တောထွက်များ တွက်ချက်ပြီးထုတ်ယူသုံးစွဲ သွားမည်ဖြစ်ပါကြောင်း တင်ပြ အပ်ပါသည်။

## ၁၀။ မြေပုံနှင့်နောက်ဆက်တွဲများ

တမူးခရိုင်သစ်တောအုပ်ချုပ်လုပ်ကိုင်မှုစီမံကိန်းတွင် အောက်ပါမြေပုံများ ပါဝင်ပါသည်။

၁။ သစ်တောအုပ်ချုပ်မှုပြမြေပုံ၊

၂။ ကြိုးဝိုင်း၊ ကြိုးပြင်ကာကွယ်တောနှင့် သဘာဝထိန်းသိမ်းရေးနယ်မြေများပြမြေပုံ၊

၃။ အလုပ်တိုက်နယ်၊ ခုတ်စဉ်၊ ခုတ်ကွက်စဉ်နှင့်လုပ်ကွက်စဉ် နယ်နိမိတ်ပြမြေပုံ၊

၄။ မြေယာအသုံးချမှု၊ဇုံနယ်နိမိတ် နယ်မြေခွဲခြားမှုပြမြေပုံ၊

၅။ သစ်တောဖုံးလွှမ်းမှုနှင့် မြေအသုံးချမှုအခြေအနေပြမြေပုံ၊

၆။ သစ်တောဦးစီးဌာနမှတည်ထောင်ပြီးစိုက်ခင်းများ တည်နေရာပြမြေပုံ၊

၇။ သစ်တောဘိနယ်အုပ်ချုပ်မှုပြမြေပုံ၊

၈။ ပုဂ္ဂလိကစိုက်ခင်းများ တည်နေရာပြမြေပုံ၊

# စစ်ကိုင်းတိုင်းဒေသကြီး၊ တမူးခရိုင်
# မြေယာအသုံးချဇုန်နယ်မြေခွဲဝေခြင်းပြမြေပုံ




HHA

# စစ်ကိုင်းတိုင်းဒေသကြီး၊ တမူးခရိုင် ကြို့ဝိုင်း၊ ကြို့ပြင်ကာကွယ်တောနှင့် သဘာဝထိန်းသိမ်းရေးနယ်မြေ နယ်နိမိတ်များပြမြေပုံ



# စစ်ကိုင်းတိုင်းဒေသကြီး၊ တမူးခရိုင်

# ပုဂ္ဂလိကပိုင်စိုက်ခင်းများ တည်နေရာပြမြေပုံ




HHA

# စစ်ကိုင်းတိုင်းဒေသကြီး၊ တမူးခရိုင် သစ်တောဖုံးလွှမ်းမှုအခြေအနေပြမြေပုံ




Source - FRA (2015)

HHA

# စစ်ကိုင်းတိုင်းဒေသကြီး၊ တမူးခရိုင်

# သစ်တောဦးစီးဌာန၊ ဌာနပိုင်စိုက်ခင်းများတည်နေရာပြမြေပုံ




HHA

# စစ်ကိုင်းတိုင်းဒေသကြီး၊ တမူးခရိုင် သစ်တောဘိနယ်အုပ်ချုပ်မှုပြမြေပုံ




ဇစ်မြစ် 83 L / 4,6,7,8,10,11,12
84 I /1,2,5,9

HHA

# စစ်ကိုင်းတိုင်းဒေသကြီး၊ တမူးခရိုင် အုပ်ချုပ်မှုပြမြေပုံ




HHA

# စစ်ကိုင်းတိုင်းဒေသကြီး၊ တမူးခရိုင်
# အလုပ်တိုက်နယ်နှင့် ခုတ်စဉ်နယ်နိမိတ်များပြမြေပုံ




HHA

# စစ်ကိုင်းတိုင်းဒေသကြီး၊ တမူးမြို့နယ်သစ်တောဘိနယ်အုပ်ချုပ်မှုပြမြေပုံ

မြောက်

စကေး၁ လက်မ = ၇ မိုင်




## ရည်ညွှန်းချက်

- အပြည်ပြည်ဆိုင်ရာနယ်နိမိတ်
- ပြည်နယ်/တိုင်းဒေသကြီးနယ်နိမိတ်
- ခရိုင်နယ်နိမိတ်
- မြို့နယ် နယ်နိမိတ်
- ဘိနယ် နယ်နိမိတ်
- ကြိုးဝိုင်း/ ကြိုးပြင်ကာကွယ်တောနယ်နိမိတ်
- ကားလမ်း
- ရေ
- မြို့

ဇစ်မြစ် 83 L / 4,6,7,8,10,11,12

84 I /1,2,5,9

HHA